www.burmeseclassic.com

ရွှေပဒေသာစာပေ



မမသဉ္ဇါမောင်

# ကိုကိုနဲ့ပဲ နေမယ်စိတ်ကူးတယ်

(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မမသဒ္ဒါမောင်

# ‘ကိုကိုနဲ့ပဲနေမယ် စိတ်ကူးတယ်’



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

'ငြိမ်းချမ်းပြည့်စုံ' ဟု ဆိုင်းဘုတ်လေးချိတ်ထားသည့် ခြံဝင်းရှေ့၌ Taxi တစ်စီး ထိုးရပ်သွားလေ၏။ ကားပေါ်မှ (၁၈)နှစ်အရွယ်ကောင်မလေးတစ်ယောက် ဆင်းလာသည်။ T-shirt အဖြူရောင်ကို Three - Quater Pants ဖြင့်တွဲဝတ်ထားပြီး ပခုံးထက်မှာ ကျောပိုးအိတ်အလတ်စားလေးကိုလွယ်ထား၏။ ကားခရှင်းပေးပြီးသည်နှင့် Taxi က လမ်းကြားလေးအတွင်းမှထွက်သွားလေသည်။

ခြံဝရှိရာဆီ လှမ်းလာခဲ့၏။ ငါးပေခန့်သာရှိသည့် အကွက်ကြဲကြဲသံဇကာတံခါးကို အပေါ်မှသံကွင်းဖြုတ်ကာ ခြံဝင်းလေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခဲ့သည်။ လူရိပ်လူယောင်လည်း မမြင်ရ။ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှလည်း မရှိချေ။ သစ်သားအိမ်မည်းမည်းတစ်ထပ်ကိုလှမ်းမော့ကြည့်ရင်းက လှေကားထစ်သုံးထစ်ကို ခပ်ဖြည်းဖြည်းတက်ကာ ဝရန်တာလေးထုတ်ထားသည့်ဖိနပ်ချွတ်မှာရပ်၍ တံခါးကိုခေါက်လိုက်၏။

"ဒေါက်!. . . ဒေါက်!"

အိမ်ထဲမှာ တုပ်တုပ်မျှအသံမကြားရသဖြင့် စိတ်က သိပ်မရှည်ချင်တော့။ မနက် (၈)နာရီကျော်နေတာတောင် အိပ်ရာမနိုးသေးတာလား။ တံခါးကို လက်ဝါးအစုံဖြင့်သာ တဗုန်းဗုန်းထုလိုက်မိတော့သည်။

"လာပြီဟေ့. . . လာပြီဟ။ မနက်စောစောစီးစီး ဘယ်ကအနှောင့်အယှက်က ရောက်လာလဲမသိပါဘူး။ အိပ်ကောင်းခြင်းလည်းမအိပ်ရ. . . ဟင်း"

ဂလန့်ဖြုတ်သံနှင့်အတူ အခန်းဝမှာ နှုတ်ခမ်းမွေးကားကားနှင့်လူတစ်ယောက် ပေါ်လာလေ၏။ စွပ်ကျယ်လက်ပြတ်နှင့် လက်ထဲမှာ ပုဆိုးစကိုကိုင်ကာ ပဝါမနိုင်ပုဆိုးမနိုင်၊ ဆံပင်က ဘုတ်သိုက်၊ ပုံစံက ညှဉ်းသိုးသိုး၊ သူမကိုပြူးပြကြည့်နေသဖြင့် မျက်စောင်းတစ်





ချက် ပိတ်ထိုးလိုက်မိသည်။

"ကိုကိုရော"

"ဟမ်. . . ဘယ်ကကိုကိုလဲ"

"ကိုကိုဆို ကိုကို့ကိုပြောနေတာပေါ့။ ဒါလေးတောင်မသိဘူးလား။ အသက်ကဖြင့် ဖင်ဆောင့်နေပြီ။ ရေး,ကိုကိုတောင်မသိရင် ဒီအိမ်မှာမနေနဲ့. . . ဒါပဲ"

"ဟိုက်! "

ချမ်းသာ မျက်လုံးအစုံပြူးကျယ်သွားရ၏။ အားပါးပါး, စိတ်ဆိုးပြီး နှုတ်ခမ်းစူ ခြေဆောင့်လိုက်တာတောင် အလှက ပျက်မသွားပါလားနော်။ နားဆွဲလေးတွေမှ လက်ခနဲဖြစ်သွားသည့်စိန်သေးသေးလေးတွေ၊ ဆွဲကြိုးမှ စိန်လော့ကတ်၊ Hand Chain နှင့် လက်ချောင်းလေးတွေမှာ မောင်းကွင်းလက်စွပ်လေးတွေ ဝတ်ထားတာက ဟိုဘက်ဒီဘက် ဆယ်ကွင်းတောင်မက။ Foot Chain လေးတွေထဲမှ ခြူသံလေးတွေ ထပ်ထွက်လာပြန်၏။ ကောင်မလေး ခြေထပ်ဆောင့်လိုက်သည်ကိုး. . .။

"ဟာ. . . မေးနေတယ်လေ, ကိုကိုရောလို့။ ရှင်ကြီး နားလေးနေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ. . . ဘယ်က ကိုကိုလဲဟ။ နာမည်ပြောမှ ငါသိမှာပေါ့။ ဒီအိမ်မှာ ကိုကိုတွေချည်း သုံးယောက်ရှိတာ"

"သုံးယောက်"

"အေး"

"ရေးကိုကိုက. . . ငြိမ်းချမ်းပြည့်စုံလေ"

"သြော်. . . ပြည့်စုံညီမလေးလား။ လာ. . . ဝင်လေ"

"ဟင့်အင်း. . . ကိုကို့ကိုအရင်ခေါ်ပေး၊ ကိုကိုကြိုမှ ဝင်နိုင်မယ်"

"ရော်. . . ဘယ်လိုဟာလေးလဲမသိ။ သုခရေ့, ပြည့်စုံ နိုးပြီလားဟေ့"

"အေး. . . မျက်နှာသစ်နေပြီ"

"ဒီမှာ သူ့ညီမရောက်နေတယ်။ လာကြိုလို့ပြောလိုက်ဦး"

စကားပြောသံသဲ့သဲ့မျှကြားလိုက်ရပြီး ဧည့်ခန်းထဲသို့ လူတစ်ယောက် ထပ်ရောက်လာ၏။ မျက်မှန်ထူထူကို မှန်သုတ်ကာ သူမကို လာကြည့်ပြန်လေသည်။

"ဟာ. . . လူကိုမမြင်ဖူးတာကျနေတာပဲ။ ပြူးပြဲကြည့်စရာလား။ ကိုကိုနဲ့တိုင်ပြောမယ်"





"ချမ်းသာ, မဟုတ်ဘူးထင်တယ်နော်။ ဇင်ဇင့်ကို ငါမြင်ဖူးတယ်။ သူမဟုတ်ဘူး"

"ဒါတော့ မသိဘူးလေ။ သူပြောတာတော့ ပြည့်ညီမတဲ့"

"တစ်ခုခုတော့ မှားနေပြီထင်တယ်"

အတွင်းခန်းထဲမှ ခပ်ချောချောဖြောင့်ဖြောင့်လူတစ်ယောက် ထွက်လာသည်နှင့် သူမမျက်လုံးလေးတွေ လက်ခနဲတောက်ပသွားသလို နှုတ်ခမ်းဆီငုံနှုတ်ခမ်းလွှာထက်မှာ လှပသည့်အပြုံးတစ်ခုပွင့်သွားလေ၏။

မျက်နှာသုတ်ပဝါသုတ်ရင်း လျှောက်လာသည့်သူ့ထံ အပြေးသွားကာ လှမ်းခုန်ဖက်လိုက်ပြီး မေးဖျားကို ရွှတ်ခနဲနမ်းရှိုက်လိုက်လေသည်။

"ဟာ. . . ဟာ. . . မင်းဘယ်သူလဲ။ ဘယ်လိုလုပ်လိုက်တာလဲ"

လည်ကုပ်ကို ယီးလေးခိုထားလျက်မှ သူမ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။ သူနှင့် သူငယ်ချင်းနှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြင့်အံ့သြနေတော့သည်။

"ရေးလေ. . . ကိုကိုရဲ့။ ရေးကိုတောင် မေ့စရာလား။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကတော့လေ။ သိပ်အပုန်းကောင်းတာပဲ။ ရေး, မှာ ဟိုးအဝေးကြီးကနေ မတွေ့တွေ့အောင် ရှာနေခဲ့ရတာ ကြာလှပြီ။ နောက်ဆုံးတော့ ကိုကိုဘယ်လိုပုန်းပုန်း ရေး, ရှာတွေ့ရတာပဲ။ သိတယ်မှတ်လား။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါကွာ"

"နေဦး. . . နေဦး။ ငါ့ကိုလွှတ်ဦးကွ"

"ငါလို့မပြောရဘူးလေ။ ကိုကိုက သိပ်ရိုင်းနေပါလား။ ကိုကိုလို့ပြောရတယ်လေ"

"ကျွတ်. . . မင်း, ငါ့ကိုသိလို့လား"

"ပြောပြန်ပြီ. . . မင်းတဲ့၊ ရေးလို့ခေါ်ရတယ်လေ။ ခက်တာပဲ. . . ကိုကို့ကိုမသိဘဲ ရေးက လိုက်ရှာပါ့မလား။ ကိုကို့နာမည်က. . . ပြည့်စုံ. . . ငြိမ်းချမ်းပြည့်စုံ။ ကလောင်နာမည်နဲ့ စာရေးတဲ့စာရေးဆရာ။ ပြီးတော့. . . ရေးကိုသိပ်ချစ်တဲ့ ရေးရဲ့ကိုကို။ ကဲ! နောက်ဘာထပ်သိချင်သေးလဲ. . . ပြော"

လည်ကုပ်ကိုဆွဲထားသည့်လက်ကို ဖြုတ်သွားသော်လည်း သူ့လက်မောင်းကို အတင်းဆွဲခိုနေသေးသဖြင့် သူ, ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်လိုက်မိတော့၏။

"ငချမ်းရေ. . . မင်း, ဘယ်လိုဟာလေးကို အိမ်ထဲခေါ်သွင်း





ရတာလဲ"

"ငါပြောတယ်. . . ဇင်ဇင့်ကို ငါမြင်ဖူးတယ်၊ သူမဟုတ်ပါဘူးဆိုတာကို ဒင်းက မင်းညီမဆိုပြီးပြောနေတာလေ"

"ငါလည်းဘယ်သိမှာလဲကွ။ မင်းနာမည်ပြောပြီး ကိုကို့ခေါ်ပေးလို့ ဇွတ်ပြောနေတာကိုး။ မင်းကိစ္စ, မင်းရှင်း။ ကိုယ့်ဟာကိုယ် မလည်ရှုပ်ဇာတ်လမ်းတွေထွင်ပြီး ခုအိမ်ပေါက်ချလာမှ ဘူးခါမယ် မကြံနဲ့"

"ဟာ. . . ကျွတ်. . . ပြဿနာပဲ. . . ငါနဲ့မဆိုင်ဘူး။ ဟေ့ ကောင်မလေး. . . မင်းဘယ်သူလဲ၊ ဘယ်ကလဲ၊ မင်းကို ငါမသိဘူးနော်။ သွားသွား. . . ကိုယ့်အိမ်ကိုယ်ပြန်။ ငါ့လာပြီးမပတ်သက်နဲ့။ ရှုပ်ရှုပ်ယှက်ယှက်တွေ. . . ဖယ်"

သူမလက်တွေကိုဖြုတ်ချရင်းက သူခါးခါးသီးသီးပြောလိုက်သဖြင့် မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျကာ တအိအိနှင့်ငိုချလိုက်လေ၏။

"ကိုကိုက မိန်းမယူတော့မှာမို့ ရေးကို မောင်းထုတ်ဟာပေါ့လေ။ ပြောတော့ဖြင့် ရေးကိုပဲ အားလုံးထက်ပိုချစ်တာပါဆို။ အခု ရေးထက် ပိုချစ်ရမယ့်သူ, တွေ့ပြီဆိုတော့. . . ကိုကို, ရေးကိုမုန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့။ ဖေဖေတို့မေမေတို့ရေ . . ကိုကိုက ရေးကိုမချစ်တော့ဘူး။ ဖေဖေတို့ရှိနေတဲ့မိုးပေါ်ကိုပဲ ရေးကိုလာခေါ်ပါတော့ . . . အီးဟီး ဟီး"

"ဟာကွာ . . . ကျွတ်"

ကြမ်းပြင်ပေါ်ထိုင်ချလိုက်ပြီး အော်ဟစ်ငိုချလိုက်သဖြင့် သူ ခေါင်းနားပန်ကြီးသွားရ၏။ ဒုက္ခပါပဲ။

"ပြေည့် . . . ငါတော့ ဒါလို့ထင်တာပဲ"

ချမ်းသာက နားထင်ကို လက်ညှိုးဖြင့်ထောက်ပြလိုက်တော့ သုခက ထအော်လေ၏။

"ဟာ . . ဒါဖြစ်နေရင် ပြေည့်နာမည်တပ်ပြီး ဒီအိမ်ကိုလာ စရာလား"

"ဒါတော့ ငါလည်းမပြောတတ်ဘူးလေကွာ။ ချာတိတ်မလေး ကြည့်ရတာ ပြည့်ပြည့်စုံစုံလှတပတလေးနော်။ တော်ကြာ . . . မင်း မောင်းထုတ်လိုက်လို့ မတော်တရော်လူတွေနဲ့တွေ့သွားမှ ဒုက္ခဖြစ် သွားမှာ။ သနားပါတယ်ကွာ"

"ကျွတ် . . . ခက်တာပဲ။ ငါတို့တောင် ဝမ်းစာအနိုင်နိုင်ကို၊ လူပိုတစ်ယောက် ခေါ်တင်ကျွေးလို့ဘယ်ဖြစ်မှာလဲ။ ပြီးတော့ . . .





အိမ်မှာက ယောကျ်ားလေးတွေချည်းနေတာ"

"ကိုကို . . ဘာတိုးတိုးပြောပြီး တိုင်ပင်နေတာလဲ။ ရေး အတင်းအုပ်နေတာလား"

"မဟုတ်ပါဘူး။ အိမ်မှာ လူများနေလို့ပြောနေတာ"

"ဒါဆို အဲဒီလူနှစ်ယောက်ကို မောင်းချလိုက်ပေါ့။ ဒါမှ ရေး နဲ့ကိုကို နှစ်ယောက်တည်း တူတူနေရမှာ"

"ကောင်းကွာ . . . တစ်မူးတော့သာပြီဟေ့"

သုခစကားကြောင့် သူတို့အုပ်စု စိတ်ညစ်ညစ်ဖြင့်ရယ်လိုက် မိကြလေ၏။ အင်း . . . သူမအုပ်ထိန်းသူတွေတော့ ကောင်မလေး ပျောက်သွားလို့ စိတ်ပူနေတော့မှာပဲ။ မျိုးရိုးသန့်သန့်လေးဖြစ်ပုံ ကို ကြည့်ရုံဖြင့်သိသာသဖြင့် သူ သက်ပြင်းကိုသာ ချလိုက်မိသည်။

"ကဲ . . . ဒီအိမ်မှာနေမှာလား"

"အင်းပေါ့လို့"

"ဒါဖြင့် ငါ့စကား . . . အဲ . . . ကိုကို့စကားကို နားထောင်ရ မယ်နော်"

"အင်း"

"ဟုတ်ကဲ့လို့ပြောရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“သိသား . . . တမင်ပြောတာ”

သုခနှင့်ချမ်းသာမျက်နှာမှာ ပြုံးစိစိဖြစ်လာနေပြီ။ ဟုတ်တယ်လေ။ တစ်သက်လုံး မင်းတွေငါတွေနှင့် ပြောကျင့်ရှိနေသည့်လူက ခုတော့ ကလေးရှေ့မှာ ယဉ်ကျေးနေရပြီကိုး။

“ဒီကိုကိုနာမည်က ချမ်းသာတဲ့။ ဒီကိုကိုက . . . သုခ၊ မှတ်ထားနော်”

“ဟုတ် . . . ဟာ . . . ကိုကို့အိမ်က တကယ့်ကိုကျက်သရေမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံတာပဲ။ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ချမ်းသာသုခပြည့်စုံကြပါစေဆိုပြီး တစ်လုံးတစ်ဝတည်းရတာကိုး”

“အမယ် . . . သူပြောမှပဲ ငါတို့နာမည်တွေ ပြန်စဉ်းစားမိတယ်။ ဟုတ်သားဟ။ ကဲ . . . ညည်းနာမည်ကရော ဘယ်သူတုန်း”

“ကိုငါးခူကြီးကလည်း ဒါလေးတောင်မသိဘူးလား။ ရေးက ကိုကို့ညီမပဲဟာ။ ကိုကိုက ငြိမ်းချမ်းပြည့်စုံဆိုတော့ . . . အင်း . . . ရေးနာမည်က . . . ရေးနာမည်က . . . သိရှိပြည့်စုံပေါ့။ နော် . . . ကိုကိုရယ်”

“တော်လိုက်တဲ့ဗေဒင်ဆရာမ။ သူ့နာမည်ကျ . . . လှလှလေး စဉ်းစားတတ်တယ်။ ဒါနဲ့နေပါဦး . . . ညည်းစကားပြောရင် ဘယ့်





နှယ် ရေးက . . . ရေးကနဲ့ တစ်ရေးတည်း ရေးနေရတာလဲ”

“ဟင်း . . . ညံ့ပြန်ပြီ . . . မှတ်ထား။ မသေမချင်းမှတ်သွားနော်။ ကိုကို့ညီမလေးမို့ ညီမလေးလို့ပြောရင်း မြန်သွားပြီး ရေးလို့ဖြစ်သွားတာလေ။ နော် . . . ကိုကိုနော်”

“အေးအေး . . . ထားပါတော့။ ရယကလူကြီးတွေကို အကျိုးအကြောင်းပြောထားမှပါပဲ။ တော်ကြာ ဖြားယောင်းသွေးဆောင်မှုနဲ့ ငါတို့သုံးယောက်လုံး အထဲဝင်နေကြရဦးမယ်။ ကဲ . . . အမိ . . . ထ၊ ဘယ်မှာလဲ . . . မှတ်ပုံတင်”

“ဘယ်လိုလုပ်ရှိမှာလဲ။ ရေးက ကလေးပဲရှိသေးတာကို”

“အေးပါ . . . ဒါဆိုလည်း မင်းဈေးသွားရင်း ဧည့်စာရင်း တစ်ခါတည်းဝင်တိုင်ခဲ့ပေါ့။ ဒီနေ့ မင်းအလှည့်မဟုတ်လား”

“အေး”

“ဟင် . . . ကိုကိုဈေးသွားရင် ရေးလည်းလိုက်မှာနော်”

“ဟာ . . . မဖြစ်ဘူးလေ၊ အိမ်မှာပဲနေခဲ့”

“မရဘူးနော်။ တော်ကြာ . . . ရေးကိုထားပြီး မိန်းမနောက်လိုက်သွားရင် ဘယ့်နှယ်လုပ်မလဲ။ မရဘူး . . . လိုက်မှာပဲ”

“ဟာ . . . ငါစိတ်ညစ်လာပြီနော်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ငါလို့ပြောချင်ဦး"

"အ"

သူ့ဗိုက်ကို ပိုင်စိုးပိုင်နင်းဆွဲလိမ်လိုက်တာမို့ နာတာထက် ယားကျိကျိဖြစ်သွားသဖြင့် နောက်ဆုတ်ရှောင်ကာမှ သူမက သူ့ကို အတင်းတိုးဖက်လိုက်လေတော့သည်။ ကဲ. . . ကောင်းရော. . . ရင်ခုန်သံတွေက ရင်ထဲမှာ တဝုန်းဝုန်းဖြင့်ငရဲပွက်နေလေပြီ။ ခက် တော့နေပြီ. . . အမိရေ။

"ကဲ. . . ပြည့်စုံရေ. . . ငါပဲသွားတော့မယ်ဟေ့။ တော်ကြာ ဈေးထဲမှာ လူမြင်မကောင်းအောင် သူထလုပ်မှ မင်း အရှက်ဟက် တက်ကွဲလိမ့်မယ်"

"အေး"

သုခ ဈေးခြင်းဆွဲ၍ထွက်သွားတော့မှ သူသက်ပြင်းချလျက် ထိုင်ခုံမှာထိုင်ချလိုက်ရလေ၏။ မလွယ်ပါဘူး. . . မိရေးရယ်။ ညည်း နဲ့တော့ ကိုယ်ကျိုးတွေနည်းကုန်တော့မှာပါပဲ။

❀ ❀ ❀



## အခန်း ( ၂ )

"ဟင်. . . ဒါစားရမှာလား"

"အေးပေါ့. . . ဒါပဲရှိတာ၊ ဒါမစားလို့ရမလား"

"မစားချင်ပါဘူး။ ရေးမှ ငါးမကြိုက်ဘဲ။ ငါးစားရင် အရိုး စူးတတ်လို့ ငယ်ငယ်ကတည်းက ရှောင်လာတာကို။ မစားဘူး. . . ကြက်သားကြော်ပေး"

"နင့်ကြီးဒေါ်ကြက်ဈေးက မိုးထိနေတာ ငါတို့ဝယ်မစားနိုင် ဘူး။ အသားထဲမှာ ဒီငါးက ဈေးအတော်ဆုံးပဲ။ လုပ်ပြီးသားလေး တွေ (၁၀၀)ဈေးနဲ့ရလို့ အိုးကပ်ချက်ထားတာ. . . ဂျီမကျနဲ့။ ညည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆာတယ်ဆို. . . စား"

"ကိုသုနော်. . . သူချက်ကျွေးရတယ်ဆိုပြီး ရေးကို ပိတ်ဟောက်နေတာပဲ။ မစားဘူး. . . ကိုကိုနဲ့တိုင်ပြောမယ်"

"ညည်းကိုကိုက ပရိုဂျူဆာနဲ့သွားတွေ့ဖို့ ရေချိုးနေပြီ။ ညည်းကို ဂရုမစိုက်အားတော့ဘူး။ အိမ်မှာ ညည်းနဲ့ငါနှစ်ယောက်တည်းကျန်ခဲ့ရမှာ။ ငါကျွေးတာပဲစား"

"မစားဘူး. . . ကိုကိုလည်း မသွားရပါဘူး။ ဒီလို လစ်ပြေးလို့ရမလား။ အဲဒီအရိုးနဲ့ငါးတွေ, ကိုသုတစ်ယောက်တည်းပဲစား။ ရေးနဲ့ကိုကိုက အပြင်မှာဝယ်စားမှာ. . . ကျစ်"

စုတ်သပ်ပြရင်း မထီတရီမျက်နှာပေးဖြင့် ပြည့်စုံအခန်းထဲပြေးဝင်သွားသဖြင့် သုခ ခေါင်းကိုခါယမ်းလိုက်မိတော့သည်။

"ဟာ. . . ဘာလို့အသံမပေးဘဲ ဝင်လာရတာလဲ"

"ဘာဖြစ်လဲ. . . ရေးကိုကိုနေတဲ့အခန်းပဲဟာ"

"ကျွတ်. . . ဒီမှာအဝတ်လဲနေတယ်လေ။ အပြင်ကစောင့်၊ သွားသွား. . ."

"မသွားပါဘူး. . . ကိုကိုက ရေးမသိအောင် လစ်ပြေးမလို့ဆို"





"ဟာ. . . ငသုကတော့ လုပ်ချလိုက်ပြန်ပြီ"

"ကိုကို. . . ရေးလည်းလိုက်မယ်။ ခေါ်ပါနော်"

"မလိုက်ပါနဲ့. . . ရေးရယ်၊ လိမ္မာတယ်နော်။ နေကပူ၊ ကားကကျပ်နဲ့ ရေး,ပင်ပန်းမှာ။ စိတ်ညစ်စရာကြီး. . . နေခဲ့နော်။ ကိုကိုပိုက်ဆံသွားထုတ်မှာလေ။ ပြန်လာရင် ရေးဖို့မုန့်ဝယ်ခဲ့မယ်။ သိလားနော်"

"မသိဘူး။ ဒီလိုညာပြောပြီး ကိုကိုထားရစ်ခဲ့ဘာပဲမဟုတ်လား။ ကိုကို, ရေးကိုမချစ်ပါဘူး။ ဒါကြောင့် ညာပြောတာပေါ့"

"ဟာ. . . မငိုရဘူးလေ. . . ကျွတ်"

မျက်ရည်တွေကျလာပြန်သဖြင့် သူအင်္ကျီကြယ်သီးပင် မတပ်နိုင်တော့ဘဲ မရွှေချောကိုချော့ရတော့သည်။ အငိုကလည်း သန်ပါ့။ ထစ်ခနဲရှိ ဒီပုလဲတွေက ခ,ခနိုင်လွန်း. . .

"တိတ်တိတ်. . . ခုနတော့ ဗိုက်ဆာလို့ဆို။ ထမင်းမစားဘူးလား"

"ဟင့်အင်း. . . ရေးမှ ငါးမစားတတ်တာ"

"သုခ ဘာချက်လို့လဲ"

"ရေးကြောက်ပါတယ်ဆိုမှ အရိုးစူးအောင် ငါးပိစိလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံကြီးဝယ်လာတယ်လေ။ အဲဒါ မနက်စာညစာတဲ့။ ရေးကိုလည်ချောင်းငြိအောင်လုပ်ကြံတာ။ ကိုသု. . . စိတ်ပုပ်ကြီး"

"ကျွတ်. . . ဟုတ်သားပဲ။ သုခကလည်း သူမှ ငါးမစားတာကို"

"ဟ. . . ငါလည်းတတ်နိုင်တာပဲ ဝယ်လာတာလေကွာ။ ဒင်းစားချင်တာကို မေးကြည့်ဦး. . . ကြက်သားကြော်တဲ့။ တစ်ကောင်တစ်ခြမ်းမပြောနဲ့ တစ်စိတ်တောင် ဝယ်မစားနိုင်ဘူး။ မရွှေစာက တော်တော်အခြေကြီးပါ့"

"မင်းကလည်းကွာ. . . ပြောမနေပါနဲ့။ ကြောင်အိမ်ထဲမှာ ကြက်ဥနှစ်လုံး ကျန်သေးတယ်မဟုတ်လား။ အဲဒါ Half Fried ကြော်ပေးလိုက်"

"အဲဒါ မင်း, ညဘက်ဆာရင်စားဖို့ ဖယ်ထားတာလေ"

"နေပါစေ. . . ကြော်ကျွေးလိုက်တော့။ ငါ စာချုပ်အသစ်ချုပ်ပြီး ငွေကြိုထုတ်လာတော့ ဝယ်လာခဲ့မယ်"

"ကဲ. . . ဒီမှာ လာထိုင်စောင့်။ ငပြည့်နောက် တကပ်ကပ်လိုက်မယ်မကြံနဲ့။ စာအုပ်တိုက်က အဘိုးကြီးက မျက်စိနောက်ပြီး စာချုပ်လုပ်မပေးရင် ငါတို့ပါအချောင်ငတ်မှာ"





"ဘာမှမငတ်ဘူး။ ပိုက်ဆံမရရင် ဒါတွေရောင်းပြီး ရှာလို့ရတယ်။ သိလား"

"အေးပါ. . . အဲဒါတွေမချွတ်ရဘူးနော်, ရေး။ ကိုကိုသွားမှာ သိပ်မကြာဘူး။ နေ့လယ်နှစ်နာရီ၊ သုံးနာရီလောက် ပြန်ရောက်မှာ။ စောင့်နေနော်. . . လိမ္မာတယ်။ ပြန်လာရင် ဘာဝယ်လာပေးရမလဲ"

"ပန်းသီးရယ်၊ ချောကလက်ရယ်။ ပြီးတော့ ခေါက်ဆွဲကြော်စားချင်တယ် ကိုကို"

"အေးအေး. . . ဝယ်လာခဲ့မယ်။ ငါသွားပြီ ငသု။ နေ့ခင်းကဗျာစပ်ရင်း အိပ်မပျော်သွားနဲ့ဦး။ တော်ကြာ. . . ခြံပြင်ထွက်ပြီး လာသမျှအသည်ကို လက်စွပ်နဲ့လဲပြီးဝယ်စားနေဦးမယ်"

"မင်းငတိမက ဒီလောက် မအ,ဘူးဟေ့"

အိမ်ရှေ့မှ ကိုကိုထွက်သွားတာကို မြင်သလောက်ထိ စောင့်ကြည့်ပြီးမှ အိမ်နောက်ဘက် ပြန်ဝင်လာခဲ့သည်။ ကိုသုက ထမင်းတစ်ပန်းကန်ခူးပေးပြီး ကြက်ဥ Half Fried နှစ်လုံးနှင့် ဘူးသီးဟင်းချိုထည့်ပေးကာ ခရမ်းချဉ်သီးငါးပိချက်ခွက်ကိုချလိုက်၏။

"အား! စပ်တယ်။ ရှူး. . . ရေ. . . ရေ"



www.burmeseclassic.com

www.burmeseclassic.com

"အဲစပ်ကြောက်တယ်ဆိုပြီး ငါးပိချက်ခွက် နှိုက်ရလား. . . တေမရဲ့။ အဲဒါ ငါစားမလို့ချထားတာလေ"

"ဘယ်သိမှာလဲ. . . ရေးစားဖို့ထင်လို့ စားမိတာပေါ့။ ကိုသု ဒီလောက်အစပ်ကြိုက်လို့ မျက်စိမှာ ပုလင်းဖင်ကြီးတပ်ထားရတာ။ ဒါတောင် အမှတ်မရှိစားတုန်း"

"ငါ့ဟာငါစားတာ ညည်းအပူမပါဘူး မ,တတ်ပေါ့။ မရှည်နဲ့. . . စားစရာရှိတာစား။ ငါအလုပ်ရှိသေးတယ်"

"ဘာအလုပ်လဲ. . . စာအုပ်တစ်အုပ်နဲ့ ဘောပင်တစ်ချောင်း ကိုင်ပြီး ဖျာပေါ်မှောက်လှဲ့အိပ်မယ့်အလုပ်များ. . . ဟွန်း! မသိရင် ခက်မယ်"

"ရှည်ပြန်ပြီ"

ထမင်းကို ဟုတ်တိပက်တိမစားဘဲ တို့ကနန်းဆိတ်ကနန်း စားပြီးသွားကာ အိမ်ရှေ့ဘက် ထွက်သွားတော့မှ သုခ, ပန်းကန် ခွက်ယောက်တွေကို တစ်ခါတည်းဆေးကြောလိုက်ပါ၏။ လျှော်စရာ အဝတ်တွေကို ဆပ်ပြာမှုန့်နှင့်စိမ်ထားကာ မရွှေစာကို စိတ်မချဘဲ ထွက်ချောင်းရသေးသည်။ ဧည့်ခန်းပြတင်းပေါက်ဝမှာရပ်၍ အပြင် ကိုငေးနေတာမို့ ခြံတံခါးကို သော့မခတ်စဖူး ခတ်ထားလိုက်ရ၏။





တော်ကြာ အပြင်ထွက်သွားမှ ပြေည့်နှင့် ပြဿနာမရှင်းချင်ပါ။

"မိရေး. . . ငါ အဝတ်လျှော်၊ ရေချိုးဦးမယ်။ ဘယ်မှလျှောက် မသွားနဲ့နော်။ တစ်ယောက်တည်း ပေါက်တတ်ကရတွေလျှောက် လုပ်မနေနဲ့ဦး။ ငါပြောနေတာ ကြားရဲ့လား"

"ဟုတ်ကဲ့ပါ"

သုခ, နောက်ဖေးလှေကားမှဆင်းကာ ရေချိုးခန်းထဲမှာ အဝတ်လျှော်ပြီး ရေချိုးလေတော့၏။ အိမ်ရှေ့ဧည့်ခန်းစားပွဲပေါ် မှ စာအုပ်ပုံတွေကို စိတ်ကြိုက်ဖွနေရင်း ဗလာစာအုပ်မှာ အကြမ်း ရေးခြစ်ထားသည့် ကဗျာတွေကို သူမတွေ့သွားလေသည်။ အတော် ပဲ. . . ပျင်းနေတာနဲ့ ဖတ်စရာရပြီ။ ဆက်တီပေါ် ထိုင်ဖတ်နေရင်း အချစ်ကဗျာတွေကြောင့် ခေါင်းနောက်လာရ၏။ နောက်ဆုံးစပ် ထားသည့်ကဗျာကို ငုံ့ဖတ်နေရင်းမှ ပြုံးလိုက်မိသည်။ ခွက်ထဲမှ ဘောပင်တစ်ချောင်းကို ယူလိုက်ပြီး ထိုကဗျာဘေးမှာ ပြန်ရေးချ လိုက်လေ၏။

'ရင်ထဲမှာ'

➡ အကြင်နာ အကြောင်းတချား



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ ပေါင်းမသွား
အစဉ်သာ ပြောင်းမထား။

➡ ကြင်နာတတ်သူလေး
ရင်မှာထပ်တူဆွေး
အစဉ်သာယှက်ယူထွေး။

➡ အကြင်နာပေးပါလှည့်
ရင်မှာဆေးလာထည့်
အစဉ်သာတွေးကာဖွဲ့။

➡ ဝေဒနာတွေဗလပွနဲ့
ငါ့ရင်ထဲက ဒဏ်ရာတွေကို
စာနာပေးလှည့်ပါလား
ကောင်မလေးရယ်။

❀





'ရေထဲမှာ'

▶ အကြင်နာ အကြောင်းတရား
ရင်မှာပေါင်းမသွား
နင်ဟာ သူတောင်းစား။

▶ ကြင်နာတတ်သူလေး
ရင်မှာထပ်တူဆွေး
ဤစာဖတ်သူ ခွေး။

▶ အကြင်နာပေးပါလှည့်
ရင်မှာဆေးလာထည့်
နင်ဟာ ခွေးပါကွယ့်။

▶ ဝေဒနာတွေ ဗလပွနဲ့
ငါ့ရေထဲက ဒဏ်ရာတွေကို
လာခွာပေးလှည့်ပါလား
ကြောင်မလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း. . . ဟင်း. . . ဒါမှ လှသွားတာ"

သူမ ကျိတ်ရယ်လိုက်ပြီး စာအုပ်ကို ပုံစံမပျက်ပြန်တင်ထားလိုက်ကာ နှစ်ယောက်ထိုင်ဆက်တီပေါ်မှာ ခွေလှဲချလိုက်၏။ ထမင်းဆိပ်တက်ပြီမို့ ခဏချင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

လိုင်းကားပေါ်မှ အထုပ်အပိုးတွေနှင့်အတူ သူ, တိုးဆင်းလိုက်၏။ စာချုပ်အသစ်ချုပ်ပြီး (၁၀)အုပ်စာ ငွေပိုထုတ်ခဲ့ရတာမို့ ဒီကောင်မလေး Lucky ရှိမှန်း သူထောက်ခံလိုက်သည်။ လမ်းကြားထဲဝင်ကာ ခြံရှေ့ရောက်တော့ ခြံတံခါးက သော့ခတ်လျက်သား။ အိမ်ကိုလှမ်းကြည့်တော့ လှေကားထစ်မှာ ငုတ်တုတ်လေးထိုင်လျက် တရှုပ်ရှုပ်ငိုနေသည့်ချာတိတ်မကို တွေ့ရလေ၏။ ဘာဖြစ်ပြန်ပါလိမ့်။

"ရေး. . . ဘာဖြစ်လို့လဲ"

"ကိုကိုပြန်လာပြီ. . . ကိုကိုနဲ့တိုင်ပြောမယ်။ ကိုကို. . . ကိုသုရေးကိုရိုက်တယ်"

"အံမာ. . . ညည်းလွန်တာကျမပြောဘူး။ ငါရိုက်တာပဲပြော၊ ချွန်တွန်းမ"

"ဟုတ်တာပဲလို့. . . ရေးအိပ်ပျော်နေတာ တင်ပါးကို ဖြန်းခနဲရိုက်တော့ လန့်ပြီးငိုတာပေါ့။ အရမ်းနာတာပဲ. . . ကိုသုကိုမကျေနပ်ဘူး. . . ကိုကိုပြန်ရိုက်ပေး"

"အေးအေး. . . ပြန်ရိုက်မယ်။ ငသုရေ. . . မြန်မြန်ဖွင့်ကွာ။ ငါသယ်လာရတာ တော်တော်လေးနေပြီကွ"

"လာပါပြီကွာ"

သုခက ခြံတံခါးသော့ဖွင့်ပေးပြီး သူ့လက်ထဲမှအထုပ်တွေကို ဝိုင်းကူသယ်ပေးတော့ သူမက သူ့လက်မောင်းတစ်ဖက်ကို လာခိုတွဲလေ၏။

"ငသုက ရေးကိုဘာလို့ရိုက်တာလဲ"

"အိမ်ပေါ်ရောက်ရင်ပြမယ်ဟေ့. . . မင်းဟာလေးလုပ်ပုံကရိုက်ပေါက်"

"ဟင်းနော်. . . ရေးလည်း ကိုသုလို ကဗျာစပ်ပေးတဲ့ဟာပဲ"

"ညည်းစပ်တာ ငါ့ကဗျာကို လိုက်ပြောင်ထားပြီးတော့. . . ငါ, ဒေါမခီးဘဲနေမလား။ လက်က အငြိမ်မနေ. . . သူများအလုပ်ကို လိုက်နှောင့်ယှက်တာ ကောင်းသလား. . . ညည်းစဉ်းစားကြည့်ပေါ့"






www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်. . . ရေး,စပ်တဲ့ကဗျာက ကိုသုကဗျာထက် ပိုတောင်ကောင်းသေး. . . ဟွန်း"

အိမ်ပေါ်ရောက်သည်နှင့် သုခက သူ့လက်ထဲသို့ ဗလာစာအုပ်ဖွင့်၍ထည့်ပေးလိုက်သဖြင့် သူငုံ့ဖတ်လိုက်မိ၏။

ဟုတ်ပ့ါ. . . မရွှေစာ လက်ကမြင်းထားတာ သေုဒေါမပွဘဲနေမဂကား။ ဒင်းကလည်း. . . ဒင်းပဲကိုး။ သူခပ်တိုးတိုးရယ်တော့ သူမက သူ့လက်မောင်းကိုဆွဲဆိတ်လိုက်လေသည်။

"ဒါလေးရေးတာကို ရေးအရိုက်ခံရတာ မတရားဘူး။ ကိုကို. . . ကိုသုကိုပြန်ရိုက်လေ"

"ဟုတ်သားပဲ. . . ရေးက ဒီလိုမလုပ်ရဘူးလေ။ ဒီအိမ်ကသုံးယောက်စလုံး အနုပညာသမားတွေချည်းပဲ။ ကိုယ့်အလုပ်ကို တန်ဖိုးထားကြ၊ မြတ်နိုးကြတဲ့လူတွေ။ ဒီလိုအလုပ်တွေကို ရေးက မနှောင့်ယှက်ရဘူး"

"ဘာဖြစ်နေကြတာလဲ"

"ဒီမှာလေ. . . တေမ, ပတ်မွေလို့ ငါ ဗျင်းလိုက်တာကို ပြေည့်ရောက်လာတာနဲ့ ဆီးကြိုတိုင်တော့တာပဲ"

သုခက နောက်မှဝင်လာသည့်ချမ်းသာထံ စာအုပ်ကမ်း





ပေးလိုက်တော့ ချမ်းသာက တခွီးခွီးနှင့်ကျိတ်ရယ်လေတော့သည်။

"ချမ်းသာက ပန်းချီဆွဲတယ်။ ဝတ္ထုစာအုပ်အဖုံးတွေမှာ ပုံမှန်ဆွဲတဲ့ပန်းချီဆရာ"

"သိသားပဲ"

"ဟမ်. . . ဘယ်တုန်းက သိသွားတာလဲ"

"ဟိုမှာထောင်ထားတဲ့ဘုတ်က ပုံတွေမြင်လို့ပေါ့ ကိုချမ်းရဲ့"

"နေဦး. . . နေဦး, ငါ့ဟာတွေကိုရော ဘာတွေကလိထားပြီလဲမသိ"

အပေါ်မှ အိမ်မြှောင်ချေးတွေပိုးမွှန်တွေကျမှာစိုး၍ ဖုံးကာထားသည့်ပိတ်စအညိုကို ဆွဲလှန်ကြည့်ရင်း ချမ်းသာနှုတ်မှ အာမေဋိတ်သံအကျယ်ကြီး ထွက်လာလေ၏။

"ဟာ. . . သွားပါပြီ. . . သွားပါပြီ။ သေုရေ. . . မင်းကရိုက်ရုံရိုက်တာ။ ငါက ဆောင့်ကန်ချင်ပြီ။ တောက်! မရွှေစာ"

"အား. . . ကိုကိုရေ. . . လုပ်ပါဦး"

ချမ်းသာ,ပုဆိုးမပြီး ဝုန်းခနဲရောက်လာတော့ သူမက သူ့ရင်ခွင်ထဲအတင်းတိုးဝင်ကာ မျက်စိစုံမှိတ်အော်ဟစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာ, ခဲဖြင့်ဆွဲထားသည့် မိန်းမလှလေး၏မျက်နှာ ယက်မှာ မျက်မှန်ထူကြီးတပ်၊ နှုတ်ခမ်းမွေးထူထူကော့ကော့ကြီး ဆွဲပေးကာ အောက်နားမှာ နာမည်ပင် တပ်ထားပေးသေး၏။ ဘာ တဲ့. . . ခခချမ်းဆိုပါလား။ သူနှင့်သုခ မအောင့်နိုင်တော့ဘဲ တဟား ဟားအော်ရယ်လေတော့သည်။

"ရယ်မနေနဲ့ကွ. . . မင်းဟာလေးအတော်လွန်ပြီ။ မနက် ကလည်း ထမင်းကြမ်းမစားတတ်ဘူးဆိုလို့ ငါ့ပေါင်မုန့်နဲ့ ကော်ဖီ မစ်စ်တိုက်လိုက်ရသေးတယ်။ ခု. . . ငါ့ပုံကို ဒီလိုလုပ်တာကောင်း သလား။ တော်သေးတာပေါ့။ ခေါင်းတင်ထားမိရင် သွားရောပဲ။ နင်တော့နော်. . . ငါ့လက်ချက်မိရင် အသက်ထွက်တော့မှာပဲ"

"အံမာ. . . ထိရဲထိကြည့်ပါလား။ ကိုကိုက ရေးအစား ကိုချမ်းကိုပြန်လုပ်မှာပေါ့"

"အောင်မယ်. . . ညည်းအစ်ကိုက ငါ့လောက်ဗလမရှိဘဲ နဲ့ ငပိန်လေးကို ငါကြောက်မယ်မှတ်နေလား"

"ကိုကို. . . ကိုချမ်းက ကိုကို့ကိုမကြောက်ဘူးတဲ့။ ကိုကို့ အိမ်ပေါ်လည်း တက်နေသေးတယ်။ ကိုကို့ကိုလည်း စော်ကားသေး တယ်။ သူ့ကို အိမ်ပေါ်က နှင်ချလိုက်. . . သိလား"





"အမယ်မယ်. . . သူငယ်ချင်းတွေကိုရန်တိုက်ပြီး ငါ့ကို မောင်းချခိုင်းတာပေါ့လေ။ ငတိမတော့လား"

"အား. . . ကိုကိုရေ"

"တော်ကြပါတော့ကွာ. . . ငချမ်းလည်းတော်တော့။ ကဲ! ရေးရယ်, ဒီအိမ်မှာ ရေးက အငယ်ဆုံးလေ။ အစ်ကိုတွေကို ရိုသေ သမှုရှိမှပေါ့။ ဘယ့်နှယ်ဒုက္ခလိုက်ပေးနေတာလဲ"

"ကိုကို. . . ရေးကိုမဆူနဲ့"

"မဆူလို့ရမလား. . . ရေးက အပြစ်လုပ်ထားတာလေ။ ကို ကို့မှာ အပြင်ကပြန်လာလို့ အမောပြေမလားမှတ်တယ်၊ အိမ်မှာ ပြဿနာက ဆီးစောင့်နေတော့ အမောဆို့ရတာပေါ့။ ကြည့်. . . ပြောလိုက်ရင် ဒီမျက်ရည်ကကျပြီ"

"ကိုကိုက ဆူတာကိုးလို့"

"ရေးက ဆိုးတာကိုး။ မဆိုးရင် ဆူစရာဘယ်လိုပ့ါမလဲ။ ကြည့်ပါဦး. . . ညနေစောင်းနေပြီ။ ခုထိရေမချိုးသေးဘူး။ မျက်နှာ က မျက်ရည်တွေနဲ့ ကြောင်ချေးရုပ်ပေါက်နေပြီ"

"ကိုကို့ရေချိုးခန်းက လုံမှမလုံဘဲ။ ရေး,မချိုးတတ်ဘူး"

"ကာထားတာပဲလေ. . . ဒီလိုပဲချိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရေးမှာ လုံချည်မှမပါတာ။ ရေးက ဒီအတိုင်းပဲ ချိုးလေ့ရှိတာ ကိုကိုသိသားနဲ့"

"ဟိုက်! "

သုံးယောက်သား နဖူးကိုယ်စီ ပြန်းခနဲရိုက်လိုက်ကြရင်း မသက်မသာရယ်ချလိုက်မိကြော့၏။ မရွှေစာကတော့ လုပ်ချလိုက်ပြန်ပြီ။

"ရေချိုးခန်းထဲမှာ ရေလဲလုံချည်ရှိတယ်။ အဲဒါဝတ်ချိုးပေါ့။ ဒီတိုင်းမချိုးရဘူးလေ။ ခက်တာပဲ"

"အာ. . . အဲဒါ ကိုသုတို့ပါဝတ်တဲ့ပုဆိုးကြီး။ ဝတ်ချင်ပါဘူး။ ရောဂါတွေကူးကုန်မှာပေါ့"

"ကဲ. . . ဒါဆို အခန်းထဲက တန်းပေါ်မှာတင်ထားတဲ့ပုဆိုးဟောင်းရှိတယ်၊ အဲဒါယူလိုက်. . . မဖြစ်သေးဘူး. . . ညည်းဖို့လုံချည်ထွက်ဝယ်ဦးမှပါပဲ"

"မလုပ်ပါနဲ့. . . ကိုပြည့်စုံ။ မင်းဟာလေးကို မင်းပဲစောင့်၊ ငါထွက်ဝယ်ပေးပါ့မယ်။ တစ်ခါတည်းဆိုင်မှာ အထက်ဆင်ပါ ဝင်တပ်ပြီး ချုပ်ပေးခဲ့မယ်။ ပေး. . . ပိုက်ဆံ"

"ဟင်း. . . ရော့. . . လေးငါးထည် တစ်ခါတည်းဖြတ်လာခဲ့။ လှတပတလေးလည်းဝယ်ခဲ့ဦးနော်။ တော်ကြာ. . . အဘွားကြီးဆင်တွေဖြစ်နေဦးမယ်"

"အေး. . . အမြင်ကပ်ပုဒ်မနဲ့ ညိုညိုတွေ၊ မည်းမည်းတွေပဲဝယ်ခဲ့မယ်. . . စိတ်ချ"

"ကိုသု. . . စိတ်ပုပ်ကြီး"

သုခ အိမ်ပေါ်မှဆင်းသွားတော့ ဝယ်လာသည့်တာလပက်စတွေနှင့် ရေချိုးခန်းကို ပိုလုံခြုံအောင် မိုးတန်မိုး၊ ကာတန်ကာပေးရလေ၏။ တံခါးကိုပါ ဂလန့်ထိုး၍ရအောင် သေချာလုပ်ပေးလိုက်သည်။

သူမကို ရေချိုးခိုင်းတော့ ချေမ်းလာချောင်းမှာစိုးသည်ဟု တီးတိုးပြောသဖြင့် နောက်ဖေးလှေကားထစ်မှာ ထိုင်စောင့်ပေးရလေတော့၏။ သြော်. . . ဒုက္ခ. . . ဒုက္ခ။ အိမ်ပေါ်ကိုရောက်လာတဲ့ဒုက္ခပါလား။

❀ ❀ ❀





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၃ )

သူခနှင့်ချမ်းသာက သူတို့အခန်းထဲမှပစ္စည်းတွေကို အိမ်ရှေ့ထုတ်ရင်း ပွစိပွစိရွတ်နေကြလေ၏။ အိမ်မှာရှိတာမှ အိပ်ခန်းနှစ်ခန်းရယ်။ ပြည့်စုံက အိမ်ရှင်မို့ ခေါင်းရင်းခန်းကိုယူပြီး သူတို့နှစ်ယောက်က ခြေရင်းခန်းယူထားတာ။ ခုတော့. . . မဖိတ်ဘဲရောက်လာသည့်ဧည့်သည်အကောင်းစားလေးကို နေရာဖယ်ပေးရပြီ။

"အဝတ်အစားသေတ္တာတွေ ငါ့အခန်းထဲမှာပဲ လာစုပြီးထားလေ"

"အဝတ်အစားက အကြောင်းမဟုတ်ပေါ့. . . စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



စာရွက်တွေ ကလိခံရမှာကဒုက္ခ”

“သူ နောက်မလုပ်တော့ပါဘူးကွာ. . . မင်းတို့ကလည်း”

“ပြောလို့မရမလား။ မင်းရှေ့ကျ လိမ္မာပြပြီး ကွယ်ရာမှာ ဖြိုဟ်ကြွနေမှ”

“ကိုကိုရေ”

“ဟေ”

“သနပ်ခါးလူးဖို့ သွေးပေးဦးလေ”

“လာပြီ. . . လာပြီဟေ့”

သုခနှင့်ချမ်းသာထံမှ မျက်စောင်းခဲလိုက်တာကို မသိချင်ယောင်ဆောင်၍ အိပ်ခန်းထဲဝင်လာခဲ့ရ၏။ တော်ပါသေးရဲ့. . .။ အင်္ကျီတွေလုံချည်တွေဝတ်ပြီးမှ သူ့ကိုခေါ်ပေလို့ပဲ။

“ကိုယ့်ဟာကိုယ်လိမ်းဖို့. . . မသွေးတတ်ဘူးလား”

“သွေးတတ်ဘူး။ ကိုကိုပဲသွေးပြီး လူးပေးနေကျကို”

“ကောင်းကွာ။ ဘယ်လောက်ထိ အလိုလိုက်ခံရတဲ့ဟာလေးလဲမသိပါဘူး”

သူ ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး ဝယ်လာပေးသည့်ကျောက်ပျဉ်ထက် ရှင်မတောင်အတုံးကြီးကို စိတ်ရှည်ရှည်နှင့် ခပ်ပျစ်ပျစ်





လေး သွေးလိုက်၏။ ဘေးမှာလာထိုင်၍ မျက်နှာလေးမော့ပေးနေသဖြင့် နဖူးထက်ရှိဆံစတို့ကို လက်ဖြင့်အသာမ,တင်၍ သနပ်ခါးကို ခပ်ပါးပါးလေးအရင်လူးပေးလိုက်သည်။ ပြီးမှ. . . ပါးကွက်ဝိုင်းဝိုင်းလေးနှင့် နှာတံကိုဆွဲကာ နဖူးထက်မှာ အလုံးလေးတင်ပေးလိုက်၏။

“ယပ်ခပ်ပေးဦးလေ”

ခုတင်ခေါင်းရင်းမှာ ချိတ်ထားသည့် ကော်ယပ်တောင်လေးကိုဖြုတ်၍ ခပ်ပေးလိုက်ရ၏။ မျက်လုံးစုံမှိတ်၍ ငြိမ်နေပုံလေးကိုကပိတ်ထုချင်စရာ။

“ခေါင်းစည်းပေးဦးနော်”

“ဟုတ်ကဲ့ပါခင်ဗျာ။ မဖုရားလေး သဘောတော်အတိုင်းပါပဲ”

“ဟင်း. . . ဟင်း. . . ဟင်း”

ကျောလယ်ခန့်ရှိသည့် ဖြောင့်စင်းအိညက်နေသည့် ဆံနွယ်ပျော့ပျော့လေးတွေကို ရှင်းပေးလိုက်ပြီး သိုးမွေးကွင်းလေးဖြင့် ခပ်မြင့်မြင့်လေး စည်းပေးလိုက်ရ၏။

“လှလား”



www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . မှန်ထဲကြည့်"

သူမအတွက် ရည်စူး၍ဝယ်လာပေးသည့် မှန်လေးထောင့်လေးကို လက်ထဲထည့်ပေးလိုက်တော့ မှန်ကြည့်ရင်း သဘောကျနေတော့သည်။

"သနပ်ခါးက အရမ်းမွှေးတာပဲသိလား။ ကိုကိုမွှေးကြည့်ပါလား"

ပါးတစ်ဖက် အတင်းထိုးပေးလာသဖြင့် သူ တွန့်ခနဲဖြစ်သွားရ၏။ ဒုက္ခပါပဲ. . . သင့်မသင့်မတွေးဘဲ အတင်းကြီးပါလား။

"အင်း. . . မွှေးတယ်. . . မွှေးတယ်"

"အာ. . . မွှေးဖြင့်မမွှေးကြည့်ဘဲနဲ့။ ညာပြောပြန်ပြီ"

"ကိုကိုကိုယ်တိုင် လူးပေးတာပဲလေ. . . ရေးရဲ့။ မွှေးစရာမလိုပါဘူး"

"ဟင်. . . ခါတိုင်းသနပ်ခါးလူးပြီးရင် ကိုကို မွှေးမွှေးပေးနေကျကိုများ"

"ကျွတ်. . . ရေးက မငယ်တော့ဘူးလေကွာ။ အဲဒီလိုမလုပ်ရဘူးနော်"

"မရဘူးကွာ။ ကိုကို ရေးကိုမချစ်တော့ဘူးလား"

ရွှေပဒေသာစာပေ



"ချစ်ပါတယ်"

"ချစ်ရင် မွှေးမွှေးပေးမှပေါ့"

"ခက်တာပဲ"

"ကိုကိုနော်"

လိုက်ကာဖယ်၍ သေတ္တာတွေဝင်ထားသည့် သုခနှင့်ချမ်းသာကိုမြင်သွားသဖြင့် စိတ်ကောက်တာ အရှိန်သပ်သွားတော့မှ သူ သက်ပြင်းကျိတ်ရှိုက်လိုက်ရ၏။ မလွယ်ပါလားနော်။

"အဲဒါဘာလာလုပ်ကြတာလဲ"

"ညည်းကို ငါတို့အခန်းဖယ်ပေးလိုက်ရတာလေ။ ငါတို့ပစ္စည်းတွေ ရွှေ့ပေးရတာပေါ့"

"ဟင်. . . မလိုပါဘူး။ ရေးက ကိုကိုနဲ့တူတူအိပ်မှာပေါ့"

"ဟာ. . . ဘယ်ရမှာလဲ။ ခြေရင်းခန်းကိုယူမှပေါ့"

"မရဘူးကွာ. . . ကိုကိုကလည်း"

"ရေးက မငယ်တော့ဘူးလေ။ အခန်းသပ်သပ်အိပ်မှပေါ့"

"လာပြန်ပြီ. . . ဒီ, မငယ်တာချည်းပဲ ထပ်ခါထပ်ခါပြောနေတာပဲ"

"ဟုတ်တယ်လေ။ ကိုကို့ခုတင်က တစ်ယောက်အိပ်လေ. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေး ဘယ်အိပ်တတ်မှာလဲ။ သုခတို့ခုတင်က. . . နှစ်ယောက်အိပ် အကျယ်ကြီး။ အဲဒီအခန်းမှာအိပ်နော်. . . ရေးကလိမ္မာတယ်”

“ဟင်. . . ဒါဆိုညကျ ကိုကိုက သီချင်းဆိုမသိပ်တော့ဘူး လား”

“အကျိုးနည်း. . . လာပြန်ပြီ နောက်တစ်မျိုး။ ဘာသီချင်း နဲ့ သိပ်ရဦးမ၂လဲ”

“အဖေ့ပုခက်လွှဲသီချင်းနဲ့ပေါ့. . . မေ့နေပြီလား”

“သြော်. . . မိတ္ထီလာရောက်ရင် ဖားကောက်ခဲ့ပါ့မယ်. . . သီချင်းလား”

“ဟုတ်တယ်။ ကိုကိုမမေ့သေးဘူးပေါ့. . . သိပ်တော်တာပဲ”

ရွှတ်ခနဲ မေးဖျားကို ခြေဖျားထောက် နမ်းလိုက်ပြန်သဖြင့် သူ့မျက်နှာ ဖြန်းခနဲနီရဲသွားတော့၏။ သုခနှင့်ချမ်းသာမျက်နှာက ရယ်ကျဲကျဲ။

“ပြည့်ရေ. . . ကြာရင်တော့ မင်း, ခွေးလျက်တဲ့ထန်းလျက် ခဲလို လုံးပါး,ပါးလိမ့်မယ်ဟေ့။ မပြောမရှိနဲ့။ သောက်ကျိုးနည်းတွေ ဖြစ်ရင် မင်းအမေ ရင်ဘတ်စည်တီးဖြစ်ကုန်မယ်။ သက်သက့်က ရင်ကွဲပက်လက်ဖြစ်မှာ”





“ဘယ်က. . . သက်သက်လဲ”

“ပြည့်ရည်းစားလေ”

“ဟော့ကောင် ငသု”

“ဟင်. . . ကိုကိုပြောတော့ဖြင့် သူ့ကိုဖြတ်ပစ်လိုက်ပြီဆို. . . ဘာလို့ပြန်ထပ်တွဲနေရပြန်တာလဲ”

“မဟုတ်ပါဘူး။ ဒီကောင် စနေတာပါ”

“ကိုကိုနော်. . . ရေးကွယ်ရာမှာဆိုပြီး လုပ်ချင်ရာလျှောက် လုပ်မယ်မကြံနဲ့။ ဒီတစ်ခါ မျက်စိရှေ့တွေ့လို့ကတော့ အဲဒီမိန်းမ ကို အသေသတ်ပြီမှတ်”

“ဟာ! ”

“တွေ့လား. . . ငါပြောတယ်။ မင်း တော်တော်အာချောင် တဲ့ကောင်ပဲ ငသုရာ”

“ကိုကို. . . ဗိုက်ဆာပြီလေ။ ခေါက်ဆွဲကြော်စားကြမယ်။ ခွံ့ ကျွေး”

“လာပြန်ပြီ. . .၊ ကြာလာတာနဲ့အမျှ အမြင်ကိုကပ်တယ်။ ပြည့်. . . မင်းတော့ စာရေးရဖို့မမြင်တော့ဘူးနော်။ ဒင်း, နှောင့် ယှက်တာနဲ့ နှစ်ပါးသွားကနေ။ စာအုပ် (၁၀)အုပ်စာ အကြွေးတင်



www.burmeseclassic.com

www.burmeseclassic.com



နေတာနော်. . . ကြည့်လုပ်"

"အံမယ်. . . ရေးက ဘယ်မှာနှောင့်ယှက်နေလို့လဲ။ ကိုသု တို့ကသာ နှောင့်ယှက်နေတာ။ နော်. . . ကိုကိုရယ်"

"အေး. . . ဟုတ်တယ်. . . ဟုတ်တယ်. . . လာ"

မီးဖိုခန်းဝင်၍ ခေါက်ဆွဲကြော်ထုပ်ကို ပန်းကန်ထဲဖြည်ထည့် လိုက်၏။ သုခတို့ဖို့ဝယ်လာသည့် အစိမ်းကြော်ထုပ်ကိုပါ ပန်းကန် ထဲ ထည့်လိုက်ပါသည်။

"အဲဒါ ဘယ်သူ့ဖို့လဲ"

"ကိုကိုတို့သုံးယောက် ထမင်းနဲ့စားဖို့ပေါ့. . . ရေးရဲ့"

"ဟင်. . . ရေးကိုတော့ မကျွေးဘူး"

"ရေးက ဒီခေါက်ဆွဲကြော်ပဲ ကုန်အောင်စားပါဦး။ မနက် ကလည်း ထမင်းကို ဟုတ်တိပတ်တိမစားဘူးဆို"

"ရေးလည်း အစိမ်းကြော်စားချင်တာပေါ့ ကိုကိုရဲ့"

"ဒါဖြင့် ခေါက်ဆွဲနည်းနည်း၊ အစိမ်းကြော်နည်းနည်း စား မလား"

"ဟုတ်ကဲ့"

ချမ်းသာတို့ပါ, ဝင်လာတော့ စားပွဲပုလေးမှာ လေးယောက်





ဝင်မဆံ့သဖြင့် သူထလာခဲ့ရတော့၏။ ဧည့်ခန်းမှာပဲ ခွံ့ကျွေးရတော့ မှာပါပဲ။

"ငပြည့်. . . မင်းဖို့ပါ တစ်ခါတည်းထည့်သွားလေ။ ငါတို့က ဘရိတ်အုပ်နိုင်တာမဟုတ်ဘူး"

"အေးပါ"

သူ, ထမင်းနည်းနည်းထပ်ထည့်ကာ ထွက်လာတော့ သူမက နောက်မှလိုက်လာလေသည်။ ဧည့်ခန်းဆက်တီပေါ်မှာ ထိုင်ခိုင်း ပြီး သူမကို ခွံ့တာခွံ့ သူလည်းစားဖြင့် တစ်ခဏနှင့် ထမင်းပန်းကန် ပြောင်သွားလေ၏။ သံပရာရည်တစ်ခွက်ဖျော်ပြီးတိုက်တော့ သူမ မျက်နှာက အလိုပြည့်သွားသည့်ကလေးတစ်ယောက်နှယ် ပြုံးရွှင် လို့။

စားသောက်ပြီးတော့ ချမ်းသာက ပုံဆွဲရန် ဘုတ်ရှေ့မှာထိုင် ၍ သုခက ဆက်တီခုံမှာ ထိုင်လေ၏။ သူမ မအိပ်မချင်း သူ, စာ ရေး၍မရသလို၊ တာဝန်လည်းယူရမှာမို့ ဂျာနယ်ထိုင်ဖတ်ရင်း စောင့်နေစဉ် သူမမျက်တောင်လေးတွေ မှေးစင်းလာလေသည်။

"ရေး. . . အိပ်ချင်ပြီလား"

"အင်း. . . ကိုကိုရော အိပ်တော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရေးကိုသိပ်ပြီးရင် အိပ်မှာပေါ့"

"ဒါဖြင့် သီချင်းဆိုသိပ်နော်"

"ကဲ. . လာလာ။ ငသုရေ. . ခြံတံခါးသော့ခတ်ဖို့မမေ့နဲ့ဦးနော်"

"အေးပါ"

ခြေရင်းခန်းမှာ သူမနေမှာမို့ ပြတင်းပေါက်နှစ်ပေါက်ကိုရောတံခါးမ, ပါ လိုက်ကာသစ် တပ်ပေးထား၏။ သုခတို့အိပ်စဉ်တုန်းက ဂလန့်မထိုးဘဲထားသည့် ဂလန့်၏သံချေးတွေကို သေချာချွတ်တိုက်၍ ဆီထည့်ထားပေးရသည်။ အခန်းက သုံးထပ်သားဖြင့်သာကာထားတာမို့ ပြောသမျှစကားတွေကို အပြင်ကပါ အတိုင်းသားကြားနေရပါ၏။

"ကိုကို. . . သီချင်းဆိုလေ"

"မဆိုလို့မရဘူးလားကွာ"

"မရဘူးကွာ။ ရေးငယ်ငယ်ကတည်းက ဆိုပေးနေကျ. . . ဆို. . . ဆို"

"ဟင်း. . ."

သူ, သက်ပြင်းကိုနှဆောင့်အောင့်ချလိုက်ပြီး ခုတင်ထက်မှာ





ထိုင်ချလိုက်၏။ သူမက သူ့ညာလက်ကိုဆွဲ၍ ခေါင်းပေါ်တင်လိုက်လေသည်။

အမယ်. . . ခေါင်းပုတ်ပြီးသိပ်ပေါ့လေ။

''မိတ္တီလာရောက်ရင် ××× ဖားကောက်ခဲ့ပါ့မယ် ××× ဗျိုင်းရှေ့က ပျံကာပျံကာရယ် ××× မိုးစုပ်စုပ်ချုပ်ပေါ့သမီးငယ်ရယ် ××× တကယ် ×××"

"ဟာ. . . သမီးငယ်မဟုတ်ဘူးလေ. . . ရေးငယ်လေ"

''အေးအေး...မိုးစုပ်စုပ်ချုပ်ပေါ့...ရေးငယ်ရယ် ××× တကယ် ××× အိပ်ပါတော့ကွယ် ××× ကြောင်ကြီးကိုက်လိမ့်မယ် ××× အိပ်ရာကနိုးရင် ကျောင်းသွားရဦးမယ် ××× မျက်စိမှိတ်ထားကွယ် ××× နတ်လုင်တဲ့ အိပ်မက်, မက်စေဖွယ် ×××

အမေ့ခြေရာနင်းတဲ့ အလှကြိုက်တဲ့ရေးငယ်ရယ် ××× ညည်းကျောင်းသွားချိန်မှာ ပန်စရာ ××× ပန်းလှလှကလေး ရွေးခူးပေး ပါမယ် ××× ပါးကွက်ကွက်ပေးမယ် ××× နေတစ်ဖက်, လတစ်ဖက်လို ××× ပါးပေါ်တင်ထားတဲ့ ××× ဝလုံးဝိုင်းဝိုင်းလေးရယ် ×××ရေးလေး ရေးတတ်အောင် ××× ကျောင်းသွားဖို့စောစောအိပ်ပါကွယ် ×××"

သီချင်းဆုံးသည်နှင့် အိပ်မောကျသွားသည်မို့ ပြတင်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်၊ စောင်ပါးလေးခြုံကာ တံခါးစေ့ပြီးပြန်ထွက်လာခဲ့၏။ သူခက တော့ မဂ္ဂဇင်းတိုက်ပို့မည့်ကဗျာတွေကို လျှောက်လွှာစာရွက်ပေါ်မှာ အချောပြန်ကူးနေလေသည်။

"ကဲ. . . ဘယ့်နှယ်ရှိစ ကိုငြိမ်းချမ်းပြည့်စုံ။ အခုမှ သမီး တစ်ယောက် ကောက်မွေးစားထားသလိုဖြစ်နေပြီမဟုတ်လား. . .။ ကလေးဆိုရင်တောင် တုတ်ပြရင် ကြောက်ပြီးငြိမ်သွားဦးမယ်။ ဒင်း ကတော့ မဖြုံပေါင်။ မင်းအားကိုးနဲ့ ငါတို့ကိုတောင်မှ အိမ်ပေါ်က မောင်းချနေသေး။ ဒီပုံအတိုင်းဆို မင်းအလုပ်ပျက်မှာသေချာတယ် ပြည့်ရေ။ ကြောင်မွေးတာကမှ တော်ဦးမယ်။ ဒင်းက တညောင် ညောင်တကပ်ကပ်နဲ့ ခွာလို့မောင်းလို့ရမယ့်ဟာမဟုတ်ဘူး"

"အင်း. . . ရှေ့ရေးကိုတော့ ကြိုတွေးစီစဉ်ရမှာပဲ။ မင်းတို့ လည်း အားရင် သူ့ကိစ္စစုံစမ်းလာကြဦး"

"အေး. . . မင်းအပြင်မထွက်ဘဲ သူ့ထိုင်စောင့်ဖို့ တာဝန် သာယူ။ ငါတို့တစ်ယောက်တစ်လှည့်စီ လိုက်စုံစမ်းပေးမယ်။ ဒင်း နဲ့တော့ အိမ်မှာမနေခဲ့ပါရစေနဲ့။ ကြောက်လွန်းလို့ပါ"

"မင်းတို့ကလည်းကွာ၊ ကလေးက အပြစ်ကင်းပါတယ်။ ခမျာ ဘေးဒုက္ခနဲ့ကြုံလို့ ဦးနှောက်ထိခိုက်သွားတာမျိုးပဲဖြစ်မှာပါ။ မျိုးရိုး





သန့်လေး. . . ချမ်းချမ်းသာသာထဲကပဲနေမှာ။ ဉက္ကဋ္ဌဦးခင်မောင် မြင့်ကတော့ သတင်းစာတိုက်တွေဘာတွေမှာ ဝိုင်းစုံစမ်းပေးမယ် တဲ့။ သူ့မိန်းမက ညနေတုန်းက ရေးငိုနေတာကိုမြင်သွားပြီး သနား နေလို့တဲ့"

"ဟင်း. . . အကြောင်းမှမသိသေးဘဲကိုး။ နောက်မှ အော့ ကျောလန်သွားလိမ့်မယ်"

"အိပ်တော့မယ်ကွာ။ မနက်ဖြန် ဈေးသွားရင် ဆန်အိတ်နဲ့ ဆီပုံး တစ်ခါတည်းစင်မှာခဲ့ပေးနော် ချမ်း။ မနက်ကို မုန့်ဟင်း ခါး အရင်ဝယ်ပေးဦး။ ငါတို့က ပဲပြုတ်နဲ့ထမင်းကြော်စားလို့ဖြစ် တယ်။ ရေးက စားတတ်တာမဟုတ်ဘူး"

"တစ်သက်လုံး ငါတို့ကိုတော့ မသဒ္ဒါတဲ့ကောင်က ဒင်းဖို့ကျ တယ်သိနေ။ မနက်ဖြန် ကြက်သားဝယ်ကျွေးတော့မှာ. . . မဟုတ် လား"

"အေး"

သုခနှင့်ချမ်းသာတို့နှုတ်မှ ကျိန်ဆဲသံတွေ ထွက်လာတာကို မကြားချင်ယောင်ဆောင်၍ အိပ်ခန်းထဲဝင်ခဲ့တော့သည်။ ဒီနေ့ ကတော့ ပင်ပန်းတာမို့ စောစောအိပ်တာပဲကောင်းပါတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တော့ စာစရေးဦးမှပါပဲ။ အကြွေးတွေတင်နေရင် အိပ်မပျော်ဘဲဖြစ်နေဦးမယ်။ အင်း. . . နောက်နေ့ကို ဘယ်လိုကြိုဆိုဦးမလဲ. . . မိန္ဒွေစာရေ။ ခုတော့. . . ငါအိပ်ပြီ။

❁ ❁ ❁



## အခန်း ( ၄ )

"အား! "

"သောက်ပလုတ်တုတ်. . . ဘာဖြစ်တာလဲ"

သူမအခန်းရှိရာဆီ ဝုန်းခနပြေးဝင်တော့ သူက ရှေ့ဆုံးက၊ ချမ်းသာရော သုခပါ အိပ်ချင်မူးတူးဖြင့်ပြေးဝင်လာကြလေ၏။

"ရေး. . . ဘာဖြစ်လို့လဲ"

"အီး. . . သေပြီ. . . ကားကြီး ချောက်ထဲကျသွားတာ။ မီးတွေလည်း ထတောက်လို့။ နေခြည်. . . နေခြည်"

ကယောင်ကတမ်းတွေပြောပြီး သူ့ရင်ခွင်ထဲဝင်ကာ ငိုရှိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် သူ့အသာပွေ့ဖက်၍ ချော့မော့ရလေ၏။ အခုမှ လေးနာရီခွဲ ရှိသေးသည်။ သူခတို့က နှစ်နာရီမှအိပ်တာမို့ ခေါင်းတွေ ကိုက်ကုန်၏။ သူက တစ်နာရီမှာ တစ်ရေးနိုးပြီး ဇာတ်လမ်းအသစ်ကို အစပျိုးနေတာ အခန်းဝက်ရောက်နေစဉ် သူမအလန့်တကြား ထအော်သံကို ကြားလိုက်ရခြင်းဖြစ်သည်။

"ငသူ. . . သောက်ရေတစ်ခွက် ခပ်ပေးပါကွာ"

"အေး. . . အေး"

"ဒုက္ခပါပဲကွာ။ ငါ့ခေါင်းတော့ ဆငနင်းပါပြီ။ ဒီလိုသာ မနက်တိုင်း ထအော်နေရင်တော့ ကြာရင် ငါတို့ပဲသေမှာ"

ချမ်းသာရေရွှတ်တာကို ပြန်မပြောအားဘဲ သူမမျက်နှာပေါ်မှ မျက်ရည်တွေကို အသာအယာသုတ်ပေးပြီး သူခ ခပ်လာပေးသည့်ရေဖန်ခွက်ကို ချော့တိုက်လိုက်ရ၏။ ခေါင်းရင်းပြတင်းပေါက်ကို ထဖွင့်လိုက်မှ အအိုက်သက်သာသွားသည်။ အိပ်ရာပေါ်အသာပြန်လှဲသိပ်ကာ သူထိုင်စောင့်နေရပြီး (၁၅)မိနစ်လောက်အကြာမှာ သူမပြန်အိပ်ပျော်သွားမှ သုံးဦးသားပြန်ထွက်လာခဲ့၏။

''မနက်မိုးလင်းပါပြီ ××× အိပ်ရာမှထကြ ××× မထသေးသောသူသည် ပျင်းရိသူဖြစ်သည် ××× ထကြွလို့လျှပ် လူကြီးအပေါင်းတို့





××× မနက်မိုးသောက်သောအခါ ××× အိပ်ရာမှထကြ ××× မထနိုင်သေးပါရင် ရေလောင်းကာနှိုးမည် ×××"

"ဗွမ်း! "

"ဟဲ့. . . သောက်ခွေး"

"ဟာ. . . ဘယ်လိုလုပ်လိုက်တာလဲ မိရွှေစာ"

"အိပ်ရာက နှိုးနေတာလေ။ အခုပဲ ခုနစ်နာရီထိုးနေပြီ။ ဒီအချိန်မှ ဈေးမသွားရင် ဘာသွားရမှာလဲ။ ဈေးကွဲမှရောင်းမကုန်တဲ့ အပုပ်အပွ၊ အပေါအလောတွေ အပုံတိုက်ဝယ်ဖို့ပဲစိတ်ကူး. . .။ ဒါကြောင့် ကိုချမ်းပုံစံက ဝက်ပုတ်ကြီးဖြစ်နေတာ"

ဖျာပေါ်မှာလှဲနေရာမှ ရေတွေရွှဲကုန်သဖြင့် နှစ်ယောက်သား လူးလဲထလိုက်ရ၏။ မိရွှေစာကတော့ လုပ်ချလိုက်ပြန်ပြီ စောစောစီးစီး။

"ပြည့်ရေ. . . မင်း ဘာလုပ်နေလဲ။ မင်းဟာလေးကိုကြည့်ထိန်းဦး။ ဒီမှာ အိပ်ရာတွေအကုန်ရွှဲကုန်ပြီကွ။ ဘယ်လိုဟာလေးမှန်းကိုမသိဘူး။ ညလည်းည၊ နေ့လည်းနေ့၊ မနက်လည်းမနက်၊ အိပ်ကောင်းခြင်းကို မအိပ်ရပါလား"

"ငါ၊ ထမင်းကြော်နေပြီဟေ့. . . ပူပူလေးစားရအောင် နှိုး



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းလိုက်တာ"

"မင်းကြီးဒေါ်က ရေပုံးနဲ့လာလောင်းပြီး နှိုးတာဟ"

သူ မီးဖိုခန်းထဲမှာ လုပ်ကိုင်နေလျက်မှ ရယ်မောလိုက်မိ၏။ ဒင်းတို့က သုံးလေးခါနှိုးနေတာတောင် ထမှမထဘဲ။ ဒီတော့ မိရေးက နှိုးတဲ့နည်းသုံးပြီပေါ့။ ကောင်းတယ်။

"ကိုချမ်း ဈေးသွားမှာဆို၊ ကိုသုက ရေးဖို့ မုန့်ဟင်းခါးဝယ်ပေးလေ။ ပြီးရင်. . . နေ့လယ်မှာစားဖို့ မုန့်ပါဝယ်လာပေး"

"ဟာ. . . မနေ့က ပြေည့် ချောကလက်တွေရော၊ ဘီစကစ်တွေပါ ဝယ်လာပေးတယ်မဟုတ်လား။ အဲဒါပဲစားလေ"

"စားချင်ဘူး၊ ဇီးထုပ်တို့နေကြာစေ့တို့ပဲ စားချင်တာ။ ကပ်စေးမနည်းနဲ့လေ။ သူ့ပိုက်ဆံနဲ့ဝယ်ကျွေးရတာ ကျနေတာပဲ။ စိတ်ကောင်းကိုမရှိဘူး"

"ဟ. . . ပြေည့်ပိုက်ဆံလည်း ငါတို့ပိုက်ဆံပဲ။ အတူတူ မျှသုံးကြတာပဲဟာ။ ငါတို့က ညည်းလိုဖြုန်းတာမဟုတ်ဘူး။ လူကြီးဖြစ်နေပြီ။ အသုံးနဲ့အဖြုန်းကို ခွဲခြားတတ်တယ်. . . သိလား"

"သိတယ်. . . သိတယ်။ လူကြီးဆိုတာ ကလေးတွေကို မုန့်တွေဝယ်ကျွေးရတယ်။ အရုပ်တွေ ဝယ်ပေးရတယ်တဲ့။ ကိုသု ဒါလေး





တောင် နားမလည်ဘူးလား။ ဒါနဲ့များ စာဖတ်တယ်တဲ့၊ ရေးလောက်တောင်မှ ဗဟုသုတမရှိဘူး. . . တုံး"

သုခအောင့်သက်သက်ဖြင့် အသံတိတ်ကျိန်ဆဲတော့ သူမက ခုန်ပေါက်ရင်း နောက်ဖေးခန်းသို့ရောက်လာလေ၏။

"ကိုကို. . . ကိုသု, ရေးကိုဆဲတယ်သိလား။ မနက်စောစောဆို ကိုယ်စောင့်နတ်တွေ နတ်ပြည်မှာ နတ်သဘင်စည်းဝေးပွဲသွားတက်နေတာကို ဆင်ခြင်မယ်မရှိဘူး။ ဘုရားမကြိုက်နတ်မကြိုက်တာ ပြုမူတယ်"

"ငချွန်မ. . . ပြိတ္တာမ. . . နှံပြည်စုတ်မ"

"ကြားလား. . . ကိုကို။ ပြောနေပြန်ပြီ"

"ဟင်း. . . ဟင်း, ကဲ, ထကြပါတော့ကွာ. . . မြန်မြန်။ ငါ့ထမင်းအိုးတောင် ကျက်တော့မယ်။ ဈေးက ခုထိမဝယ်ရသေးဘူး"

ထမင်းကြော်အိုးနားကပ်လာပြီး ပဲပြုတ်ညိုညိုလေးတွေကို နှိုက်စားတော့ ချမ်းသာက မျက်နှာသစ်ရန်ဝင်လာရင်း တွေ့သွားလေ၏။

"ဟေ့. . . ညည်း, မုန့်ဟင်းခါးစားမှာမဟုတ်လား။ ဘာဖြစ်လို့ ပဲပြုတ်တွေ ခိုးစားနေတာလဲ။ အဲဒီမှာ ညည်းကိုတာ မပါဘူး



www.burmeseclassic.com

www.burmeseclassic.com

လေ”

“ဘာဖြစ်လဲ. . . ကိုကို့ခွဲတမ်းထဲက နှိုက်စားတာ။ ကိုကို့ရှေ့မှာစားတာ ခိုးစားတာမဟုတ်ဘူး။ လူကြီးဖြစ်ပြီး ညာတတ်တယ်။ အစားကြီး၊ လောဘကြီး. . . ဒါကြောင့် ဗိုက်ကတစ်တောင်လောက်ပူနေတာ။ ဇူဇကာပုဏ္ဏားလို စားတာအကုန်စား. . . အဲဒါ ချမ်းသာများ။ ရေး,ကိုကိုဆို ဘာအဆီပိုမှမရှိဘူး။ ဘယ်လောက်ခန့်လိုက်သလဲ. . . ကြည့်”

“ဟာ. . . ယားတယ်ကွ. . . မကိုင်နဲ့”

သူ့နောက်ကျောမှ လှမ်းဖက်ကာ ဗိုက်ကို လာပုတ်သဖြင့် တွန့်လိမ်သွားတော့ သူမက သဘောကျစွာဖြင့် တဟင်းဟင်းရယ်နေပြန်လေ၏။ သုခတို့နှစ်ယောက်စလုံး ဈေးသွားကြတော့ ဧည့်ခန်းမှာ လှည်းကျင်းသန့်ရှင်းရေး လုပ်လိုက်ပါသည်။ သူမက သူ့နောက်မှ တကောက်ကောက်လိုက်နေလေတော့၏။

“ထိုင်ခုံမှာ ငြိမ်ငြိမ်ထိုင်နေလေ. . . ရေးရယ်။ မညောင်းဘူးလား”

“ရေး. . . ဗိုက်ဆာနေပြီကိုကိုရ”

“သုခကို ခဏစောင့်လိုက်လေ. . . ဒီလမ်းထိပ်လေးတင်ပဲ ဟာ. . . ပြန်လာတော့မှာပဲ”





“ဗိုက်ထဲက အကောင်လေးတွေဟာ အချက်ပြနေပြီ ကိုကိုရ။ အီရန်နဲ့အီရတ်စစ်ပွဲဖြစ်နေပြီ. . . မကြားဘူးလား”

“ဒါဖြင့်. . . ကော်ဖီနဲ့ဘီစကစ်နဲ့ သောက်ထားနှင့်။ ဟုတ်ပြီလား”

“ကိုကို ထမင်းကြော်မကျွေးဘူးလား”

“ရေးက စားနေကျမှမဟုတ်တာ။ ရင်ပြည့်မယ်ကွ, နော်”

“အင်း. . . အင်း”

သုခပြန်ရောက်တော့ သူမကို မုန့်ပွဲပြင်ကျွေးလိုက်၏။ ကော်ဖီပန်းကန်လုံးကို မဆေးရသေးတာမို့ သုခက သူမကိုမျက်စောင်းခဲလေသည်။ ချမ်းသာ,လာတော့မှ ဟင်းချက်စရာရှိတာ ချက်ထားရင်း ထမင်းကြော်စားကြ၏။ သူ့ဘေးနားလာထိုင်ကာ သူ, ခွံ့ကျွေးသမျှ ပဲပြုတ်စားတော့ ချမ်းသာက မကြည်ကြည့်, ကြည့်လေသည်။

“ဗိုက်အိုးလေး သေးပေလို့ပဲ။ ကော်ဖီနဲ့မုန့်ရော၊ မုန့်ဟင်းခါးရော၊ ထမင်းကြော်ပါ ဆံ့တယ်အံ့ရော။ ပြောတော့ဖြင့် ငါ့ကိုများ. . . အစားပုပ်တဲ့”

“ဘာဖြစ်လဲ. . . ကိုကိုကျွေးလို့စားတာပဲ။ ဟွန်း. . .”


www.burmeseclassic.com

www.burmeseclassic.com



"အစားပုပ်မ"

"ကိုချမ်းနော်"

"ကလေးကို မ, စစမ်းပါနဲ့. . . ချေမ်းရာ။ မြို့ထဲရောက်ရင် ငါ့အတွက် ဘောပင် (၂) ဒါဇင်လောက် ဝယ်လာခဲ့ပေးပါဦး။ မနေ့က စာရွက်တွေပဲဝယ်လာဖြစ်လို့"

"အေးပါ"

ချမ်းသာတို့နှစ်ယောက် မြို့ထဲထွက်သွားတော့ ချက်ပြုတ်တဲ့ အလုပ်ကို ပြီးစီးအောင်လုပ်ပြီး အဝတ်လျှော်၊ ရေချိုး၏။ သူမကို ရေချိုးခိုင်းပြီး သနပ်ခါးလူးပေးကာ နေ့ခင်းနေ့လယ်အိပ်စေသည်။ အခန်းထဲမှာ ရေးလက်စစာမူကို ဈာန်ဝင်ဝင်ဖြင့် ရေးနေရာ နေ့လယ်နှစ်နာရီထိုးတော့ နောက်ဘက်မှ ချွတ်ခနဲအသံကြားရ၍ လှည့်ကြည့်လိုက်၏။

"ရေး. . . ဘယ်တုန်းက နိုးနေတာလဲ"

"ကြာပြီ. . . ကိုကိုစာရေးနေတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မပြောဘဲနေတာ။ ရေး, ဗိုက်ကွေအရမ်းဆာနေပြီ"

"ပြောရောပေါ့. . . ရေးရယ်။ နှစ်နာရီတောင်တိုးနေပြီ။ ဆာရောပေါ့. . . လာ"





"ကိုကို ဘာချက်လဲဟင်"

"ရေးဖို့ ကြက်သားကြော်ပေးထားတယ်လေ။ ဘူးသီးဟင်းချိုလေး ချက်ထားတယ်"

"ရေးဖို့ဆိုတော့ ကိုကိုတို့ဖို့က ဘာဟင်းလဲ"

"ငါးမြစ်ချင်းဆီပြန်လေ"

"အဲဒါ စားလို့ကောင်းလားဟင်"

"ရေး. . . အရိုးငြိမှာပေါ့"

"ကိုကိုကျတော့ မငြိဘူးလား"

"ကိုကိုတို့က လက်နဲ့စားတတ်တာကိုး။ နှင်စားတော့ ဘယ်ငြိပါ့မလဲ"

"ဒါဆို. . . ရေးကိုလည်း နှင်ကျွေးလေနော်"

"အင်းပါ"

ထမင်းစားသောက်ပြီး ခဏနားကာ ညနေစာ ထမင်းနည်းနည်း ထပ်တည်လိုက်၏။ နောက်ဖေးကွပ်လပ်လေးမှာ စိုက်ထားသည့်အပင်လေးတွေ ရေလောင်းတော့ သူမပါ သူ့နားမှာ ယောင်လည်လည်ပါနေလေတော့သည်။

"ဟာ. . . ခြံတံခါးစေ့ပြီး မင်းတို့က နောက်ဖေးမှာရောက်



www.burmeseclassic.com

www.burmeseclassic.com



နေရလား။ သူခိုးဝင်ီးရင်တော့ အကုန်ပြောင်ပြီ"

"ငါတို့အိမ်ဝင်ခိုးရင် စာရွက်တွေပဲရမှာ သူခိုးက သိပြီးသား။ ဝယ်တယ်,ဝယ်တယ်ကုလားဝင်ရင်တော့ မပြောနိုင်ဘူး။ ငါမှာတာ ပါရဲ့လား"

"အေး. . . တိုက်မှာ မင်းဆီလာတဲ့စာတွေရောက်နေလို့ ငါ ယူလာခဲ့ပေးတယ်"

"အေးအေး. . ."

ချမ်းသာတို့ထမင်းစားနေစဉ် သူမက သူ ပေါင်းပင်တွေနုတ်နေသည့်နားမှာ လာထိုင်လေ၏။

"ဒါ, ဘာပင်လေးလဲဟင် ကိုကို"

"အာလူးပင်လေ. . . ဝယ်လာတာ အညှောင့်တွေပေါက်နေတာနဲ့ ခွဲခြမ်းပြီးစိုက်ထားတာ"

"မသီးသေးဘူးလား. . . ဟိုမှာ ရုံးပတီသီးတွေကျတော့ သီးနေပြီ"

"အာလူးက သီးတာမဟုတ်ဘူးလေ။ ကြက်သွန်လိုပဲ မြေကြီးထဲဥတာ"

"ဟုတ်လား. . . သိပါဘူး။ ရေးက အာလူးသီးလို့ပဲခေါ်လို့





သီးတယ်ယင်နေတာ"

သူ မြေဖို့တန်တာဖို့ပြီး ဂေါ်ပြားတွေ၊ ခက်ရင်းခွတွေကို ရေဆေးနေစဉ် ချမ်းသာ အသံကွဲကြီးထွက်လာလေ၏။

"ဟာ. . . ငပြည့်ရေ၊ မင်းအပင်တွေ ဆွဲနုတ်နေပြီဟေ့"

"ကိုချမ်းနော်. . . ရေးက အာလူးဥပြီလားသိချင်လို့ ကြည့်တာကို လိုက်ချွန်နေပြန်ပြီ"

သူ့ နဖူးကိုသာ ဖြန်းခနဲရိုက်ချလိုက်မိတော့သည်။ မ,တတ်ပါ့ကတော့ စူးစမ်းချင်တိုင်း စူးစမ်းနေပါရောလား။

"အဲဒီလိုမလုပ်ရဘူးလေ. . . ရေးရဲ့။ နုတ်လိုက်ရင် အမြစ်တွေ ပြတ်ထွက်ကုန်ပြီး အားမရှိတော့ဘဲ သေသွားမှာပေါ့"

"ရေးက ဘယ်လိုဥလဲ သိချင်လို့ပါကိုကိုရဲ့"

"နောက်. . . ဥ တာ့ ကိုကိုပြမယ်ဟုတ်ပြီလား။ နောက်ကို မလုပ်ရဘူးနော်"

"ဟုတ်"

"ဟွန်း. . . ငပြည့်နဲ့ကျရင် ပုတ်သင်ညိုလို လိမ္မာလိုက်တာမှ ဖြူးလို့။ ငါတို့နဲ့ကျ တစ်စက်လေးမှမတည့်ဘူး"

"ကိုချမ်းတို့က စိတ်ပုပ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ. . . ညည်းကိုကိုကတော့ စိတ်ကောင်းရှိတယ်ပေါ့ လေ။ တယ်အမျိုးသိ"

"စိတ်ကောင်းရှိတာပေါ့။ ရေးကို မုန့်တွေလည်းဝယ်ကျွေး တယ်။ အဝတ်အစားတွေလည်း ဝယ်ပေးတယ်။ ဒီလောက် စိတ် ကောင်းရှိပြီး ချစ်စရာကောင်းတဲ့အစ်ကိုမျိုး နှစ်ယောက်တောင် မရှိဘူး"

ပြောပြောဆိုဆို သူ့လက်မောင်းကို လာချိတ်လိုက်သဖြင့် ချမ်းသာကို မျက်စောင်းခဲသတိပေးလျက် အိမ်ပေါ်ပြန်တက်ခဲ့ရ သည်။ နို့မို့ ချမ်းသာတို့စလေ, ဒင်းက သူ့နားပိုကပ်လေ. . . မဟုတ် လား။

ညရောက်တော့ သူ့ပရိသတ်ဆီကလာသည့် စာ (၇)စောင် ကိုဖောက်ဖတ်တော့ သူမကပါ ဘေးနား လာထိုင်ဖတ်လေ၏။

"အံမယ်. . . ဆရာ, ဆရာနဲ့ရေးထားလိုက်တာမှ ညွတ်နေ တာပဲ။ သူ့ကိုယ်သူ ကိုကို့စာအုပ်ထဲက ဇာတ်လိုက်မင်းသမီးထင် နေလားမသိ။ နာမည်ကလည်း ခိုင်ကလျာတင်မေဦးတဲ့။ ဟင်. . . ရှည်လျားထွေပြားလိုက်တဲ့နာမည်။ လက်ရေးကိုကြည့်ရုံနဲ့ နာမည် လုပြီး လူရိုက်ချင်စရာရုပ်မျိုးပဲဖြစ်မှာ. . .။ ကြည့်စမ်း. . . ကိုကို့





ဓာတ်ပုံကို မဂ္ဂဇင်းထဲမှာတွေ့လိုက်ရလို့ ချောလိုက်တာတဲ့။ နောက် ပိုးမ . . . ရေးအစ်ကိုကို စာထဲမှာ အီစီကလီလုပ်လို့ရမယ်ထင်နေ လား။ ဒင်းတော့. . . နာတော့မယ်"

"ဟာ. . . တိုးတိုးဖတ်လေကွာ။ ကိုကို့ပရိသတ်ကို အဲဒီလို မပြောရဘူးလေ။ စာဖတ်ပရိသတ်ရှိလို့ ကိုကိုစာရေးစားလို့ရတာ။ အဲဒါ ကိုကို့ထမင်းရှင်တွေ"

"အာ. . . ကိုကို့ထုတ်ဝေသူက ငွေထုတ်ပေးတာဆို။ ကိုကို့ ထုတ်ဝေသူကမှ ထမင်းရှင်စစ်စစ်"

"ကျွတ်. . . ခက်တာပဲ။ ဘာမှနားမလည်ဘဲ စွတ်ပြော. . . စွတ်မမ"

"ဟင်းဟင်း. . . လုလိုက်တာ။ ကိုကိုနောက်ရေးတဲ့ဝတ္ထုထဲ မှာ အဲဒီနာမည်ထည့်ရေးနော်"

"တတ်ပြန်ပြီ"

ည (၁၀)နာရီထိုးတော့ မနက်ဖြန် ဈေးခေါ်သွားမည်ပြော ပြီး အတင်းအိပ်ခိုင်းရသည်။ နို့မို့ သူတို့သုံးယောက်လုံး အလုပ် ကောင်းကောင်းလုပ်ရဖို့မမြင်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

"ကြည့်လည်းခေါ်ဦးနော် ပြေည့်။ တော်ကြာ သူ့လိုက်ဆွဲနေရတာနဲ့ ကားတိုက်ခံနေရဦးမယ်"

"အေးပါ"

လမ်းထဲမှထွက်လာရင်း ဥက္ကဋ္ဌကတော် ဒေါ်ကြည်ငွေးနှင့် တန်းတိုးလေ၏။

"အမယ်. . . ဒီမောင်နှမနှစ်ယောက် ဘယ်သွားကြမလို့လဲ။ သမီးလေးက တယ်လှနေပါလား"

"ဟင်းဟင်း. . . မြို့ထဲမှာ လျှောက်လည်မလို့အန်တီငွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အင်း. . . ပြန်လာရင် မုန့်ဝယ်လာမယ်သိလား"

"ဟာ. . . လူကြီးကို"

"အေးအေး. . . ရပါတယ်သားရယ်။ သူပြောတတ်သလိုသာ ပြောပါစေ"

ဘတ်စ်ကားခပ်ချောင်ချောင်ပေါ်တက်စီး၍ မြို့ထဲမှာ သူမ အတွက် လိုအပ်သည့်ပစ္စည်းတွေ ဝယ်ရသည်။ Under Wear Counter မှာ အရောင်းစာရေးမလေးတွေလက်ထဲ သူမကိုထည့်ပေး ရင်း သူခဏရှောင်နေရ၏။ ငွေရှင်းပေးတော့ သူ့မျက်နှာက နီချင် ချင်။

ဒိုမီနိုဝင်သောက်တော့ ရုပ်ရှင်ကြည့်ချင်သည်ပြော၍ စကား များကြရသေးသည်။ လက်ညှိုးထိုးပြသည့်ကားက နိုင်ငံခြားကား ဖြစ်နေတာမို့ သူခေါင်းညိတ်ပြ၍ လက်မှတ်ဝယ်ကာ ရုပ်ရှင်ရုံထဲဝင် ခဲ့၏။

မီးမှိန်၍ကြော်ငြာဝင်လာချိန်မှာ လှုပ်စိလှုပ်စိလုပ်နေ၍ သူ လှည့်ကြည့်လိုက်တော့ သူ့ပါးနားကပ်ကာ တိုးတိုးပြောလေသည်။

"ကိုကို. . . ရေး, ရှူးရှူးပေါက်ချင်လာပြီ။ လိုက်ပို့ဦး"





"ဟာ. . . ခုန တစ်ခါတည်းဝင်ခဲ့တာမဟုတ်ဘူး"

"ခုနမှမတက်ချင်သေးတဲ့ဟာ. . . အခုမှတက်ချင်လာတာ ကို။ လိုက်ပို့ဆိုမှ"

"ကဲ, ထထ. . . လာ. . . အတော်အလုပ်ရှုပ်တဲ့ကလေးမပဲ"

Toilet ခပ်စောင်းစောင်းရှိ ခုံမှာဝင်ထိုင်စောင့်ပြီး ရုံထဲပြန် ဝင်လာခဲ့တော့ ရုပ်ရှင်စပြနေပြီဖြစ်၍ အတော်မှောင်နေလေပြီ။ နောက်ဆုံးတန်း ထောင့်ဆုံးခုံမို့ သူမက ရှေ့မှဝင်သွားစဉ် ဘေးခုံ ရှိ လူ၏ခြေထောက်ကိုနင်း၍လဲလေ၏။

"အာ. . . ခြေထောက်ကို နောက်ဆုတ်မထားဘူး"

"sorry"

လွတ်သည့်ခုံမှာ အရင်ဝင်ထိုင်လိုက်သဖြင့် ထောင့်ဆုံးခုံမှာ သူထိုင်ချလိုက်ရ၏။ ဝယ်လာပေးသည့်မုန့်တွေကို တစ်ခုပြီးတစ်ခု ဖောက်စားလိုက်၊ ရုပ်ရှင်ကြည့်ပြီး ရယ်လိုက်လုပ်နေသဖြင့် သူ, ငဲ့ ကြည့်စဉ် သူမနံဘေးမှာ ကောင်လေးသုံးယောက်က ရုပ်ရှင်ထဲစိတ် မဝင်စားဘဲ သူမကို မကြာခဏလှည့်ငေးနေသဖြင့် သူနှာကစ်လာ ရသည်။

"ရေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒီဘက် လာထိုင်ပါလား"

"ဟာ. . . ဒီမှာစိတ်ဝင်စားနေတာကို"

"အဲဒါဆို ကိုကို နေကြာစေ့ ခွာမပေးတော့ဘူးနော်"

"ဟင်. . . ကိုကိုကလည်း"

သူမမျက်ဝန်းလေး သူ့ကိုကြည့်လာလျှင်တော့ သူကတမင်မျက်နှာလွှဲ၍ ပိတ်ကားဆီ စူးစိုက်ကြည့်နေလိုက်၏။ ဘေးက ချာတိတ်တွေ အငမ်းထူသည့်အန္တရာယ်ကိုတော့မမြင်ဘဲ ဇာတ်ကားထဲ အာရုံစိုက်နေတာကိုး။

"ကိုကို"

". . ."

"ကိုကို"

"ဟာ. . . တိုးတိုးလေ"

"နေရာလဲမယ်ဆို"

"မလဲတော့ဘူး"

"ဘာလဲ. . . အဲဒါ စိတ်ကောက်တာလား။ ဟင်းဟင်း. . . ကောက်လည်းမကောက်တတ်ဘဲနဲ့။ ရယ်ရတယ်"





"ဟာ. . . ကျွတ်"

သူ့နှာခေါင်းကိုဆွဲလိမ်လိုက်သဖြင့် ရုတ်ရုတ်နှင့် သူမလက်ကို အသာပုတ်ချလိုက်၏။ ဟင်းနော်. . . ညည်းဘေးက ချာတိတ်တွေ ကြည့်နေပြီကွ။

"ထလေ"

သူ ဖျတ်ခနဲထရပ်လိုက်တော့. . . သူမက ရွှေ့ထိုင်လိုက်၏။ လူနည်းသည့်ပွဲမို့ Air con က အတော်အေး၏။ သူမခေါင်းလေး သူ့ရင်ခွင်ထဲ အလိုလိုရောက်လာလေသည်။

"တည့်တည့်ထိုင်လေ"

"ချမ်းတယ်"

"ဒီလိုနေရင် မုန့်ဘယ်လိုစားတော့မလဲ"

"စားတော့ဘူး"

သူ, သက်ပြင်းကျိတ်ရှိုက်လိုက်ပြီး သူမပခုံးလေးကို အသာထွေးဖက်ထားလိုက်၏။ ရုပ်ရှင်ပြီးသွားတော့ သူမက အိပ်ပျော်နေလေပြီ။ အတော်စိတ်ဝင်တစားကြည့်ရှာတာပဲကိုး။

"ရေး. . . ရေး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ထထ. . . ရုပ်ရှင်ပြီးနေပြီ"

"ဟင်. . . မင်းသားနဲ့မင်းသမီးရော"

"Honey moon ထွက်သွားပြီဟေ့. . . ထ"

ဘေးမှကောင်လေးသုံးယောက်က သူမကိုကြည့်၍ ပြုံးစိစိဖြင့် ကျိတ်ရယ်လိုက်ကြလေ၏။

"ဘာရယ်တာလဲ"

"ဟာ"

"ရေး. . . ဘယ့်နှယ်, သူများကိုရန်လုပ်နေရတာလဲ။ မလုပ်ရဘူးလေ"

"ကိုကိုကလည်း ဒီမှာ ရေးကိုကြည့်ပြီးလှောင်နေတာကို"

"မဟုတ်ပါဘူးဗျ"

"ဘာမဟုတ်ရမှာလဲ"

"ကဲ. . . တော်ဟော့။ 'လာ. . . "

သူမလက်ကို ဆွဲခေါ်ခဲ့တာတောင် ထိုကောင်ကလေးသုံးယောက်ကို လှမ်းပြီးမျက်စောင်းခဲဖြစ်အောင် ခဲလိုက်သေးသည်။ သူမ၏ချစ်စနိုးဟန်လေးကြောင့် ကောင်လေးတွေက စိတ်မဆိုးသည့်အပြင် သဘောတွေကျနေကြလေ၏။





ခက်တော့တာပဲ. . . မရွှေစာရေ။ ညည်းကတော့ အန္တရာယ်ကို လက်ယပ်ခေါ်နေပြန်ပါပြီ။

ကားဂိတ်ရှိရာဆီလာခဲ့စဉ် လမ်းမှာ ဆရာမ မေဘရဏီနှင့် တည့်တည့်ကြီးသွားဆုံလေ၏။

"ဟော. . . ဆရာ မြို့ထဲလာတာလား"

"ဟုတ်တယ်ဆရာမ"

"ဆရာ့ရဲ့ ကျန်ခဲ့တဲ့လကထွက်တဲ့ 'အသက်ရှုမှားလောက်တယ်' စာအုပ်ကို တော်တော်ကြိုက်တယ်ဆရာ။ ဟိုတစ်ခါထွက်ခဲ့တဲ့ 'စိမ်ခေါ်ရင် ဘွာမခတ်စတမ်း' လည်းကြိုက်တာပဲ။ စွန့်စားခန်းတွေ တော်တော်လေးပါတယ်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်ဆရာမ"

"နောက်ကို ဒီ့ထက်ပိုကောင်းတဲ့ ဇာတ်ကွက်လေးတွေထွင်ပြီး ရေးနိုင်ပါစေ. . . ဆရာ။ လူငယ်တွေကတော့ ဆရာ့စာအုပ်တွေကို အသည်းစွဲပဲ"

"ဟုတ်ကဲ့"

ရိုးရိုးသားသားစကားပြောနေပါလျက် သူမက သူ့လက်မောင်းကို အတင်းဆွဲဖက်ထားသည်မို့ ဆရာမက သတိထားမိသွား



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဒါ ဆရာ့ရဲ့နယ်က. . . ညီမလေးလား"

"ဟုတ်ပါတယ်ဆရာမ"

"ထင်တော့ထင်သား. . . နာမည်ကရော ဘယ်လိုခေါ်လဲ ဆရာ"

"သီရိပြည့်စုံပါ"

"လှလိုက်တာနော်။ လူလေးကလည်း ချစ်စရာလေး"

သူမမျက်နှာညိုလာတာကိုရိပ်မိသွားရ၍ ဆရာမနှင့်စကား မြန်မြန်ဖြတ်ရတော့သည်။

"ဆရာမတစ်ယောက်တည်းလား။ ဆရာမရဲ့သားလေးရော"

"သားလေးက မူကြိုတက်နေပြီဆရာရဲ့။ အခု သူ့အဖေမှာတဲ့ ပစ္စည်းလေးတွေ လိုက်ရှာဝယ်နေတာလေ"

"ဪ. . . စက်ဘုပူက ဖုန်းမှန်မှန်ဆက်တယ်မဟုတ်လား ဆရာမရဲ့"

"ဆက်ပါတယ်ဆရာ။ ကျွန်မကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဆရာမနှင့်ကျောခိုင်း လမ်းခွဲခဲ့တာတောင် သူမက သူ့လက်





မောင်းကို လွှတ်မပေးသေးချေ။ သူငုံ့ကြည့်လိုက်တော့ သူမထံမှ မျက်စောင်းတစ်ချက်ကိုရလိုက်၏။

"ဟွန်း! "

"ဟာ. . . အသားလွတ်ကြီး ရန်စောင်နေပါလား"

"အဲဒါ ဘယ်သူတုန်း"

"ကိုကိုတို့စာပေတိုက်က စာရေးဆရာမလေးလေ။ ကိုကိုက စုံထောက်ဝတ္ထုတွေရေးတာ။ သူက အချစ်ဝတ္ထုတွေရေးတယ်။ ဘာဖြစ်လို့လဲ"

"ကြည့်မရပါဘူး။ ဆရာ. . . ဆရာနဲ့ မျက်နှာကိုဖြီးလို့"

"ဪ. . . ကလေးတစ်ယောက်အမေပါ, ရေးရယ်။ ဒီလိုပဲ ဖော်ဖော်ရွေရွေဆက်ဆံရတာပေါ့။ စာပေရောင်းရင်းတွေပဲဟာ"

"မကြိုက်ပါဘူး။ ကလေးတစ်ယောက်အမေသာပြောတယ်။ လှလိုက်တာမှမှုံလို့"

"ဟုတ်လား. . . တော်တော်လှလို့လား"

"ကိုကိုနော်"

သူမက လူလယ်ခေါင်မှာ သူ့ဗိုက်ကိုဆွဲလိမ်လိုက်သဖြင့် သူ ရယ်ချင်စိတ်ကို မနည်းဖျောက်လိုက်ရ၏။ တော်ကြာအဆင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



တက်လာရင် သူမက ရှက်မှာမဟုတ်။ သူက လူကြီးမို့ အရှက်မရချင်ပါလေ။

အိမ်ကိုပြန်ရောက်တော့ ဝယ်လာသည့်ပစ္စည်းတွေကို ထုတ်ပြရင်း သုခတို့ကိုကြွားလေ၏။ မုန့်တွေပါလာတာကို မကျွေးဘူးပြောသဖြင့် ချမ်းသာက ထလုရာ တစ်အိမ်လုံး သူမအော်သံတွေဖြင့် ဆူညံနေလေတော့သည်။

"ဟာ. . . ချမ်းနဲ့သု, ကလေးနဲ့ဖက်ပြီးလုစရာလားကွ။ နားအူလိုက်တာ"

"မင်းဟာလေးက မုန့်လာပြပြီး မကျွေးဘူးပြောတာကိုး"

"အံမယ်. . . ကိုချမ်းနဲ့ကိုသုက ရေးကို ဘယ်နှခါများ မုန့်ဝယ်ကျွေးဖူးလို့လဲ"

"ကျွေးတယ်လေ။ ညည်း, စရောက်တဲ့နေ့က,စားတဲ့ ကော်ဖီနဲ့ပေါင်မုန့်က မုန့်မဟုတ်လို့. . . ဘာလဲ"

"အန်. . . အဲဒါ, ကိုကိုဝယ်ထည့်ထားတဲ့ဟာတွေပဲ, ဟာကို"

"အတူတူပဲလေ"

"မတူပါဘူး။ ဦးကပ်စေးတွေကများ. . . ဟွန်း"

"အေးနော် ညည်းအလှည့်မှတ်ထား။ ငါတို့ငွေထုတ်တဲ့နေ့မှ





မာလကာသီးတို့၊ စပျစ်သီးတို့ ဝယ်ခဲ့နော်ဆိုလို့ကတော့ လုံးဝပဲ"

"ဟင်. . . အားကြီးကြီးဝယ်လာပါလိမ့်မယ်။ သူတို့ဟာ သူတို့ကွမ်းဖိုး၊ ဆေးလိပ်ဖိုးနဲ့ 'အမြဲမလောက်တဲ့သူကများ"

"ပြည့်နော်. . . မင်းဟာလေး ကြည့်ဆုံးမထား။ ငါတို့ကိုဒေါက်ဖြုတ်တာ အကြိမ်ပေါင်းမနည်းတော့ဘူး"

"ကိုယ့်ကိစ္စကိုယ်မရှင်းဘဲ, ဘယ့်နှယ် ငါ့ကိုလာဆွဲထည့်တာလဲ"

"အေးလေ. . . ရေးကိုတောင် နိုင်အောင်မပြောဘဲနဲ့များ၊ စည့်"

"ညည်းကိုမနိုင်ရင် ညည်းအစ်ကိုကိုလုပ်မှာပေါ့"

"လုပ်ရဲလုပ်ကြည့်ပါလား။ ရေးက ခံမှာမဟုတ်ဘူးနော်။ ထိရဲထိကြည့်"

ချမ်းသာနှင့်သုခက သူမကိုစ၍ကောင်းနေသည်မို့ သူ့နားကိုဝုန်းခနဲပြေးလာကာ သုခက သူ့လည်ပင်းကိုညှစ်လိုက်သလို ချမ်းသာက သူ့လက်မောင်းတစ်ဖက်ကို ခပ်နာနာလေးထိုးလိုက်ကြလေ၏။

"ကဲ. . . လုပ်တယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုချမ်းနဲ့ကိုသုနော်. . . ကိုကို့ကို ခုလွှတ်ပေး”

“မလွှတ်ဘူး. . . သေအောင်သတ်မှာ”

“မလုပ်နဲ့နော်. . . မလုပ်နဲ့ဆို. . . ကဲ”

ဆက်တီစားပွဲပေါ်တင်ထားသည့်ဆေးလိပ်ပြာခွက်ဖြင့် ချမ်းသာ၏ခေါင်းကိုထုချလိုက်ပြီး သုခလက်မောင်းကို ဖျတ်ခနဲဆွဲကိုက်လိုက်လေ၏။

“ဟာ”

“ရေး. . . မလုပ်ရဘူးလေ။ ငသုတို့က ရေးကိုချစ်လို့စတာလေ. . . ရေး”

“အား. . . လုပ်ဦး. . . ငပြည့်ရေ။ ဒီမှာ မလွှတ်တော့ဘူး၊ နာလိုက်တာကွာ”

သူ ထိုင်ခုံမှာထိုင်နေရာမှထ၍ သူမကိုယ်လုံးကို အတင်းဆွဲမကာ ဖယ်လိုက်မှ လွှတ်သွားတော့သည်။ ချမ်းသာနောက်စေ့မှာ ဘုတစ်လုံးထွက်လာသလို သုခလက်မောင်းမှာ သွားရာအကွင်းလိုက်ကြီးဖြင့် ချက်ချင်းညိုတက်လာလေ၏။

“ခွေးမလေး. . . ငါတော့ ဗိုက်မှာဆေးထိုးရပါပြီ”

“ရေးရယ်. . . စလို့စမှန်းမသိ”





“အီးဟီးဟီး. . . ကိုကို့ကိုဝိုင်းနှိပ်စက်ကြတယ်။ ကိုချမ်းနဲ့ကိုသုကိုသိပ်မုန်းတာပဲ”

“ဟာ. . . မငိုနဲ့လေ။ အဲဒီလိုမပြောရဘူး. . . ရေးရဲ့”

“မသိဘူး. . . သိပ်မုန်းတာပဲ။ ရေးကိုကို့ကို ဝိုင်းလုပ်ကြတယ်. . . အီး”

“ရော်. . . နာတဲ့သူတွေက မငိုရဘူး။ သူက အရင်ငိုရတယ်လို့. . . တကယ့်ဟာပဲ”

“ခက်လိုက်တာ ရေးရယ်။ တိတ်တိတ်. . . ကိုကိုဘာမှမဖြစ်ပါဘူး”

“ကိုကို့ကို လည်ပင်းညှစ်သတ်နေတာလေ”

“ဩော်. . . တကယ်ႏ သတ်ပါဘူး, ရေးရဲ့။ စတာပါ”

“ဟင့်အင်း. . . ဟင့်အင်း”

သူမက သူ့ရင်ခွင်ထဲ အတင်းခေါင်းတိုးဝင်းလာသဖြင့် သူ အသာထွေးပိုက်ထားလိုက်မိ၏။ အစ်ကိုကို ဒီလောက်တောင်ချစ်ရှာလွန်းလို့ ဒီလိုစိတ္တဇကိုခံစားနေရရှာတာပါလား. . . ရေးရယ်။

“ငချမ်း. . . သောက်ရေတစ်ခွက်လောက် ခပ်ပေးပါကွာ။ ပြီးရင်. . . ဆန်ပုံးထဲက ဆန်လက်တစ်ဆုပ်လောက်ဝါးပြီး ငသု



www.burmeseclassic.com

www.burmeseclassic.com



လက်အနာကိုအုံပြီးရင် ပတ်တီးစည်းထားပေးလိုက်”

“အေးအေး. . .”

ချမ်းသာ ရေခပ်လာပေးတာကို ချော့တိုက်တာတောင် မျက်ရည်ကမတိတ်၊ ရှိုက်သံကမစဲ. . . သုံးယောက်သား စိတ်မကောင်းဖြစ်ပြီး ဝိုင်းချော့ကြမှ သူမမျက်နှာမှာ အပြုံးယဲ့ယဲ့ကိုမြင်ရလေ၏။

“ကဲ. . . ရေချိုး၊ ပြီးရင် ထမင်းစားကြရအောင်”

“စားချင်ဘူး”

“ရေးက သွားရည်စာသိပ်စားတာပဲ။ ဒါကြောင့် ထမင်းမစားနိုင်တာပေါ့။ တော်ပြီ. . . နောက်ကို နေ့လယ်တစ်ကြိမ်ပဲ မုန့်စားရမယ်။ နို့မို့ ထမင်းမစားရင် ဘယ်အားရှိမှာလဲ”

“ကိုကိုခွံ့ကျွေးမှာလား”

“အင်း”

“ဒါဆို နည်းနည်းတော့စားမယ်”

“ဒါဖြင့်ရေချိုးလေ. . . ထ”

သူတွဲထူပေးပြီး သူမရေချိုးတာကို ထိုင်စောင့်ရသေးသည်။ သနပ်ခါးသွေးပေးနေစဉ် သူမအဝတ်လဲတော့ သူ မျက်နှာလွှဲထားရလေ၏။ သနပ်ခါးလူးပေး၊ ခေါင်းစည်းပေးပြီးတော့ ထမင်းခွံ့ကျွေးရပြန်သည်။ ညှော်ခန်းမှာ သူငယ်ချင်းသုံးယောက်သား စကားပြောကောင်းနေစဉ် သူ့ပေါင်ပေါ်မှာ ခေါင်းလာတင်ရင်း အိပ်ပျော်သွားသည့်သူမကို အိပ်ခန်းထဲပို့ပေးလိုက်ရ၏။

အင်း. . . တစ်နေ့ပြီးပြန်ပါရောလား. . .

သူမနဲ့ပတ်သက်တဲ့သတင်းဆိုလို့ ဘာဆိုဘာမှမရသေးပါလားနော်။

❁ ❁ ❁







www.burmeseclassic.com

www.burmeseclassic.com





အခန်း ( ၆ )

မနက်သုံးနာရီအထိ အလုပ်ထဲ စျာန်ဝင်သွားကြသဖြင့် သုံးယောက်သား နေထွက်သည်ထိအိပ်ပျော်နေတော့၏။

"ဒုန်း! "

"အား. . . ကိုကိုရေ"

"ဟာ. . . ဘာဖြစ်ပြန်ပြီလဲ"

သူအိပ်ရာထဲမှ အမြန်ကျုံးထ၍ အိမ်နောက်ဖေးဘက် ပြေးဝင်ခဲ့တော့ စားပွဲပေါ်မှာတင်ထားသည့် ဇလုံထဲမှ ထမင်းကြော်က ချိုးတူးနံ့လေးသင်းလို့. . .။ မီးဖိုပေါ်မှာ တင်လက်စဒယ်အိုးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြက်ဥက ဆီထဲမှာနစ်နေလေ၏။

"ဘာတွေလျှောက်လုပ်နေတာလဲ။ မီးတွေထလောင်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ ဖယ် . . . ဖယ်"

သူ ဒယ်အိုးကို လက်ခုဖြင့်ကိုင်၍ အမြန်ချလိုက်၏။ ကြက်ဥက အနှစ်ပေါက်ပြီး ဆီစင်တာကို လန့်အော်လိုက်ပုံရလေသည်။ ဆီစင်တာကိုရှောင်ပြီး ချော်လဲတော့ ခွေးခြေပုလေးပေါ် မှောက်တင်ထားသည့်ငရုတ်ဆုံပါ အလဲလဲအပြိုပြို။

"ရေးရယ် . . . မလုပ်တတ်ဘဲ ဘာတွေလျှောက်လုပ်နေတာလဲ။ ကြည့်စမ်း! လက်မှာ ဆီပူလောင်သွားပြီမဟုတ်လား။ လာ . . . ဆေးထည့်ပေးမယ်။ ခက်တာပဲ . . . ဒီအိမ်ရှင်မလက်သစ်နဲ့ ငါတို့တော့ မီးသွေးတုံးဖြစ်တော့မှာပဲ"

သူ မီးဖိုပေါ် ရေနွေးအိုးတင်ကာ သူမလက်ကို ဆေးပြာလေး လူးပေးတော့ သူမက တရှုပ်ရှုပ်ငိုရင်း တီးတိုးပြောလေ၏။

"မနေ့ညက ကိုသုတို့ပြောတာတွေကြားလို့ ရေးအလုပ်တွေ ထလုပ်မိတာပါကိုကိုရဲ့"

"ငသုတို့က ဘာတွေပြောလို့တုန်း"

"ရေးရောက်လာတာ အိမ်မှာကူဖော်မရဘူးတဲ့။ ရေးက လူ





ပိုသက်သက်၊ ကိုကိုတို့ကိုဒုက္ခပေးဖို့ ရောက်လာတာတဲ့။ မိန်းကလေး ဖြစ်ပြီး ဘာမှမလုပ်တတ်ဘူးတဲ့ကိုကိုရဲ့။ မိဘက မဆုံးမ၊ မအေက မသင်ပေးဘူးလားမသိဘူးလို့ပြောနေကြတယ်"

"မဟုတ်ပါဘူးကွာ"

"ဟုတ်တယ် . . . ကိုကိုရဲ့။ သူတို့ပြောနေတုန်း ကိုကိုက အိမ်သာထဲရောက်နေတော့ ဘယ်ကြားမှာလဲ။ ရေးကို . . . ရေးကိုသင်ပေးရအောင် ရေးမှာ မေမေမှမရှိတော့တာ။ ရေးငယ်ငယ်ကတည်းက ဆုံးသွားတာကြာပြီပဲဟာကို။ ပြီးတော့ . . . ရေးကို ကိုကိုက ထိခိုက်မိမှာစိုးပြီး မီးဖိုချောင်ကို ဝင်မှမဝင်ခိုင်းတာ။ ကိုကိုပဲ ရေးကို ချက်ကျွေးလာတာ။ ရေး ဘာမှမလုပ်တတ်ဘူး။ အခုတောင် ကိုကို လုပ်တာတွေကြည့်ထားပြီး လုပ်ထားတာ။ ကိုကိုစားပါစေဆိုပြီး ကြက်ဥကြော်ရင်း ဆီပေါက်ခံရတာပေါ့"

"ရေးရယ် . . . ကိုကို စိတ်မကောင်းလိုက်တာ။ နောက်ကို ဘာမှမလုပ်ပါနဲ့ကွာ။ အခုလည်း ကိုကိုတို့ တစ်ယောက်တစ်လှည့် ချက်ကျွေးနေတာပဲမဟုတ်လား။ ရေးစားချင်တာကိုသာပြောနော်"

"ရေးက မိန်းကလေးဖြစ်ပြီး . . . ကိုကိုတို့ချက်ကျွေးတာကို အဆင်သင့်စားနေရတာကြာတော့ အားနာလာတာပေါ့ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုသုတို့ပြောတာကို ရေးစိတ်မဆိုးပါဘူး။ ဒါအမှန်တရားတွေပဲ ဟာ။ ဒီနေ့ကစပြီး ရေးချက်တတ်ပြုတ်တတ်၊ လျှော်ဖွပ်တတ်အောင် သင်ပါ့တော့မယ်။ ရေးကို ကိုကိုသင်ပေးပေ့ါနော်"

"ရေးပင်ပန်းမှာပေ့ါ။ ကိုကိုဘယ်ကြည့်ရက်ပါ့မလဲကွာ"

"ဒီအလုပ်တွေက အိမ်ရှင်မတိုင်း တတ်ထားရမယ့်အလုပ် တွေမဟုတ်လား။ ရေး, သင်ကိုသင်ရမှာပါ"

"ဘာလဲ, ရေးက အိမ်ရှင်မဖြစ်ချင်ပြီလား။ ဒါဆို ယောကျ်ား ယူတော့မှာပေ့ါလေ"

"ဟင်. . . ကိုကိုနော်။ ဘာမှန်းလဲမသိဘူး"

သူ ဟက်ခနဲ ရယ်မောလိုက်မိပြီး အမှတ်တမဲ့ သူမနဖူးကို ငုံ့မွှေးလိုက်မိ၏။ ဘုရားရေ. . . သူစိမ်းမိန်းကလေးတစ်ယောက်ကို သူဒီလိုပြုမူသင့်သလား. . . မဟုတ်သေးပါဘူး။ သူ့စိတ်က တကယ့် ကို ဖြူဖြူစင်စင်ပါ။ အရိုးသားဆုံးနဲ့ ပြုမူလိုက်မိတာပါရေးရယ်။

"ဟာ. . . ဘာတွေလုပ်နေကြတာလဲ။ မီးဖိုချောင်တစ်ခုလုံး လည်း ညှော်လို့ပါလား"

"ဒီမှာလေ. . . မမက ငါတို့ဖို့ စေတနာတွေဗလပွနဲ့ ထမင်း တွေကြက်ဥတွေ ကြော်ကျွေးနေတာဟေ့"





"ဟော"

"အဲဒီမှာ ထမင်းချိုးတူးကြော်လေးနဲ့ breakfast လေးနွှဲကြ ရအောင်"

"ကောင်းကွာ"

မျက်နှာသစ်၊ သွားတိုက်အလုပ်တွေ အမြန်လုပ်ပြီး ထမင်း ဝိုင်းလေးမှာ ဝိုင်းထိုင်ကြတော့ သူမက သူတို့ဖို့ ထမင်းကြော်ကို ခပ်ပေးလေ၏။ တစ်ယောက်တစ်ဖွန်းစားပြီးသည်နှင့် မျက်နှာတွေ ကိုကြည့်ပြီး ပြုံးလိုက်မိသည်။

"ကောင်းလား"

"အင်း. . . ကောင်းတယ်. . . ဂွတ်ရှယ်ပဲ"

သူမက ခပ်ပြုံးပြုံးမျက်နှာဖြင့် ထမင်းကြော်နည်းနည်းထည့် ကာ သူ့ဘေးနားမှာလာထိုင်ပြီး ခပ်စားလိုက်လေ၏။ ရှုံ့တွသွားသည့် မျက်နှာဖြင့် သူ့ကိုမော့ကြည့်လိုက်တော့ သူတို့သုံးယောက်သား အုံး ခနဲရယ်လိုက်မိတော့သည်။

"အား. . . ငန်လိုက်တာ။ ကိုကိုပြောတော့ ဂွတ်ရှယ်ဆို"

"အေးလေ. . . လက်ရာသစ်ဆိုတာ ဒီလိုပဲ. . . ဘယ်အစပ် အဟပ်တည့်ဦးမှာလဲ။ သည်းခံပြီးစားရတာပေ့ါ။ မဟုတ်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com

သေုနဲ့ ချမ်းရယ်"

"ဟုတ်ပ"

"သွားပါပြီ. . . အကုန်သွန်ပစ်ရမှာ၊ နှမြောစရာကြီး"

"ကဲပါ. . . စားမနေနဲ့တော့။ ကိုကိုနဲ့ဈေးလိုက်ခဲ့၊ ဈေးထဲမှာ မုန့်ဟင်းခါးဝယ်ကျွေးမယ်။ ပြီးရင် အတူချက်ကြတာပေါ့"

"ဟာ. . . ဒါဖြင့် ငါတို့က ဗိုက်ဟောင်းလောင်းနဲ့နေခဲ့ရမှာလား ပြေည့်ရ"

"ရေးတို့ဝယ်လာပေးမှာပေါ့ ကိုသုရဲ့"

"အိမ်မှာကျန်ခဲ့ရတာ ပျင်းစရာကြီး။ ငါတို့ပါ လိုက်ခဲ့မယ်ကွာ"

"ပြီးတာပဲ. . . ဒါဖြင့်သွားစို့"

မီးဖိုထဲမှ မီးခဲများအရင်သတ်ကာ အိမ်တံခါးသော့ခတ်၍ လေးယောက်သား ဈေးသို့ထွက်လာခဲ့ကြ၏။ မုန့်ဟင်းခါးဆိုင် အရင်ဆုံးဝင်ထိုင်တော့ ဆိုင်ထဲမှထွက်လာသည့် ဥက္ကဌကတော် ဒေါ်ကြည်ဌေးက နှုတ်ဆက်လိုက်လေသည်။

"ဒီနေ့တော့ လူစုံတက်စုံကို ဈေးလာကြတာပါလား။ ဟဲ့. . . မောင်သုခ လက်မောင်းမှာပတ်တီးကြီးနဲ့ပါလား။ ဘာဖြစ်တာလဲ"





"အိမ်မှာမွေးထားတဲ့ခွေးမလေး ကိုက်လိုက်တာ ဒေါ်လေးရေ့။ ညနေကျရင် ဆေးခန်းမှာ ဆေးသွားထိုးရဦးမယ်"

"ဟုတ်လား"

"ကိုသုနော်. . . ကိုကို၊ ဒီမှာရေးကို ခွေးနဲ့နှိုင်းနေပြီ။ ကြည့်ပြောပေးဦး"

"ကိုက်ရုံတင်မကသေးဘူး ဒေါ်လေးရေ။ ကျွန်တော့်နောက်စေ့ကို ဘုထွက်အောင် ထုသေးတာဗျ။ မလွယ်ပါဘူး"

"ဟဲ့. . . ဘယ်လိုဖြစ်လို့တုန်း"

"သူ့အစ်ကိုကို ဝိုင်းသတ်လို့ဆိုပြီးလုပ်တာ ဒေါ်လေးရေ့။ သူ့အစ်ကိုကို ဆတ်ဆတ်တောင်အထိမခံဘူး"

"ဩော်. . . အစ်ကိုကို အတော်ချစ်ရှာတဲ့ကလေးမလေးပဲ ကိုး။ သူမကြိုက်ရင် မစကြနဲ့ပေါ့ကွယ်။ ကလေးမလေး သနားပါတယ်"

"ဟင်းဟင်း. . . သူ့အကြောင်းအကုန် ဒေါ်လေးမသိသေးဘူးနော်။ အိမ်မှာလာနေကြည့်၊ တစ်နာရီအတွင်း ကောင်းကောင်းကြီးသိသွားလိမ့်မယ်. . . စိတ်သာချ"

"ဟာ. . . သေုကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ယောကျ်ားကြီးတန်မဲ့ အတင်းကလည်း အုပ်တတ်ပ။ နော်. . . အန်တီဒွေးရယ်"

"ဟုတ်ပ့ါတော်. . . ဟုတ်ပ့ါ"

ဒေါ်ကြည်ဒွေးက သူမအလိုကျပြောပြီး ဈေးထဲမှပြန်သွားလေ၏။ မုန့်တွေလာချပေးကော့ သုခက ငရုတ်သီးမှုန့်ဖြူး၊ ငံပြာရည်ဆမ်းလိုက်သဖြင့် သူမက နှာခေါင်းရှုံ့၍ မေးငေ့ါပြလိုက်လေသည်။

"ကြည့်. . . တွေ့လား။ အစပ်တွေ ဒီလောက်နင်းကန်စွတ်စားမှတော့ ဒီပါဝါတွေက မတက်ပဲရှိမလား"

"ရှည်ပြန်ပြီ. . . ပါလေရာ ငါးပိချက်"

"ရေးပြောတာ မှန်တာပဲဟာ။ နော်. . . ကိုကိုရယ်"

"အေး. . . ဟုတ်တာပဲ။ ကဲ. . . စားစား, ရေး၊ ဈေးဝယ်စရာတွေ ရှိသေးတယ်"

ဈေးထဲမှာ အချိန်အတော်ကြာမွှေနှောက်၍ ဝယ်လာခဲ့ရ၏။ သူမကြိုက်သည့် ကြက်ကိုတစ်ခြမ်း၊ ခေါက်ဆွဲခြောက်ထုပ်များ၊ အာလူး၊ ငါးခြောက်၊ အမဲခြောက်၊ ကြက်သွန်အနီနှင့်အဖြူ၊ ချင်း၊ မဆလာ၊ ငရုတ်အကြမ်းထောင်း၊ အကျက်မှုန့်၊ အရောင်တင်မှုန့်၊ မန်





ကျည်းသီးမှည့်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်နှင့်မျှစ်၊ တညင်းသီး၊ ရှောက်ရွက်၊ သခွားသီး၊ ငရုတ်သီးစိမ်း၊ ရုံးပတီသီး၊ ဂေါ်ရခါးသီး၊ ဘူးသီး၊ ခရမ်းချဉ်သီးနှင့် နံနံပင်စသည် စုံလင်အောင်ဝယ်၍ ပြန်လာရင်းသုံးယောက်စလုံးမှာ အထုပ်ကိုယ်စီဖြစ်သွားတော့သည်။

အသားတန်းဘက် တစ်ခေါက်ပြန်လှည့်၍ ပုစွန်နည်းနည်း၊ ဝက်သား (၅၀)သား၊ ငါးမြစ်ချင်းနှစ်ကောင်ကိုချိန်၍ပြန်လှည့်ခဲ့ကြတော့ သူမလက်ညှိုးညွှန်သည့်မုန့်ပိစိပေါက်စတွေကို ဝယ်ကျွေးရပြန်၏။ မုန့်ဗိုင်းတောင့်၊ ရွှေကြည်ဆနွင်းမကင်း၊ ကောက်ညှင်းပေါင်း၊ မုန့်လိပ်ပြာ၊ ရွှေထမင်းနှင့် မုန့်လုံးရေပေါ်ထုပ်တို့ကိုသာ သူမက ကိုင်၍လိုက်လာလေသည်။

"အတော်အားကိုးရတဲ့ညီမပဲ။ ချက်ပြုတ်ဖို့ကျ ဝိုင်းကူသယ်မပေးဘဲ သူစားဖို့ချည်းပဲ သယ်လာရတယ်လို့"

"ကိုသုတို့က အကြီးပဲ. . . သယ်ကြပေ့ါ။ ဟွန်း. . ."

"ဒါဆို နင့်လက်ထဲကမုန့်တွေ အိမ်ရောက်ရင် ငါတို့ကိုကျွေးမှာလား"

"ဟင်. . . အစားက လိုက်ပုပ်ပြန်ပြီ"

"ဟုတ်သားပဲ. . . ရေးရဲ့။ ကောက်ညှင်းတွေက အများကြီး



www.burmeseclassic.com

www.burmeseclassic.com



စားရင် ရင်ခေါင်းတောင့်တတ်တယ်။ ရေးတစ်ယောက်တည်းစားလို့ ကုန်မှာမှမဟုတ်ဘဲ။ နည်းနည်းပြန်ကျွေးလိုက်ပေါ့"

"အန်. . . နည်းနည်းပဲကျွေးမှာနော်"

"ငါက ကောက်ညှင်းပေါင်းကြိုက်တာဟ"

"အေးလေ. . . ငချိတ်နံ့လေးက မွှေးနေတာပဲ။ ငါ့ကို မုန့်ဗိုင်းတောင့်နဲ့ မုန့်လုံးရေပေါ်ကျွေး"

"အာ. . . ပြောရင်းနဲ့များများလာပြီ။ မုန့်လုံးရေပေါ် ကျွေးပါဘူး။ မရေးနဲ့ကိုကိုစားမလို့ပါဆိုမှ"

"ညည်းမုန့်တွေက အုန်းသီးနဲ့လွတ်တာ တစ်ခုမှမရှိဘူး။ ပြီးရင် ချောင်းဆိုးဦးမယ်"

"တွေ့လား. . . သူတို့စားချင်တာနဲ့ ရေးကိုရောဂါအကြောင်းပြပြီး ခြိမ်းခြောက်နေပြန်ပြီ။ သွား. . . မခေါ်တော့ဘူး"

သူမ နှုတ်ခမ်းစူ ခြေဆောင့်၍ ရှေ့မှဘောက်ဆတ်၊ ဘောက်ဆတ်လျှောက်သွားတော့ ကျူရှင်တက်ရန် စက်ဘီးကိုယ်စီဖြင့်ထွက်လာသည့်ချာတိတ်တွေက ပြုံးစိစိဖြင့်ကြည့်လိုက်ကြလေသည်။

"ဘာကြည့်တာလဲ"

"လှလို့"





"ဘာ! "

"ဟာ. . . ရေး. . . ဘယ်လိုဖြစ်နေတာလဲ။ ကျွတ်! "

"ဒီမှာလေ. . . ရေးကိုစနေတာ ကိုကိုမကြားဘူးလား။ သိပ်အမြင်ကပ်ဖို့ကောင်းတာပဲ"

"ကဲကဲ. . . ညီတို့လည်း သွားစရာရှိတာသွားကြ။ ကိုယ့်ညီမက ခပ်စွာစွာရယ်"

"ဆရာ့ညီမက ညိုညက်ညက်လေးမဟုတ်ဘူးလား။ မနှစ်ကတွေ့ဖူးလိုက်ပါတယ်။ အရပ်လည်း အမြင့်ကြီးပဲလေ"

"ဟုတ်တယ်၊ အဲဒါက အမေ့ဘက်က ဝမ်းကွဲ။ ဒါက အဖေ့ဘက်က"

"ဟုတ်လား. . . ညီမတွေများလိုက်တာနော်။ ချောချောလှလှလေးတွေချည်းပဲ"

"ဘာပြောတယ်"

ကောင်လေးတွေက သူမဒေါသထွက်အောင် ပြုံးစိစိ စပြီးမှ စက်ဘီးကို နင်းထွက်သွားကြလေ၏။ သူမ ဒေါဖောင်းနေရင်းမှ ငြိမ်သက်သွားလေသည်။ အိမ်ပြန်ရောက်တော့ သိမ်းတန်တာသိမ်း၊ ချက်တာချက်ဖြင့် သုံးယောက်စလုံး အလုပ်ရှုပ်နေကြသဖြင့် သူမကို



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိကြ။ သူခုတ်ထစ်ပေးသည့် ကြက်သားတွေ၊ ငါးတွေကို ချမ်းသာကြော်ပေးတော့ သူခက အညော်ရှောင်ရန် ဧည့်ခန်းသို့ ထွက်သွားလေ၏။

"ဒီဇလုံထဲကဟာတွေက ချက်မှာလား"

"အေး. . . ခရမ်းချဉ်သီးလေးနဲ့ နံနံပင် အုပ်ချက်မှာ။ ငါ ငရုတ်သီးထောင်းဦးမယ်။ ကြက်သားကို အရင်ကြော်နော်။ တော် ကြာ. . . ဟိုချာတိတ်မက ဆာတာနဲ့ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ထအော်ကတ်လွန်းလို့"

"အေးပါကွာ. . . ငါတို့အိမ်ကို ဘယ်သိုက်နန်းက မင်းသမီး ကြွလာမှန်းကို မသိတော့ပါဘူး"

ချမ်းသာက ဆီအိုးထဲသို့ ကြက်သားတွေထည့်ကြော်စဉ် သူ ခရမ်းချဉ်သီးတွေလှီးစိတ်၍ ကြက်သွန်အခွံနွှာနေလိုက်၏။ မီးဖိုဝ သို့ သုခပြန်ရောက်လာလေသည်။

"ဟာ. . . ငသု အညော်မိမယ်လေ။ ဘာလာလုပ်တာလဲ"

"မင်းကြီးဒေါ် ငိုနေလို့ပေါ့။ မုန့်တွေထုတ်စားနေပြီမှတ်လို့ ငါကြည့်လိုက်တော့ မရွှေချောက ကုလားထိုင်မှာ ငုတ်တုတ်လေး ထိုင်ပြီး တရှုံ့ရှုံ့ငိုနေပြီ"





"ဘာ. . . မင်းသွားစပြန်ပြီလား"

"ဘယ်ကသာ. . . ငါ့ဟာငါတောင် အားတာမဟုတ်ဘူး။ မင်းလုပ်နေတာတွေထားခဲ့။ ဟိုမှာ သွားချော့လိုက်ဦး"

"ကျွတ်. . . ခက်တာပဲ။ ဘာဖြစ်ပြန်ပြီလဲမသိ"

သူ လက်အမြန်ဆေး၍ ဧည့်ခန်းတဲထွက်လာတော့ သူမက တကယ့်ကို ဝမ်းပန်းတနည်းငိုကျွေးနေသည်မှာအမှန်ပင်။ ဘုရား ရေ. . . ဘာကိုများသတိရပြီး ဒီလောက်ထိငိုနေရပြန်တာလဲ။

"ရေး"

". . ."

"ရေး. . . ဘာဖြစ်လဲ။ ကိုကိုမေးနေတယ်လေ"

"အီး. . . ရေးက ကိုကို့ညီမမဟုတ်ဘူးလားကိုကိုရဲ့"

"ဟောဗျာ. . . ဟုတ်တယ်လေ။ ကိုကို့ညီမလေးမို့လို့ ကိုကို့ အိမ်ပေါ်မှာ နေခွင့်ရတာပေါ့။ အဲဒါက ဘာဖြစ်ရပြန်တာလဲ"

"ဟင့်ဟင့်. . . ကိုကို့မှာ ဘာဝမ်းကွဲညီမမှရှိတာမှမဟုတ်ဘဲ။ ရေးကို ဘာလို့ ဝမ်းကွဲညီမလို့ ညာပြောရတာလဲလို့"

"ဟင်. . . ဘယ်မှာ ညာပြောလို့လဲ"

"ခုန. . . ဟိုကောင်လေးတွေကို ပြောလိုက်တာလေ။ ရေးက



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အဖေဘက်ကလို့ ဘာလို့ပြောရတာလဲ"

"ဟိုက်! "

အဲဒါမှ ခွကျတာပဲ။ သူက တစ်ဦးတည်းသောသား။ မိဘတွေက နယ်မှာ။ ဘာညီ၊ ဘာညီမမှ အရင်းခေါက်ခေါက်ရှိတာမဟုတ်။ ခင်တွယ်စရာဆိုလို့ ဝမ်းကွဲညီမတစ်ယောက်နှင့် ညီတစ်ယောက်သာရှိတာ။ သူတို့ကလည်း နယ်မှာပဲရှိပြီး မကြာမကြာ ဒီကိုလာလည်ရုံသာ။ ဒီသူငယ်မကိုတော့ ဘယ်လိုလို့မှ့ရမှန်းကိုမသိတော့ပါဘူး။ အတိတ်မေ့သလိုလို၊ ဦးနှောက်ပျက်သလိုလိုကလေးမက ဒီကိစ္စကို ချက်ခနဲသိလိုက်တာပါလား။ ဉာဏ်ကလည်း ပြေးပါ့။

"ပြောလေ. . . ကိုကို"

"ရေးက. . . ရေးက"

သူ ဘာဆက်ပြောရမှန်းမသိခင် သုခက အမြင်ကပ်ကပ်ဖြင့် အနားရောက်လာပြီး အော်ပါတော့သည်။

"အေး. . . ဟုတ်တယ်ဟေ့။ ညည်းက ပြည့်စုံရဲ့ညီမအရင်းခေါက်ခေါက်. . . ရေတောင်မရောဘူး။ မာလိုက်တာမှ ဒေါ်င်ခနဲတောင်မြည်သေး"

"ဒါဖြင့် ညီညုက်ညက်လေးဆိုတာကရော"





"အဲဒါ ငါ့ညီမဟေ့. . . ရှင်းပြီလား"

"ဟုတ်လားကိုကို"

"အင်း"

"တကယ်နော်"

"တကယ်ပေါ့"

"ဟုတ်တယ်၊ ရေးမှာလည်း ကိုကိုတစ်ယောက်ပဲရှိတာ။ ကိုကို့မှာလည်း ရေးတစ်ယောက်တည်းပဲရှိတယ်။ ကိုကို့ကို ဘယ်သူမှ လာယူလို့မရဘူး။ ဘယ်သူမှလည်း လာမချစ်ရဘူး။ ကိုကို့ကို ရေးပိုင်တယ်။ ဒါပဲနော်"

ဖျတ်ခနဲထရပ်၍ သူ့လည်ကုပ်ကိုခိုဖက်ရင်း မေးဖျားကိုမော့နမ်းလိုက်သဖြင့် သူမျက်လုံးအစုံပြူးကျယ်လျက် အသာပြန်ထွေးဖက်လိုက်ရလေ၏။ ရေးရယ်. . . ကြာလာရင်တော့ ခက်တော့မှာပါပဲ။ သုခကတော့ ခေါင်းကိုဖြည်းညှင်းစွာခါ၍ မျက်နှာလွှဲသွားလေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၇ )

အိမ်ကိုရော ခြံတံခါးကိုပါ သော့ခတ်၍ လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြ၏။ ဆောင်းတွင်းမို့ ညဦးယံသွေးသည့်လေကတောင် ချမ်းစိမ့်စိမ့် ဖြစ်နေလေသည်။ ဝတ်လာသည့်ဂျာကင်ဇစ်ကို ဆွဲပိတ်လိုက်၏။ ချမ်းသာနှင့်သုခလက်ထဲမှ ဆေးပေါ့လိပ်မီးနီလေးများက အမှောင်ညမှာ ဖျတ်ခနဲရဲတက်လာကြသည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ ည (၈)နာရီထိုးနေလေပြီ။

"ဟော. . . ဆရာသမားတွေ ဆိုင်လာမထိုင်တာကြာပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးချစ်ရေ။ အိမ်မှာ မွေးစားသမီးရောက်လာကတည်းက သုံးယောက်စလုံး ခြေချုပ်မိသွားတာအမှန်ပဲ"

"ဘယ်သူမွေးစားတာလဲ ဆရာချမ်းရဲ့"

"ဒီကောင် ပြေည့်လေ"

"ဟာ! ဆရာကိုပြည့်စုံက မိန်းမဖြင့်မယူသေးဘူး၊ ကလေးက အရင်မွေးစားရလား။ ဆရာ့ကောင်မလေးရော သဘောတူရဲ့လား"

"သူမသိသေးဘူးဦးချစ်ရေ့. . . သိသွားလို့ကတော့ အကြီးအကျယ်နောင်ဂျိန်ချကုန်မှာ။ သက်သက်အကြောင်းလည်း ဦးချစ်အသိ။ ဟိုက အူတိုလိုက်တာမှ ပြောမနေနဲ့ဦးစွာ"

"ကလေးက. . . ဘာလေးလဲ။ ဘယ်အရွယ်ရောက်ပြီလဲ"

"မိန်းကလေးဗျ. . . (၁၈)နှစ်ပြည့်နေပြီ"

"ဟောဗျာ"

ဆိုင်ထဲမှ စားပွဲထိုးလေးတွေပါ ဝေါခနဲရယ်မောလိုက်ကြ၏။ ဆိုင်သိမ်းချိန်ရောက်တော့မှာမို့ လာသောက်သူတွေနည်းနည်းသာရှိတော့သည်။ ရှယ်သုံးခွက်ကို ပေါ့စိမ့်ဖျော်ခိုင်းပြီး ပေါင်မုန့်နှင့် ဆေးလိပ်တစ်ပွဲ မှာလိုက်၏။





"ကြံကြီးစီရာ. . . ဆရာရယ်။ ကိုယ်နဲ့မတိမ်းမယိမ်းအရွယ်ကိုမှ မွေးစားရလား။ ဆရာနဲ့ကွာလှ (၇)နှစ်၊ (၈)နှစ်အရွယ်ကို"

"မပြောချင်တော့ပါဘူး ဦးချစ်ရယ်။ ကျွန်တော့်နာမည်ပြောပြီး အိမ်ကိုပေါက်ချလာတာဗျ။ ပုံစံက ဖြူဖြူချောချောလေးရယ်။ မျိုးရိုးသန့်ပြီး ချမ်းသာပုံပဲ။ နာမည်တောင် မမှတ်မိ။ အတိတ်မေ့သလိုလို၊ ဦးနှောက်က ခပ်ချောင်ချောင်ရယ်။ ကြည့်ရတာ မောင်နှမနှစ်ယောက်တည်းပဲရှိပုံရတယ်။ သူပြောဆိုနေပုံတွေက အစ်ကိုကိုသိပ်ချစ်ပြီး အလိုစွတ်လိုက်ခံထားရသလိုပဲ။ နည်းနည်းလေးမှ အကြောက်အလန့်မရှိဘူး"

"တယ်ထူးဆန်းပါလား။ ဆရာ့နာမည်ကိုတောင်သိပြီး သူ့နာမည်သူမေ့နေတာတော့ သဘာဝသိပ်မကျဘူး။ ဆရာ့ပရိသတ်ထဲက ခပ်ကဲကဲကောင်မလေး ဖားဗော်လမ်းလာထွင်တာရော မဖြစ်နိုင်ဘူးလား"

"ကျွန်တော်တို့လည်းထင်တာပဲဗျ။ ဒါကြောင့်လည်း မျက်ခြေမပြတ်စောင့်ကြည့်နေတာ။ ဒါပေမဲ့. . . သူ့ပုံစံက တကယ့်ကိုဖြူဖြူစင်စင်နဲ့ရိုးစင်းနေတော့ ခက်နေတာလေ။ ပြည့်စုံကို သူ့အစ်ကိုရင်းပဲထင်ပြီး ကပ်နေလို့ပြောနေရတာ။ သူ့အစ်ကိုဆိုပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ စတာတောင်မှ ဆတ်ဆတ်ထိခံတာမဟုတ်ဘူး"

"ဩော်. . . အဲဒီလိုလား"

"အဲဒါ. . . ဦးချစ်လည်း ကြုံသလိုစုံစမ်းပေးပါဦး။ သူနဲ့ပတ်သက်ပြီးစုံစမ်းလာတာမျိုးရှိရင် အိမ်ကိုညွှန်လိုက်ပါနော်။ သတင်းစာတွေဘာတွေထဲ လူပျောက်ကြော်ငြာတွေ့ရင်လည်းပြောပါ"

"အေးအေး. . ."

ဦးချစ်က မနက် ဆမူဆာကြော်ရန် အာလူးတွေ၊ ကြက်သွန်နီတွေကို အခွံနွာ၍လှီးချွတ်နေသည်မို့ သူတို့နှင့်စကားစပြတ်သွားတော့သည်။ ပေါ့စိမ့်လက်ဖက်ရည်ကို တစ်ငုံမျှသောက်လိုက်ပြီး လမ့်မှုန်မှုန်ကိုမော့ကြည့်လိုက်မိ၏။ မှုန်ပြပြအလင်းရောင်က ဝန်းကျင်ကို ဖြန့်ကြက်ထားလေသည်။

"မင်းဘာဆက်လုပ်မလဲ ငပြည့်"

"ငါစဉ်းစားနေတယ်။ ဒီပုံအတိုင်း ရေရှည်မလွယ်ဘူး။ ချာတိတ်မလေးက ငါ့ကိုအစ်ကိုဆိုပြီး လက်ပွန်းတတီးလိုက်နေနေတာ ငါအနေရခက်တယ်"

"ဒါဖြင့် ဖင်ဖင့်ကိုခေါ်လိုက်ပါလား"

"ဖင်ဖင်က ဟိုမှာကလေးတွေကို ကျူရှင်ပြနေတော့ အဆင်





ပြေမှာမဟုတ်ဘူး"

"အင်း. . . နောင်ကလည်း ဆယ်တန်းဖြေပြီး အားနေပေမယ့် ယောကျာ်းလေးဆိုတော့ ခက်သားလား"

"တစ်ခုခုကိုတော့ မင်းဆုံးဖြတ်မှဖြစ်မယ်နော်. . . ငပြည့်။ သက်သက်သိသွားရင် မိုးမီးလောင်မှာ။ နဂိုကတည်းက မင်းကို ချစ်လိုက်တာ သည်းသည်းလှုပ်။ ကြည့်လည်းလုပ်ဦး"

"ဟူး. . . စိတ်ညစ်တယ်ကွာ။ မင်းတို့နှစ်ယောက်ကလည်း ဘာဖြစ်လို့ ငါ့လို ဝမ်းကွဲညီမတွေမရှိရတာလဲ။ ဥတစ်လုံးတွေချည်းပဲ လာဆုံရတယ်လို့"

"ဘယ်တတ်နိုင်မလဲကွ။ တက္ကသိုလ်လာတက်ရင်း ကြုံဖန်ဆုံခဲ့ရတာကို၊ ခုလိုအတူနေရတာကိုပဲ ကျေးဇူးတင်ဦး"

ပြဿနာကို ဘယ်လိုအဆုံးသတ်ရမည်မှန်း မသိနိုင်တော့ဘဲ သက်ပြင်းကိုယ်စီချလိုက်မိ၏။ ဆိုင်ပိတ်ချိန်ရောက်ပြီမို့ သုံးဦးသား ခပ်မှန်မှန်ခြေလှမ်းတို့ဖြင့် လမ်းထဲဝင်လာခဲ့ကြသည်။

"မင်းအမေ သိသွားရင်ရော"

"အင်း. . . ငါလည်းတွေးနေမိတာ။ အမေက စိတ်လက်တစ်ဆစ်ရယ်။ ငယ်မွေးခြံပေါက်သက်သက်ကိုပဲ ချွေးမတော်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့အသိ။ အလိမ္မာအိမ်ပါ အမေနဲ့တည့်တဲ့တစ်ဦးတည်းသော ချွေးမဆိုပြီး တစ်မြို့လုံးသိအောင် လိုက်ကြွားလို့ဝတာမဟုတ်ဘူး။ ရန်ကုန်ကိုအလုပ်ကိစ္စနဲ့လွှတ်လိုက်တာတောင် ဘာသံမှမကြားချင်ဘူးနော်လို့ ကြိမ်းလိုက်တာကွ။ ရေးပုံစံကိုမြင်တာနဲ့ သွေးဆောင့်တက်သွားမှာအမှန်ပဲ"

"အင်း. . . ငတိမကို မောင်းချရလည်းအခက်။ ကလေးမလေးက သနားဖို့လည်းကောင်းတာအမှန်ပဲ"

"ငါလည်းဆုတောင်းပါတယ်ကွာ။ သူ့အစ်ကိုမြန်မြန်ရှာတွေ့ပါစေလို့"

ခြံနားရောက်တော့ ခြံတံခါးဝသံဇကာကိုကိုင်ရပ်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေသည့်ချာတိတ်မကိုတွေ့လိုက်ရလေ၏။

"ဟာ. . . ရေး, နှင်းတွေကျနေတယ်လေ။ ဘယ့်နှယ် ခြံဝမှာလာရပ်နေရတာလဲ"

"ကိုကို. . . ကိုကို"

သူ့ကိုသာ တကြော်ကြော်ခေါ်နေလျက် ဘာမှဆက်မပြောနိုင်သည့်ကလေးမကိုယ်ပေါ်ရှိ ဆွယ်တာပါးပါးလေးက နှင်းတို့ရွဲရွဲ





စိုနေလေပြီ။ ခြေရင်းဘက်ပြတင်းပေါက်မှ ခုန်ဆင်း၍ ထွက်လာပုံရပြီး ခြေထောက်မှာ ဖိနပ်မပါ၊ ခြေဗလာဖြင့် လူကတုန်ရီနေလေ၏။

သုခက ခြံတံခါးကိုဖွင့်ကာ အိမ်တံခါးကိုပါ အပြေးအလွှားသွားဖွင့်လေ၏။ သူမက သူ့ကိုတင်းကျပ်စွာဖက်တွယ်လျက် ငို၍မဆုံးနိုင်တော့ချေ။ ချာတိတ်ရယ်. . . ဘယ်လိုအိပ်မက်ဆိုးတွေမက်ပြီး အိပ်ပျော်နေရာက နိုးလာရတာတဲ့လဲ။

"လာလာ. . . အိမ်ထဲသွားမယ်။ ခေါင်းတစ်ခုလုံးပါ ရွှဲရွဲစိုကုန်ပြီ။ ခက်တာပဲ. . . ရေးရယ်။ ပြတင်းပေါက်က ခုန်ချစရာလား။ မတော်ခြေတွေဘာတွေကျိုးကုန်ရင် ဘယ့်နှယ်လုပ်မလဲ။ တစ်ကိုယ်လုံးလည်း တုန်နေပြီ။ ဖျားတော့မှာပဲ"

လက်ကိုဆွဲ၍ အိမ်ပေါ်ကိုခေါ်ခဲ့ပြီး ဆွယ်တာကိုချွတ်ကာ သိုးမွှေးအနွေးထည်အနက်ရောင်လေးနှင့် လဲပေးလိုက်ရ၏။

Quarter ဘောင်းဘီက ခပ်တိုတိုမို့ နှင်းမစိုသေးပေ။ Towel ဖြင့် စိုနေသည့်ဆံပင်တွေကို စိတ်ရှည်လက်ရှည်သုတ်ပေးနေစဉ် ချမ်းသာက Coffeemix တစ်ခွက်ဖျော်ပြီး ဆေးဘူးပါ ယူလာပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ခြောက်လောက်ပါပြီ။ ကော်ဖီနဲ့ဆေး သောက်လိုက်ဦး။ နေနေ. . . ကိုကိုမှုတ်ပေးဦးမယ်"

ချမ်းသာဟံမှ မျက်စောင်းခဲတာကို ခံလိုက်ရသော်လည်း ပြန်မချေပအားပေ။ ကော်ဖီကို နွေးနေအောင်မှုတ်ပြီးမှ ကိုယ်တိုင်ကော်ဖီနဲ့ဆေးကိုတိုက်လိုက်ရ၏။ ရှိုက်သံတစ်ဝက်ဖြင့် သူမ ဆေးသောက်လေသည်။

"ဘာလို့ ခြံထဲဆင်းတာလဲ"

"ကိုကိုတို့က ဘယ်သွားကြတာလဲ"

"ဒီလမ်းထိပ်က လက်ဖက်ရည်ဆိုင်တင်ပါ"

"ရေးကို ဘာလို့မခေါ်တာလဲ။ ရေးက ကိုကိုမိန်းမနောက်လိုက်သွားပြီထင်ပြီး လိုက်ရှာရတာ မောနေတာပဲ။ ကိုသုတို့နှစ်ယောက်ပါ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းထင်သွားတာပေါ့"

"ဖြစ်ရလေ. . . ရေးရယ်"

"နောက်ဆို ကိုကိုဘယ်သွားသွား ရေးကိုခေါ်နော်"

"အင်းပါ. . . အင်းပါကွာ"

သူ သက်ပြင်းတစ်ချက်ကိုသာ ကျိတ်ချလိုက်မိ၏။ သူမကနှစ်ယောက်ထိုင်ဆက်တီပေါ်မှာထိုင်ရင်း သူ့လက်မောင်းကိုမှီ၍





ဖက်တွယ်ထားတော့သည်။ မင်းရဲ့အစ်ကိုတော့ ဘယ်လောက်ထိပရိဒေဝမီးတွေတောက်လောင်နေမလဲရေးရယ်။ သူသိပ်ချစ်တဲ့ညီမလေးအတွက် စိုးရိမ်ပူပန်တဲ့စိတ်တွေနဲ့ ညစဉ်အိပ်လို့တောင်ပျော်နိုင်ပါ့မလား။

အရွယ်ရောက်နေတဲ့နှမလေးကို လူဆိုးသူခိုးတွေ၊ လူယုတ်မာတွေလက်ထဲရောက်သွားမှာကို သွေးပျက်မတတ်စိုးရိမ်နေရှာမှာပါပဲ။ ကိုယ်တို့လိုသွေးမတော်သားမစပ် သူစိမ်းတွေကတောင် မင်းအတွက် ပူပန်ပေးနေတာ။ မင်းရဲ့သွေးသားအရင်းအချာအစ်ကိုဆိုရင်တော့ ပြောဖွယ်ရာမရှိတော့။ ဩော်. . . ရေးရယ်။

မျက်တောင်ကော့လေးတွေ စင်းကျလာသည့်သူမကို ငုံ့ကြည့်လိုက်တော့ သုခက မေးဆတ်ပြလိုက်လေ၏။

"သိပ်လိုက်တော့လေ ငပြည့်။ မင်းလည်း အိပ်တော့။ မနက်ဖြန် စာမူသွားပို့ရမှာမဟုတ်လား။ ဒီပုံစံနဲ့ မင်းမြို့ထဲတောင် ထွက်လို့ရပါ့မလား"

"ချော့ပြောခဲ့ရမှာပေါ့"

"တယ်မထင်ပေါင်. . . မျက်စိအောက်က အပျောက်တောင်မှမခံတာပဲကြည့်။ သက်သက်ထက်တောင်မှ ပိုနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

သူခကို အသံတိုးရန် အချက်ပြလိုက်ပြီး အိပ်ငိုက်နေသည့် သူမကိုယ်လေးကို စွေ့ခနဲပွေ့ချီလျက် အခန်းထဲပို့ပေးလိုက်ရ၏။ စောင်ကိုလုံအောင်ခြုံပေး၍ ပြတင်းတံခါးကို ပြန်ပိတ်လိုက်သည်။ ညအိပ်မီးသီးလေးကိုထွန်းလိုက်ပြီးမှ ပြန်ထွက်လာခဲ့၏။ သူခနှင့် ချမ်းသာက ခြင်ထောင့်တောင်ထောင်ပြီး အိပ်ရာထဲရောက်နေလေပြီ။ အိပ်ခန်းတံခါးကိုစေ့လိုက်ပြီး ခုတင်ပေါ် တက်လှဲလိုက်သည်။

မနက်ဖြန်ဆိုတာတွေကို ဘယ်လိုရင်ဆိုင်ရွေ့ဆက်ရမလဲ။ စိတ်ကြီးတဲ့မေမေ။ အူတိုလွန်းတဲ့သက်သက်တို့ရဲ့ရန်ကို သူဘယ်လို ဖြေရှင်းရမှာပါလိမ့်။ နောက်ကိစ္စ နောက်မှရှင်းတာပဲကောင်းပါတယ်လေ။ ဖြစ်လာမယ့်အနာဂတ်ကို ကြိုတွေး ရင်မောနေရင် ခြေကိုဘယ်လိုမှဆက်လှမ်းလို့ရတော့မှာမဟုတ်။ မျက်စိကိုမှိတ်ချလိုက်စဉ် နာရီမှ (၁၁) နာရီထိုးသံကိုကြားလိုက်ရသည်။ ဒီတစ်ညလည်း ကုန်ဆုံးပြန်ပါရောလား။

❁ ❁ ❁





*Beauty is power,*
*a smile is its sword.*

*(Charles Rade)*

လှပခြင်းသည် အင်အားဖြစ်သည်။
အပြုံးသည်း သူ၏လက်နက်ပင်ဖြစ်ပေသည်။

( ချားလ်စ်ရိဒ် )



www.burmeseclassic.com

www.burmeseclassic.com



## “108°F ရဲ့ ည”

ရာစုတစ်ခုရဲ့အစ
မြေမှုန့်က ပြသပေးခဲ့
အသည်း၊ နှလုံး
ကျောက်ကပ်၊ ကလီစာအစုံနဲ့
အမြင်အာရုံ ဦးနှောက်ကိုယ်စီပေါ့။
‘အေဒင်’ ဥယျာဉ်ထဲမှာ
ဘာတွေရှိနိုင်မလဲ
စူးစမ်းဖွေရှာ. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



'စာတန်'ရဲ့ ကျိန်စာဆိုး
အမျိုးမျိုးခံယူခဲ့ရ . .
ရိုးတံမဲ့ပန်းတစ်ပွင့်ရဲ့
ကြေကွဲငိုရှိုက်သံ . . .
မြေပေါ်သို့သက်ဆင်း
သက်ပြင်းချခဲ့ရတဲ့နှင်းစက်
အက်ကွဲကြောင်းထဲကရေ
အီကွေတာဗဟိုမှာရပ်တန့် . . .
တွယ်ကပ်နေတဲ့မှော်ပင်
တော်ဝင်မင်းသမီးထံပါး
ဆည်းကပ်ခစားလို့
'ဗန်ဂိုး'ရဲ့ အာလူးစားသူတွေနဲ့
နားလည်ခြင်းလက်မှတ် မရေးထိုးဖြစ်ခဲ့ . . .
ဘဝမြင့်နေတဲ့
ပန်တော်ဆင့်ရာသီမှာ
ကဗျာသီကာ စားဖြစ်ခဲ့
ဇင်ယော်သား ခါးသက်သက် . . .





ဒေသက်ငင်နေတဲ့ ဆည်းဆာနှောင်းရင်
အနောက်က နေဝင်
'အိုဝင်'ရဲ့ ဒဿနတစ်ရပ်နဲ့
ဝတ်လစ်စလစ် ညနက်ထဲမှာ
'အာဒံ' ရဲ့နံရိုးတစ်ချောင်းကို
ငါ . . . ရှာနေခဲ့။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

တိတ်ဆိတ်နေသည့်ညဥ့်ယံမှာ ညည်းညူသံသဲ့သဲ့ကြောင့် သူ ဖျတ်ခနဲနိုးသွားလေ၏။ အိပ်နေရာမှ ဆတ်ခနဲထထိုင်လျက် သေချာနားစွင့်ကြည့်တော့ ခြေရင်းခန်းထဲမှလာသည့်အသံမှန်း သေချာသွားသည်။ ရေးတော့ ဆေးတိုက်ထားပါလျက် အဖျားတက်ပါရော လား။

စောင်ကိုခွာ၊ ခြင်ထောင်ဖွင့်လျက် အခန်းထဲမှထွက်တော့ ညှော်ခန်းဆီမှ သုခနှင့်ချမ်းသာတို့၏ စည်းချက်ညီညီဟောက်နေသံကို အတိုင်းသားကြားနေရသည်။ မျက်နှာချင်းဆိုင်ဖြစ်သည့် ခြေ



www.burmeseclassic.com

www.burmeseclassic.com



ရင်းခန်းတံခါးကို တွန်းဖွင့်၍ဝင်လိုက်တော့ အိပ်ရာထဲမှာကွေးကွေးလေးဖြစ်ရင်း ညည်းညူနေသည့်သူမကိုမြင်လိုက်ရလေ၏။

နဖူးကိုစမ်းလိုက်တော့ ကိုယ်က ခြစ်ခြစ်တောက်ပူနေလေပြီ။ ဒုက္ခပါပဲ။ အခုမှ လေးနာရီရှိသေးတာ။ သူ့အခန်းသို့ပြန်၍ ဗီရိုထဲမှ ရှပ်လက်ရှည်ခပ်ပါးပါးကိုထုတ်ယူခဲ့ပြီး သူမကိုယ်ပေါ်မှာရှိနေသည့်အနွေးထည်နှင့် blouse အင်္ကျီကိုချွတ်လိုက်၏။

Towel အသေးစားလေးဖြင့် ရေပတ်တိုက်ပေးလိုက်ပြီး ရှပ်လက်ရှည်ကိုဝတ်ပေးလိုက်သည်။ ရေဇလုံကိုဆေး၍ ရေအသစ်ပြန်လဲလျက် Towel အသေးနှစ်ခုဖြင့် တစ်လှည့်စီ နဖူးထက်မှာ ရေပတ်တင်ပေးရ၏။

ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖီထပ်ဖျော်ကာ ကိုယ်ပူကျဆေးတိုက်ရန် သူမကိုနှိုးတော့ တအင်းအင်းညည်းညူလျက် မျက်လုံးတို့ကမဖွင့်။ သူထူမ၍ ကော်ဖီတိုက်၊ ဆေးတိုက်လုပ်ပေးအပြီး တီးတိုးညည်းညူသံကြားက မပီမသရေရွတ်သံကို သဲ့သဲ့မျှမသဲမကွဲကြားလိုက်ရလေသည်။

"မယူရဘူး. . . မယူရဘူး။ ကိုကို မိန်းမမယူရဘူးနော်။ ရေးလုံးဝသဘောမတူဘူး။ အဲဒီမိန်းမကိုသိပ်မုန်းတာပဲ။ အင်းဟင်း





ဟင်း. . . ချမ်းတယ်. . . ချမ်းတယ်"

"ရေးရယ်. . . အစွဲအလမ်းကလည်းကြီးပါ့။ ခက်တော့တာပဲ"

လွှာစောင်ပါးပါးကို ပြောင်းခြုံ၍ ရေပတ်တင်ပေးတော့ သူမလက်တစ်ဖက်က သူ့လက်ကိုလှမ်းဆွဲလိုက်သဖြင့် အသာငြိမ်ပေးလိုက်ရသည်။ ကိုယ်ပူကျသွားမှ သူအခန်းပြင်သို့ပြန်ထွက်ခဲ့၏။ (၆)နာရီထိုးတော့ သုခတို့နှစ်ယောက် နိုးလာကြလေသည်။

"ဟာ. . .ပြေည့်၊ ဘယ့်နှယ် ဆက်တီမှာ ငုတ်တုတ်ထိုင်နေရတာလဲ။ မင်း တစ်ညလုံးမအိပ်ဘူးလား"

"အိပ်ပါတယ်. . . နှစ်နာရီမှာနိုးတာ"

"ဟေ. . . နှစ်နာရီကြီး ဘာထလုပ်တာလဲ။ နောက်စာမူ အစပျိုးပြီလား"

"ဟင့်အင်း. . . ရေးအဖျားတက်ပြီး ညည်းသံကြားလို့ပါ"

"ဟာ. . . ဒါဖြင့် ဖျားနေပြီပေါ့"

"အေး. . . (၈)နာရီထိုးရင် ဆေးခန်းသွားပြရမှာပဲ။ ဒေါက်တာဖြူဖြူနဲ့ပဲပြမယ်"

သုခက အိပ်ရာကိုခေါက်သိမ်းလိုက်ပြီး သူ့အခန်းထဲမှာ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၏။ ချမ်းသာက သွားပွတ်တံနှစ်ချောင်းမှာ သွားတိုက်ဆေး ညှစ်ထည့်နေသည်။

"မင်းအိပ်ရေးပျက်ရင် ပြန်အိပ်လေ။ ဒီနေ့မြို့ထဲကိုသွားမှာ မဟုတ်လား။ ဦးလေးအောင်နဲ့ ဖုန်းပြောပြီးသားပဲဟာ"

"နေ့လယ်မှပဲ ပြန်အိပ်တော့မယ်"

"မင်းမသွားဘူးပေါ့"

"အေး. . . ရေး,အဖျားပျောက်မှပဲ သွားတော့မယ်။ (၁၀) နာရီလောက်မှ ဦးလေးအောင်ကို ဖုန်းဆက်ပြီး ပြန်ချိန်းလိုက်မယ်ကွာ"

"ငပြည့်"

"ဟင်. . . ဘာလဲ"

"မင်းဘာတွေဖြစ်နေလဲ"

"မင်းစကားက ဘာကြီးလဲငသုရ"

"မင်း အရင်လိုမဟုတ်တော့တာအမှန်ပဲ။ အဲဒါ သချာတယ်။ ထုတ်ဝေသူနဲ့ ဒီလို တစ်ခါမှ Date ပြန်ချိန်းရတာမျိုး မရှိခဲ့ဘူး။ စာမူရေးတာလည်း ဒီလောက်ရက်ကြာခဲ့တာမဟုတ်ဘူး"

"ခေါင်းနောက်နေရတဲ့ကြားထဲ ငသုရာ။ မျက်နှာသစ်မယ့်





ဟာ သွားသစ်စမ်းပါ။ လာရစ်မနေနဲ့"

"မင်း စကားမလွှဲနဲ့နော် ငပြည့်။ အေး. . . ဒီစကား ဆက်ရန်ရှိသေးသည်ပဲ"

သုခက အိမ်နောက်ဘက်ဝင်သွားတော့ သူဆက်တီပေါ် ကျောမှီချလိုက်၏။ မေးခွန်းတွေ မထုတ်ချင်ပါနဲ့လားသုခရယ်။ ငါ မဖြေချင်လို့ပါ။ ဖြေစရာလည်း အဖြေက အဆင်သင့်မရှိသေးဘူး။ သေချာတာတစ်ခုက ငါ. . . ငါ. . . ရင်ခုန်တတ်နေပြီ။ တကယ့်ကို ထူးဆန်းတဲ့ရင်ခုန်နှုန်းတွေနဲ့ ခုန်နေခဲ့မိတာပါ။

အထိအတွေ့ကြောင့်လား. . . သိပ်မသေချာပါဘူး။ အလှအပကြောင့်လား။ ဒါဆိုရင် ချစ်သက်သက်ချစ်လည်း လှတာပဲ။ လှတာမှ မှုန်နေအောင် လှတာလေ။ ဖြူဝင်းတဲ့အသားအရေမှာ သွေးကြောစိမ်းလေးတွေပေါ်နေအောင်အထိ လှလွန်းတဲ့သူပါ။ ဒီလောက်လှတဲ့မိန်းကလေးနဲ့ ငယ်စဉ်ကလေးဘဝကတည်းက အတူစား၊ အတူသွား၊ အတူကစားခဲ့တာပါ။ လက်ပွန်းတတီးလည်းနေခဲ့တာအမှန်ပါပဲ။ ဒါပေမဲ့. . . သက်သက်နဲ့တုန်းက ဒီလိုမျိုးထူးခြားဆန်းကြယ်တဲ့ရင်ခုန်မှုမျိုး ငါတစ်ခါမှမခံစားခဲ့ရဖူးဘူး။

အခုမှ . . . အခုမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုပြည့်စုံ. . . ဆရာကိုပြည့်စုံရေ"

"ဟေ. . . ကျော်ကျော်လား"

"ဟုတ်ကဲ့. . . ဆရာ။ နယ်က ဖုန်းလာနေတယ်ခင်ဗျ။ ကိုင်ထားတယ်"

"အေးအေး. . . လာပြီ. . . လာပြီ။ ဘော့ရေ. . . ငါ့ဖုန်းလာနေလို့ သွားဆက်ဦးမယ်ဟေ့"

နောက်ဖေးမှကြားမကြားတော့မသိ။ ပိုက်ဆံအိတ်ခေါက်ချိုးလေးကို ရှပ်အင်္ကျီအိတ်ကပ်ထဲထည့်ကာ အိမ်ပေါ်မှအပြေးဆင်းလာခဲ့၏။ ငါးခြံကျော်မှာရှိနေသည့်စတိုးဆိုင်ထဲဝင်၍ ဘေးမှာချထားသည့်ဖုန်းကို သူကောက်ကိုင်လိုက်ပါသည်။

"ဟဲလို"

"သားလား"

"ဟုတ်ကဲ့ပါမေမေ၊ မေမေတို့နေကောင်းကြရဲ့လား။ အလုပ်အကိုင်ရော အဆင်ပြေလား"

"အမယ်လေး. . . မအေဖုန်းခေါ်မှပဲ မေးဖော်ရတော့တယ်။ မင်း တော်တော်မှအလုပ်များနေလား မောင်ပြည့်စုံအောင်။ မိဘတွေကို ရှိတယ်လို့တောင် မှတ်သေးရဲ့လားဟင်"





"ကျွန်တော်သတိရပါတယ်မေမေရယ်။ အလုပ်တွေ ပကယ်များနေလို့ပါ"

"ဟင်း. . . ကိုယ့်လုပ်စာ ကိုယ်သုံးနေတဲ့လူကများ၊ မင်းလုပ်တဲ့အလုပ်က ရေးချင်ရေး၊ မရေးချင်နေလို့ရတဲ့ကိုယ်ပိုင်အလုပ်ပါဖိုးပြည့်ရယ်။ မအေဆီ ဖုန်းလေးတောင် တစ်ချက်ခေါ်ဖော်မရဘူး။ နေထိုင်မကောင်းဖြစ်ရင်တောင်မှ ငါ့သားလေး ဖုန်းဆက်ဖော်ရသေးတယ်လို့ ချွေးသိပ်ခွင့်တောင်မရှိတဲ့ဘဝ။ အတော်ချစ်ဖို့ကောင်းတဲ့သားပဲနော်"

"မဟုတ်ရပါဘူးမေမေရယ်"

"ဘာမဟုတ်ရမှာလဲ။ ငါပြောတာအမှန်တွေပဲကို. . . မင်းတော့လား"

စောစောစီးစီးအကြိမ်းခံနေရသည်မို့ သူမျက်နှာရှုံ့တွသွားရလေ၏။ သူကလည်း သူပါပဲ။ တစ်လတစ်ခါ မှန်မှန်ဆက်နေပါလျက်နဲ့ အခုမှမဆက်ဖြစ်ရတယ်လို့။ ဆိုင်နံရံထက်ရှိ ပြက္ခဒိန်ကိုကြည့်လိုက်တော့ date က (၂၈) ရက်တောင်ရှိနေပြီ။ ပြောသမျှခံတော့ပေါ့။

"ဟဲ့! ဘာမှမပြောချင်ဘူးလား။ လုပ်ပြန်ပြီ မြုံစိစိနဲ့ တုံးကျို



www.burmeseclassic.com

www.burmeseclassic.com



ဘာဝေပုံစံကို"

"ပြောစရာရှိတာသာပြောပါမေမေရယ်။ ကျွန်တော် နေသိပ်ကောင်းတာမဟုတ်ဘူး"

"ဟဲ့. . . နေမကောင်းရင် ဆေးခန်းလေးဘာလေးသွားမှပေါ့။ သောက်ချင်တဲ့ဆေးသောက်ပြီး ဒေါက်တာရမ်းကုလုပ်ရင်းပေမနေနဲ့. . . ဖိုးပြည့်ရဲ့။ အဖျားဆိုတာ မွေးထားလို့ကောင်းတဲ့အရာမဟုတ်ဘူး။ မြန်မြန်ပျောက်အောင်ကု. . . ဘယ့်နှယ်အရွယ်က မငယ်တော့ဘူး။ အစစအရာရာပြောနေရတာပဲ။ မင်းအိပ်ရာထဲခွေနေလို့ ငါဆေးလာမတိုက်နိုင်ဘူး။ ကိုယ်ဖြစ်ကိုယ်ခံ. . . မိဘတွေကတော့ လယ်လုပ်ကိုင်းလုပ်နဲ့ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲ။ ဘောပင်လေးကိုင်ပြီးလုပ်ရတဲ့လူက ချူချာဘိသနဲ့။ ကိုယ့်ကိုယ်ကိုဂရုစိုက်မှပေါ့။ အိပ်ရေးပျက်ခံပြီး စာရေးမနေနဲ့။ မင်း, ဒီအလုပ်မလုပ်လည်း ငါတို့ရှာကျွေးနိုင်သေးတယ်။ ဒါကြောင့် မိန်းမယူလို့တိုက်တွန်းနေတာတောင် မင်းက ချေးများနေသေး။ အသက်ကဖြင့် တစ်နေ့ထက်တစ်နေ့ကြီးလာပြီ။ အိမ်ထောင်က မပြုချင်သေးဘူး။ ဒီမှာယူမယ့်သူက အဆင်သင့်စောင့်နေတာဖြင့် ကြာလှပြီ"





"အာ. . . ကြီးမေတလည်း ပြောတော့မယ်"

ဘေးနားမှ သက်သက်အံသံ,တိုးတိုးကိုပါ ကြားလိုက်ရသည်မို့ သူ, သက်ပြင်းကိုသာ ချလိုက်ရတော့သည်။ လာပါပြီ. . . ဒီဘူဇာကြီးကို။ ဖုန်းဆက်တိုင်းပြောနေတာဖြင့် အက်ကြောင်းကထောင်ချိထပ်နေပြီ။ ခုထိမမောနိုင်သေးဘူး။

"ပြောစမ်းပါဦး။ ဒီလောက်အလုပ်တွေကြိုးစားနေတာ ဘယ်လောက်စုမိပြီလဲ"

"မရှိပါဘူးမေမေရာ။ အခုတောင် ထုတ်ဝေသူဆီက ကြိုတင်ငွေတွေယူထားတာ များနေပြီ"

"ဟဲ့. . . မင်းကျန်းမာရေးအတော်ချူချာနေပြီလား ဖိုးပြည့်။ ဒါဆိုရင်လည်း ရန်ကုန်မှာ ကုပ်ကပ်နေမနေနဲ့။ နယ်ကိုပဲ ပြန်လာတော့။ ဒီမှာ မင်းကိုပြုစုပေးမယ့်လူ ရှိနေပြီးသားဟာကို"

"ကြီးမေ"

"မေမေကလည်း စွတ်ပြောနေတာပဲ။ ဒီမှာအကုန်အကျတွေများနေလို့ပါ"

"မင်းဘာမဟုတ်တာတွေ လျှောက်လုပ်နေသလဲမှ မသိတာ ဖိုးပြည့်ရဲ့။ ပြောတော့ဖြင့် မင်းလုပ်အားခနဲ့ မင်းလောက်ငှတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို။ ခု,ဘယ်လိုဖြစ်ကာတုန်း။ ငါ ဒီက ငွေပို့ပေးရမှာလား။ စဉ်းစားပြီးမှလည်းလုပ်ဦး. . . မောင်ပြည့်စုံအောင်ရေ။ အရွယ်ရောက်ပြီး မိဘကျေးဇူးကိုဆပ်မယ်မကြံသေးဘူး။ ဘွဲ့ယူပြီးတာတောင် မိဘက ပြန်ထောက်ပံ့နေရသေးရင် ပုံစံမကျတော့ဘူးနော်။ ငါက မပေးချင်လို့ပြောနေတာမဟုတ်ဘူး။ အသုံးနဲ့အဖြုန်းကိုခွဲခြားတတ်စေချင်လို့ ဆုံးမနေတာ။ ဒါကြောင့်ပြောတာပေါ့။ မင်းရှာသမျှကို စီးတဲ့ရေ ဆည်တဲ့ကန်သင်းမိန်းမမျိုးရှိနေမှကောင်းမှာ။ ဒါမှ ငါစိတ်ချရမှာ။ အေး. . . လူပျိုဘဝမှာတော့ မင်းဖြုန်းဖို့ ငွေမပို့နိုင်ဘူးတော်ရေ့။ အိမ်ထောင်ကျမှသာ သင့်သလိုထောက်ပံ့ပေးနိုင်မယ်။ ဒါတောင် ငါ့ချွေးမက လိမ္မာလွန်းလို့ပေးမှာ”

လုပ်ချလိုက်ပြန်ပြီ။ ဘေးနားမှာရှိနေသည့်သက်သက်တော့ ဘယ်လိုဖြစ်နေမည်မသိ။ ဒီဘက်မှာ နားထောင်နေရသည့်သူကတော့ နားရွက်တွေရော၊ မျက်နှာပါရဲပြီး ထူပူလာရတော့သည်။

“ကဲ. . . ငါ့ကိုကတိပေးတော့လေ”

“ဘာကတိလဲမေမေရာ”

“ဟဲ့. . . အိမ်ထောင်ပြုပါတော့မယ်ဆိုတဲ့ကတိလေ။ ငါပြောတာ သက်သက်နဲ့ယူဖို့ပြောတာနော်”





“မေမေကလည်းဗျာ”

“မင်းမငယ်တော့ဘူးနော်. . . ပြည့်စုံအောင်။ ဘွဲ့ရပြီးတာပဲကြာလှပြီ။ ဒီကမင်းသူငယ်ချင်းတွေတောင် ကလေးသုံးလေးယောက်ရပြီး ယူဖြစ်ကုန်ပြီဟဲ့။ ငါလည်း မြေးချီချင်တာပေါ့။ မင်းအဖေဆိုလမ်းမှာတွေ့သမျှကလေးတွေကောက်ချီပြီး မုန့်ဝယ်ကျွေးရတာအမော။ ဖအေ, ကလေးချစ်တတ်မှန်းသိရဲ့သားနဲ့ မိဘဆန္ဒပြည့်အောင် ဖြည့်ပေးမယ်မရှိဘူး။ ငါတို့ကျေးဇူးကို ပြန်ဆပ်ဖို့ မင်းမှာ ဒီတစ်လမ်းပဲရှိတာကို နားလည်ရဲ့လား”

“ဟုတ်ကဲ့ပါမေမေရယ်”

“ဒါဖြင့်ဘယ်တော့လဲ”

ပြောချင်ရာစွတ်ပြောနေသည်မို့ အနီးမှာ သက်သက်ဆက်မနေရဲတော့မှန်း သူအတတ်သိလိုက်ပါသည်။ မေမေ့အကြောင်းကို တစ်မြို့လုံးအသိမဟုတ်လား။ သဘောကောင်းတာကလည်း နှစ်ယောက်မရှိ။ အလှူအတန်းကလည်း ရက်ရောပေါ့။ သူတစ်ပါးကို ကူညီတတ်တာ၊ ပေးကမ်းစွန့်ကြဲတတ်တာလည်း နာမည်တစ်လုံးနှင့်။

အဲ. . . အပြောကတော့ နည်းနည်းနောနောကြမ်းတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ပြောလိုက်ရင် တုတ်ထိုးအိုးပေါက်၊ မျက်စိရှေ့ အမြင်မတော်ရင် ထရိုက်တတ်သေး။ အိမ်ရှေ့မှာ လူငယ်တွေ မူးယစ်ပြီး တော့များ အော်ဟစ်မလာလေနှင့်။ ကုတ်ကဆွဲကိုင်ပြီး ရွာလူကြီးဆီ သွားပို့ပြီးဆုံးမခိုင်းတာ။ ခွေးရောကလေးကအစ. . . လူငယ်တွေအလယ်. . . သက်တူရွယ်တူတွေအဆုံး ချစ်လည်းချစ်၊ ကြောက်လည်းကြောက်၊ ရိုလည်းရိုသေကြတဲ့ ကျောင်းအစ်မဒေါ်မြကျေးရှိပါလေ။

"ဟဲ့ကောင်လေး. . . ပြောလေ"

"(၃၀)ပြည့်ရင် ယူပါ့မယ်မမေ"

"အမယ်လေး. . . (၃၀)ပြည့်မှလားဟဲ့။ အခုပဲ (၂၆)ကျော်နေပြီဟာကို. . .။ မစောင့်နိုင်ဘူး. . . ဘယ့်နှယ်မိန်းမမဟုတ်ဘာမဟုတ်။ မိန်းကလေးက အသက်ကြီးသွားရင် အိမ်ထောင်သားမွေးပြုဖို့ခက်သွားပြီ. . . မရဘူး။ ရှေ့ကိုတိုးပေး"

"(၂၈)ဗျာ"

"အိုအေ. . . နောက်နှစ်ပဲယူ. . . ဒါပဲ။ သက်သက်က ဒီနှစ်ထဲ အရမ်းကိုတင့်တယ်ပြီး လှလာတာအေ့။ ဟိုဘက်ရွာက ဆီစက်ပိုင်ရှင်သားက မျက်စေ့ကျနေတာကြာပြီ။ ငါ့အကြောင်းသိလို့ လာ





မပြောရဲတာပဲရှိတယ်။ ကိုချစ်စံတို့ကလည်း ငါ့ကိုဆို မီးသေပြီးသားမို့ တော်သေးတယ်မှတ်။ မင်းလက်နှေးနေရင် ကြားထဲကနေ သူများအုပ်သွားလိမ့်မယ်ငတုံးလေးရဲ့။ ထုံထုံအအနဲ့ အေးပဲအေးနိုင်လွန်း၊ ဘာဘုန်းပေးတဲ့နာမည်အတိုင်း ပညတ်သွားရာ ဓာတ်သက်ပါနေပါရောလား. . . မောင်ရေအေး"

ဟင်း. . . တိုင်နဲ့ခေါင်းနဲ့သာ ပစ်ဆောင့်ပြီး သေလိုက်ချင်ပြီမမေရေ့။ လူကိုချည်ပြီးတုပ်ပြီးသာ ရိုက်နေသလိုပါပဲလား။

"ဟဲ့. . . ပြောနေတာကြားရဲ့လား"

"ဟုတ်ကဲ့ပါ"

"အေး. . . မင်းကိုဆူနေရတာနဲ့ ငါပြောမယ့်စကားတောင်မှ မေ့နေပြီ။ သန်ဘက်ခါကျရင် ဘုရင့်နောင်မှာ ငါပို့လိုက်တဲ့ပဲနဲ့ငရုတ်တွေချလိမ့်မယ်။ အဲဒါ ငွေသွားသိမ်းပေးဦး။ ပြီးမှ စာတိုက်ကနေ ငွေလွှဲပေးစမ်း။ ဘောက်ချာ သေချာဖြတ်နော်။ အားလုံး ဆယ့်နှစ်သိန်းကျမယ်။ ငရုတ်က အချိန်နှစ်ဆယ်. . . ရှစ်သိန်း၊ မတ်ပဲက လေးသိန်းဖိုး၊ နှစ်သိန်းကို မင်းလိုတာသုံးဖို့ယူထား။ ငါ့ဆီ ဆယ်သိန်းပဲပို့. . . ကြားလား"

"ရပါတယ်မမေ။ ကျွန်တော်မလိုချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ. . . သားအမိကြား မာနက ထားနေရသလား စာရေးဆရာရဲ့။ ဒီငွေလောက်များ သုံးလေးလနဲ့ မင်းရှာနိုင်မှန်း ငါသိတယ်။ နေထိုင်မကောင်းဖြစ်ပြီး အလုပ်ပျက်တဲ့အခါ ခြေစောင့်လက်စောင့်သုံးဖို့ပေးတာကို ငြင်းမယ်မကြံနဲ့။ ငါ့အကြောင်း မင်းအသိဆုံးနော်. . . ဖိုးပြည့်။ ငါက ပေးရင်ယူမှကြိုက်တယ်။ အဝေးရောက်နေလို့ အရိုက်မခံရဘူးထင်မနေနဲ့။ ရန်ကုန်နဲ့ဒီ ဘာမှမဝေးဘူး။ အချိန်နှစ်နာရီအတွင်း မင်းကို ငါ နားပန်လာအုပ်လို့ရတာသဘောပေါက်"

"အာ. . . ဒါဖြင့်လည်း ယူပါ့မယ်မေမေရာ။ ရန်ကုန်အထိတော့ မလာပါနဲ့။ မေမေပင်ပန်းမှာစိုးရိမ်လို့ပါ"

"ဟင်း. . . မင်းကပဲပြောရတယ်ရှိသေး။ ကဲ. . . သက်သက်နဲ့ပြောဦး။ ကတိပေးဖို့ မမေ့နဲ့ဦးနော်။ နေရာတကာ ငါပါတိုင်းကောင်းတာမဟုတ်ဘူး ကောင်နာလေးရဲ့"

ပြောချင်တာ ဆူချင်တာဝသွားမှ သက်သက်လက်ထဲ ဖုန်းထည့်ပေးတော့တာမို့ သူမှာ သက်ပြင်းကျိတ်ရှိုက်လိုက်ပြီး ရယ်လည်းရယ်ချင်ငိုလည်းငိုချင်သွားရသည်။ ငါတော့ ရေမရှိတဲ့ချောင်းမှာ ဒိုင်ဗင်ထိုးပြီးသေလိုက်ရင် ကောင်းတော့မယ်ထင်ပါရဲ့။





"ကိုပြည့်လား"

"အင်း"

"ဘယ်လိုလဲ. . . တော်တော်မှအီစလံဝေသွားရဲ့လား။ ကြီးမေက စိတ်တိုင်းကျပြောဝလို့ပြန်ပြီ"

"ကြည့်ပြောပေးပါဦး သက်သက်ရာ"

"အမယ်. . . ကြီးမေကို သက်ဘယ်တုန်းကများ အတွန့်တက်ရဲလို့လဲ။ ဖေဖေနဲ့မေမေတောင်မှ ကြီးမေတစ်ခွန်းပြောလိုက်တိုင်း ခေါင်းညိတ်လိုက်နာတတ်တာ ကိုပြည့်အသိဆုံးဟာ"

"ကိုယ့်မှာ အလုပ်တွေမပြီးပြတ်နိုင်သေးဘူးသက်သက်ရယ်။ မေမေက အတင်းကိုမင်္ဂလာဆောင်စေချင်နေပြီ"

"ဟင်းဟင်း. . . ကိုပြည့်က မိန်းကလေးပဲဟာ။ မူလိုက်ဦး နောက်လေးနှစ်လောက်"

"မခနဲ့ပါနဲ့သက်သက်ရယ်။ ခုထိ ကိုယ့်ဝင်ငွေနဲ့ကိုယ်တောင် သုံးမလောက်ဖြစ်နေတဲ့ဟာ. . .။ အိမ်ထောင်ကျသွားမှ မိဘဆီက လက်ဖြန့်တောင်းရရင် ရှက်စရာကြီး"

"ဩော်. . . သက်တို့၊ ကိုပြည့်တို့မိဘမျိုးရိုးက ဆင်းတောင့်ဆင်းရဲကိုး။ မွေးထားတာမှ ရှားရှားပါးပါးတစ်ယောက်စီရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



မိရိုးဖလာလုပ်ငန်းကို ဦးစီးရုံနဲ့ ဆွေစဉ်မျိုးဆက် စားလို့တောင် မကုန်ဘူး။ ကိုပြည့်ဝါသနာကြောင့်သာ ရန်ကုန်ကိုလွှတ်လိုက်ရတာ။ စိတ်နည်းနည်းလေးမှချတာမဟုတ်ဘူး။ (၁၀)နှစ်ကျော်ကျော်လွတ်လွတ်လပ်လပ်နေခွင့်ရနေတာကို ကျေးဇူးတင်ပါဦး"

"အာ. . . ရွှေနေဌားကာမှ ယောင်လုံးလုံးကျနေပါရောလား သက်သက်ရာ"

"ဒီနှစ်ခွေ စုပေါင်းရှင်ပြုပွဲရှိတာ ကိုပြည့်မမေ့နဲ့နော်။ ကိုသုခနဲ့ကိုချမ်းသာတို့ပါ ခေါ်ခဲ့ဦး။ သက်ဆိုင်သူတွေ အနီးနားမရှိတာနဲ့ သုံးယောက်ပေါင်း,လောင်းကျော် ကဲချင်တိုင်းကဲနေမယ်မကြံနဲ့။ အခုရော ဘယ်ကောင်မလေးတွေဆီက စာဘယ်နှစောင်ရောက်နေပြီလဲ"

"နည်းနည်းပါးပါး. . ."

"ခတ်ပုံတောင်းတာတွေ၊ အိမ်လာလည်တာမျိုးတွေ ရှိသေးလား။ သက်ကိုညာဖို့မကြိုးစားနဲ့နော်။ ရန်ကုန်မှာ သက်သူငယ်ချင်းတွေ အများကြီးရှိတာမမေ့နဲ့။ ကိုပြည့်ခြေလှမ်းတစ်ချက် မှားတာနဲ့ သက်ဆီကို နားပေါက်ပြီးသားပဲ. . . သိရဲ့လား"

"အင်းပါကွာ"





"ဘာပြောချင်သေးလဲ"

"ဟင့်အင်း. . . ဘာမှမရှိဘူး"

"ဒါဖြင့်ဒါပဲနော်။ ကျန်းမာရေးလည်း ဂရုစိုက်ဦး။ ဒီမှာလို ကိုပြည့်ဖျားတိုင်း ဒါးရုံ့ဆန်ပြုတ်လေး ပြုတ်တိုက်ခွင့်ရတာမဟုတ်ဘူး စာရေးဆရာရဲ့။ တိုင်းသိပြည်သိ နာမည်ကျော်ကြားနေတာကို ပီတိဖြစ်မနေနဲ့။ ကိုယ့်ကိုယ်ကို ဂရုစိုက်ဦး"

"အင်းပါ"

တစ်ဖက်မှ ဖုန်းကျသွားသဖြင့် ဖုန်းဖိုး သူရှင်းပေးလိုက်ပြီး အိမ်ကိုပြန်ခဲ့တော့ အိမ်ထဲမှာ ကျွတ်စီကျွတ်စီညံနေလေပြီ။

အင်း. . . ရေးတော့ နိုးပြီထင်ပါရဲ့။

"ကိုကိုရေ"

"ဟော. . . လာပြီ"

"ကြည့်လုပ်ဦး ပြေည့်ရေ။ မျက်စိနှစ်လုံးပွင့်တာနဲ့ မျက်နှာသစ်၊ သွားတိုက်ဖို့မပြင်ဘူး။ မင်းမျက်နှာကို အရင်မြင်ချင်တာကဦးဆုံး"

"ကိုကိုက ဘယ်သွားနေတာလဲ"

"ဖုန်းလာလို့ သွားကိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ဖုန်းလဲ"

ခက်တာပဲ. . . အမေးအမြန်းကလည်းထူပ့်။ အမေ့ဆီကလို့ ပြောမိကာနဲ့ ဘယ်ကအမေလဲဆိုမှ ပိုရှုပ်ကုန်မည်။ ဟုတ်တယ်လေ။ ရေးရဲ့မိဘတွေက ရှိတော့တာမဟုတ်ဘူးလို့ သူမပြောခဲ့ဖူးတာကိုး။

"မိတ်ဆွေဆီကပါ"

"ယောကျာ်းလား. . . မိန်းမလား"

"အဘိုးကြီးဟေ့. . . ကဲ. . . ထထ. . . သွားတိုက်၊ မျက်နှာသစ်. . . အပျင်းမထူနဲ့။ ဆေးခန်းသွားရမယ်. . . လာ"

"ဟင်. . . မသွားချင်ပါဘူး။ တော်ကြာ ဆေးထိုးခံရရင် ရေးနာမှာပေါ့လို့"

"မထိုးပါဘူး ရေးရာ။ အဖျားသက်သာနေရင် ထိုးဖို့မလိုပါဘူး။ ထ. . . လမ်းထိပ်မှာ လက်ဖက်ရည်နဲ့အီကြာကွေး ဝယ်ကျွေးမယ်"

"တကယ်နော်"

သူခနဲ့ချမ်းသာက နှာခေါင်းရှုံ့ပြလိုက်လေ၏။ သူ့လက်မောင်းကိုတွဲခိုလျက် နောက်ဖေးထိလိုက်လာပြီးမှ သူကိုယ်တိုင် ဆေးညှစ်ထည့်ပေးသည့်သွားပွတ်တံကိုယူ၍ ရေချိုးခန်းရှိရာဆီ ဆင်း





သွားလေ၏။

"ဖြည်းဖြည်းဆင်း. . . ချော်လဲဦးမယ်"

"အင်း. . . ငပြည့်. . . ငပြည့်. . . ငါတော့ မြင်ယောင်နေပြီ သိလား။ ခုနေများ သက်သက်ရောက်လာရင် ပွဲကြီးပွဲကောင်းပဲ။ ဟိုကလည်း ခပ်သည်းသည်း၊ မင်းငတိမကလည်း ခပ်ကဲကဲ. . . ကြားထဲက မင်းနာမှာ"

"ရှူး. . . တိုးတိုးပြောပါကွ ငသုရာ။ အခုပဲ မေမေနဲ့ သက်သက်ကို ဖုန်းပြောလိုက်ရတာ"

"ဘာတဲ့လဲ"

"ပွဲရုံမှာ ငွေသွားသိမ်းဖို့ရယ်. . . ပြီးတော့. . . အင်း. . . နောက်နှစ်မှာ ငါမင်္ဂလာဆောင်ရတော့မှာတဲ့။ ကတိပေးလိုက်ရပြီ"

"ထင်သားပဲ. . . ဒါမှ သက်သက်စိတ်ချမ်းသာမှာ။ မင်းက တစ်ယောက်တည်း တေတေပေပေနေချင်တဲ့အကောင်"

"အံမာ. . . မင်းတို့လည်း အလိုတူအလိုပါပဲဟာကို"

"ငါတို့က မင်းလိုမြန်းပြီးသားလူရှိတာမဟုတ်ဘူး ငပြည့်ရေ။ မင်းသာ ကြိုးနှစ်ချောင်းကြားမှာ ညပ်မနေစေနဲ့။ တော်ကြာ မရှုနိုင်မကယ်နိုင်ဖြစ်ကုန်ရင် ငါတို့အညပ်မခံနိုင်ဘူး။ ငါတို့က အရှင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး. . .”

ချမ်းသာက ကော်ဖီဖျော်နေရာမှ ဝင်ပြောလိုက်သဖြင့် သူ ငိုင်ကျသွားရ၏။ ကြိုးနှစ်ချောင်းကြားတဲ့. . . ရေးရယ်။

ဒီနှစ်ချောင်းပြိုင်ဆွဲလာရင်တောင် ကိုယ်က သက်သက်ဘက်ကိုပဲ အလေးသာရမယ့်လူပါ။ ရေးက ကိုယ့်အတွက် ပင့်ကူမျှင်လေးလိုပဲ ခဏတာကပ်ငြိရုံပါကွယ်။

❁ ❁ ❁



## အခန်း ( ၉ )

“လိုက်ချင်တယ်”

သူ အင်္ကျီကြယ်သီးတပ်နေရာမှ အခန်းဝကိုလှည့်အကြည့် သူမက နှုတ်ခမ်းစူလျက် ခြေဆောင့်နေလေပြီ။ ဆံပင်မတိုမရှည်ကို ဘေးတစ်စောင်းလေး စည်းထားတာမို့ တစ်မျိုးကလေး ချစ်စရာကောင်းနေ၏။

“မလိုက်ချင်ပါနဲ့ ရေးရယ်။ ဒီမှာပဲ ကိုသုတို့နဲ့နေခဲ့ပါ။ ပြန်လာရင် မုန့်ဝယ်လာမယ်လေနော်”

“ဟင့်အင်း. . . လိုက်ချင်ပါတယ်ဆိုနေမှ”



www.burmeseclassic.com

www.burmeseclassic.com



"ပွဲရုံကိုသွားမှာ. . . ရေးရဲ့။ ဘာမှပျော်စရာမရှိဘူး။ ဟိုမှာ အထုပ်အပိုးတွေ ချကြ၊ တင်ကြနဲ့ ရှုပ်ယှက်ခတ်နေမှာ။ နောက်နေ့ ကျမှ အားလုံးအတူတူ မြို့ထဲသွားပြီး ရုပ်ရှင်ကြည့်ကြမယ်လေ. . . ဟုတ်ပြီလား"

"မသိဘူး. . . လိုက်ချင်လို့ပါဆို"

"ဟင်း. . . ခက်တာပဲ ရေးရယ်"

"ဟော့. . . နေရာတကာ ကလေးက လိုက်စရာလား။ ညည်း အစ်ကို အလုပ်သွားလုပ်ရမှာ။ နေပူကြဲတောက်ထဲ လျှောက်သွား ရင် ညည်းပြန်ဖျားမှာပေါ့။ နေကောင်းတာဖြင့် ဘာမှမကြာသေး ဘူး။ ဆေးတွေတစ်ပြုံကြီး သောက်ချင်ပြန်ပြီလား။ လိုက်ဂျစ်မနေနဲ့။ ငါသိပ်ကြည့်လို့မရတော့ဘူး။ နေရာတကာ ပါကိုပါတယ်"

ချမ်းသာ၏အသံသြကြီး ဟိန်းထွက်လာတော့ သူမက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ခြေဆောင့်ကာ နောက်ဖေးဘက်ထွက်သွား တော့သည်။ သုံးယောက်ထဲမှာ ချမ်းသာက လူကောင်လည်းထွား၊ အသံလည်းကြီး၊ အသက်လည်းအကြီးဆုံးမို့ ချမ်းသာကိုတော့ သူမ နည်းနည်းရှိန်သည်။ ဒါပေမဲ့ သူနဲ့ပတ်သက်လာရင်တော့ မကြောက် မရွံ့ ပြန်ခံလုပ်တတ်တာတော့အမှန်ပင်။





တိုင်မှာချိတ်ထားသည့်လွယ်အိတ်အညိုလေးကိုဖြုတ်၍ အိမ် ရှေ့သို့ထွက်လာခဲ့၏။ ကတ္တီပါဖိနပ်သဲကြိုးကို Brush ဖြင့်တိုက်နေ စဉ် နောက်ဖေးမှ တအိအိရှိုက်သံက ထွက်လာတော့သည်။ ကဲ. . . ဘယ်လိုလုပ် လမ်းထွက်လို့ရပါတော့မလဲ။ သူမတ်တတ်ရပ်၍ ပြန် လှည့်ဝင်တော့ သုခက သူ့ကိုလှမ်းတားလေ၏။

"ငပြည့်. . . ပစ်ထားလိုက်၊ မင်း စွတ်အလိုမလိုက်နဲ့နော်။ တစ်ခါတလေ မသိချင်ယောင်ဆောင်နေမှပေါ့"

"ကလေးက နေကောင်းခါစရှိပါသေးတယ်ကွာ"

"အပြင်ခေါ်သွားလို့ပြန်ထပ်ဖျားရင် မင်းပဲပင်ပန်းမှာနော်"

"ဟင်း. . ."

"မင်း, သူ့ငိုသံကိုတောင် ကြားလို့မခံနိုင်ဖြစ်နေပြီလား"

"ချမ်းသာ, ငါ. . ."

"မင်းသိထားဖို့က သူဟာ မင်းဘဝထဲကို ခဏလာတည်းတဲ့ ဧည့်သည်တစ်ယောက်ပါ ပြည့်စုံ။ အချိန်တန်ရင် သူ့အိမ်သူပြန်သွား မှာ။ မင်းကိုချည်ထားတဲ့ကြိုးက ခေါက်တုပ်လေး,တည်းထားတဲ့ နှောင်ကြိုးပဲဖြစ်ပါစေ။ နောက်မှ ဒဏ်ရာတွေဗလပွနဲ့ ငိုင်ကျန်ခဲ့မှာ ကို ငါတို့မမြင်ချင်ဘူး။ မင်းနဲ့သက်သက်ကြားက (၂၀၂၈) ကိုမေ့



www.burmeseclassic.com

www.burmeseclassic.com



မထားနဲ့"

"ငါသိပါတယ်. . . ငါသိနေပါတယ်ကွာ။ ဒါပေမဲ့ ငါ့ဆီမှာ သူနေခွင့်ရှိတုန်းလေးအခိုက် ပျော်ရွှင်စွာနေခွင့်လေး ရရှာပါစေ။ ငါ့ကိုနားလည်ပေးကြပါ"

"သွားပြီ. . . ငါတို့ကောင်တော့ ဆေးစားမှားပြီထင်ပါရဲ့"

သူခရေရွတ်တာကို မကြားချင်ယောင်ဆောင်၍ အိမ်နောက်ဖေးကိုဝင်ခဲ့တော့ နောက်ဖေးလှေခါးထစ်မှာ ထိုင်ငိုနေသည့်သူမကို တွေ့လိုက်ရလေ၏။

ရေးရယ်. . . ကိုယ့်နားမှာ မင်း ဘယ်အချိန်ထိရှိနေနိုင်မှာတဲ့လဲ။ အတိတ်ကိုပြန်သတိရတဲ့တစ်နေ့ ကိုယ်ဆိုတဲ့လူတစ်ယောက်ကို အနည်းအကျဉ်းလေးလောက်မျှ မင်းသတိရပါတော့မလား။ မသေချာ၊ မရေရာကြီးပါလားကွယ်။

"ရေး. . ."

". . ."

"ရေး. . . ထထ. . . မျက်နှာသစ်၊ ကိုကိုနဲ့လိုက်ခဲ့"

"မလိုက်တော့ဘူး"

"ဘာဖြစ်ရပြန်တာလဲ၊ ရေးပဲ ခုနလိုက်ချင်လို့ဆို"





"မလိုက်တော့ဘူး. . . ကိုကိုဘယ်သွားသွား နောက်ကို ရေး ဘယ်တော့မှမလိုက်တော့ဘူး။ ဟုတ်ပါတယ်. . . ရေးက ကိုကို့ဘဝမှာ အမှိုက်တစ်စပါပဲ။ ကိုကိုဘာလုပ်လုပ် အမြဲလိုက်ရှုပ်နေတဲ့အရှုပ်ထုပ်ပါ။ ကိုကိုလျှောက်မယ့်ဘဝခရီးလမ်းကိုတောင်မှ ကန့်လန့်ဝင်ခံနေတဲ့. . . အင့်. . ."

"ဟာ. . . ရေးရာ၊ ဘာတွေလျှောက်ပြောနေတာလဲ။ အဲဒီလိုမပြောရဘူးလေ. . . ကျွတ်. . ."

"နောက်ဆို ရေးမဆိုးရဲတော့ပါဘူး။ ကိုကိုယူချင်တဲ့မိန်းမလည်း ယူပါတော့။ ရေးက. . . ရေးက ကိုကို့ကိုအနှောင့်အယှက်ပေးဖို့သက်သက် လူဖြစ်လာသလိုပါပဲ။ ကိုကို့ကိုတားဆီးမိလို့ ရေးဝဋ်လည်မှာလည်းကြောက်တယ်. . . ကိုကိုမုန်းမှာကိုလည်း သိပ်ကြောက်တယ်။ ကိုကိုယူတဲ့မိန်းမက ရေးကိုမကြည်ဖြူလို့ ဒီအိမ်ပေါ်က မောင်းချရင် ရေးမှာပြေးစရာမြေ. . . မြေမရှိဘူး"

သူဘာမှမပြောနိုင်တော့ဘဲ ဒူးထောက်ထိုင်ချလိုက်ကာ သူမကို နောက်ကျောဘက်မှ သိမ်းကျုံးပွေ့ဖက်ထားလိုက်မိတော့သည်။ သံယောဇဉ်ဆိုတာ အခိုင်မြဲဆုံးကြိုးတစ်ချောင်းဆိုရင်၊ ရေးနဲ့သူကြားက ချည်နှောင်ထားတဲ့ကြိုးဟာ ဘယ်လိုမှဖြတ်တောက်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ အဖြူရောင ကြိုးတစ်ချောင်းဖြစ်နေပါရောလား။

နောက်နားဆီမှ သက်ပြင်းကိုယ်စီချလိုက်သံကြောင့် သူသတိဝင်သွားပြီး ရေးကိုတွယ်ဖက်ထားသည့်လက်တို့ကိုဖြုတ်လိုက်မိ၏။ သုခကမျက်မှန်ထူကိုချွတ်၍ ပုဆိုးခါးပုံစဖြင့် သုတ်လိုက်သလို ချမ်းသာက မျက်နှာကိုလွှဲလိုက်လေ၏။ သူ့ မျက်နှာထက်မှာစီးကျနေသည့်မျက်ရည်တို့ကို လက်ဝါးတို့ဖြင့်သုတ်၍ ဖယ်ရှားလိုက်ပါသည်။

"အစ်ကိုက. . . အစ်ကိုက ရေးထပ်ဖျားမှာကို စိုးရိမ်စိတ်နဲ့တားလိုက်တာပါ. . . ညီမလေးရယ်။ ဘာကိုမှမရည်ရွယ်ပါဘူး။ အစ်ကိုတို့ကိုအထင်မလွဲပါနဲ့။ အစ်ကိုတို့မှာ ပြေးကြည့်မှ ဒီညီမလေးတစ်ယောက်တည်း ရှားရှားပါးပါးရှိတာ။ အားလုံးစုပုံပိုင်းချစ်နေကြတာ ညီမလေးအသိပဲ။ ဘာလို့ ဒီလောက်ထိ ဝမ်းနည်းပက်လက်ငိုနေရတာလဲ။ ညီမလေး ဒီလိုငိုတော့ အစ်ကိုတို့ဘယ်စိတ်ကောင်းပါ့မလဲ။ ပြည့်စုံက ပိုဆိုးတာပေါ့။ ညီမလေးစကားတွေက ပြည့်စုံရင်ကို ခွဲသလိုဖြစ်နေပြီ။ ပြည့်စုံငိုတာကို ညီမလေးမြင်ရက်သလား"

သူမငိုနေရင်းမှ ဖျတ်ခနဲမော့ကြည့်လိုက်လေ၏။ ရီဝေဝေအကြည့်တို့ဖြင့် သူမကိုငေးကြည့်နေသည့်သူ့ကိုမြင်တော့ သူ့ခြေထောက်တွေကိုဖက်လျက် တောင်းပန်လေတော့သည်။





"ရေးကိုခွင့်လွှတ်ပါကိုကို။ ရေးကြောင့် ကိုကိုဘယ်တော့မှ စိတ်မဆင်းရဲစေရတော့ပါဘူး။ ကိုကိုမငိုပါနဲ့. . . မငိုပါနဲ့ကိုကိုရယ်"

"ကဲကဲ. . . နှစ်ယောက်စလုံး မျက်နှာသစ်လိုက်ဦး။ ပြည့်စုံ ခိုထီးတစ်ချောင်းထည့်သွား. . . ကလေးကိုနေပူမယ်"

"အေးပါ"

မျက်နှာသစ်လိုက်ပြီး သူမကို အဝတ်အစားလဲခိုင်းရ၏။ ဆံပင်ကိုသေချာပြန်ဖြီး၍ စည်းစေပြီးမှ နှစ်ယောက်အတူ ထွက်လာခဲ့သည်။ ကြိုးသိုင်းဖိနပ်ကို ငုံ့စည်းနေရင်းမှ သုခနှင့်ချမ်းသာဆီ လှမ်းပြောလိုက်ပြန်၏။

"ကိုသုနဲ့ကိုချမ်းဖို့ ပြန်လာရင် မုန့်ဝယ်ခဲ့မယ်သိလား။ စောင့်နေဦးနော်။ အိပ်ပျော်နေတဲ့လူ့ ငတ်ပဲ"

"အေးပါ. . . အေးပါ"

ခါတိုင်းလိုပြန်မစနိုင်ဘဲ အဆင်ပြေသလို ပြန်ဖြေလိုက်ပြီး ကျန်ခဲ့သည့်သူငယ်ချင်းနှစ်ဦးကို သူတစ်ချက်ကြည့်လိုက်ပြီး အိမ်ပေါ်မှဆင်းလိုက်၏။ ခြံပြင်ကိုရောက်တော့ ထီးဖွင့်ဆောင်းစဉ် သူမက သူ့လက်မောင်းကိုချိတ်တွယ်လိုက်လေသည်။

ကဲ. . . ဘယ်သူတွေ ဘာပြောကြဦးမှာလဲ။ ပြည့်စုံအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရေးဟာ တစ်ရက်ပဲဖြစ်ဖြစ်၊ တစ်ပတ်ပဲဖြစ်ဖြစ်၊ တစ်လပဲဖြစ်ဖြစ် လိုအပ်နေချိန်လေး ဖြည့်ဆည်းခွင့်ရရုံနဲ့ အရာခပ်သိမ်းကျေနပ်ခြင်းတွေနဲ့ ပြည့်စုံသွားပြီဆိုတာ လောကကြီးတစ်ခုလုံး သိသွားအောင် အော်ဟစ်ကြေငြာလိုက်ချင်ပါတယ်။

Taxi ဖြင့် ပွဲရုံရောက်တော့ နယ်မှကားမလာသေးသဖြင့် ပွဲရုံမှာပင် ထိုင်စောင့်ရလေ၏။ မန်နေဂျာဦးဘသိန်းက သူနှင့်ရေးကို အာလူးကြော်နှင့်အအေးပုလင်းဖြင့်ဧည့်ခံသည်မို့ ရေးက မုန့်ဝါးလိုက်၊ အအေးတစ်ငုံသောက်လိုက်ဖြင့် ငြိမ့်နေတော့သည်။

"ဟော! ကားလာပြီ မောင်ပြည့်စုံရေ။ ပစ္စည်းတွေအားလုံးချ၊ ရေတွက်ပြီးမှ ဘောက်ချာဖြတ်ပေးမယ်နော်။ နည်းနည်းတော့ စောင့်ရမယ်။ ဘယ်သွားစရာရှိသေးလဲ"

"မရှိပါဘူး ဦးလေးသိန်း၊ စာတိုက်မှာငွေလွှဲပြီး ပြန်ရုံပါပဲ"

"အေးအေး. . . ဒါဖြင့် ခဏလေးစောင့်ဦး"

ဒီဘက်ပွဲရုံမှာ ပဲနှင့်ငရုတ်ချနေစဉ် တစ်ဖက်ပွဲရုံမှာ လက်ဖက်ခြောက်တွေ ချနေလေ၏။ ကုန်ကားပေါ်မှ လူတစ်ယောက်ဆင်းလာပြီး သူတို့နှစ်ယောက်ကို စူးစူးရဲရဲကြည့်နေလေသည်။

"ကဲ. . . ဒီမှာ လက်မှတ်ထိုးနော်။ ငွေ အရင်ရေကြည့်ဦး





မောင်ပြည့်စုံ"

"ဟုတ်ကဲ့"

သူ့ ငွေတွေရေတွက်နေစဉ် ထိုလူက သူတို့နှင့်မလှမ်းမကမ်းသို့လျှောက်လာလေ၏။ ထိုလူ့မျက်လုံးများက သူမကို သေချာစူးစိုက်ကြည့်ကာ တအံ့တသြဖြစ်နေဟန်ပင်။

သူ့ ငွေရေပြီးသွားတော့ ကျွတ်ကျွတ်အိတ်ထဲထည့်ပြီးမှ လွယ်အိတ်ထဲထည့်ကာ ဘောက်ချာမှာ လက်မှတ်ထိုးပေးလိုက်ပါသည်။ ဦးဘသိန်းကိုနှုတ်ဆက်၍ ပွဲရုံမှထွက်ခဲ့စဉ် လမ်းမမှာ ရပ်ကြည့်နေသည့်ထိုလူနှင့် မျက်နှာချင်းဆိုင်တိုးလေတော့၏။

"ခဏလောက်မေးပါရစေ"

"ဟင်"

"ဒီကအစ်မလေးနာမည်က ရွှက်ဝါဝါပါလားခင်ဗျာ"

"ရှင်! အာ. . . မဟုတ်ပါဘူး"

"မန္တလေးက . . . . . . မှာနေတာလေ။ အစ်မလေးရဲ့အစ်ကိုနာမည်က. . . ကိုမိုးဒေဝါမဟုတ်ဘူးလား။ 'အဝါနုရောင်' လက်ဖက်ခြောက်ပွဲရုံပိုင်ရှင်လေ. . . ရှမ်းပြည်နယ်ဘက်မှာ"

"အို. . . ဘာတွေလာပြောနေမှန်းမသိ၊ စိတ်ရှုပ်စရာတွေ။



www.burmeseclassic.com

www.burmeseclassic.com



သွားကြမယ်လေ၊ ကိုကို"

"အင်း. . . ဟိုလေ. . . ဒီကနောင်ကြီးက ညီမလေးနဲ့တော်တော်တူတဲ့မိန်းကလေးကို ရင်းရင်းနှီးနှီးသိနေတယ်နဲ့တူပါရဲ့"

"ဟုတ်ကဲ့. . . ကျွန်တော်က မိုးသောက်ပန်းပွဲရုံက လူပါ။ ကိုမိုးဒေဝါနဲ့ သူငယ်ချင်းပွဲရုံကဆိုပါတော့. . . လုပ်ငန်းတူတွေမို့ မကြာခဏဝင်ထွက်မှုရှိနေတာပါ"

"ကိုကို. . . ဘာတွေလျှောက်မေးနေတာလဲ။ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ။ လာ. . . သွားကြစို့"

"ဟို. . . အဲဒီပွဲရုံရဲ့ဖုန်းနံပါတ်"

"ဟာ. . . ပြောနေတဲ့ကြားက. . . လာလို့ဆို"

သူမက အတင်းဆွဲခေါ်နေတာမို့ သူ ပြောလက်စစကားကို အတင်းဖြတ်ပစ်ခဲ့ရပြီး လိုက်လာခဲ့ရ၏။ ဦးနှောက်ထဲမှာ ရှုပ်ထွေးမှုတို့ဖြင့် ဇဝေဇဝါ. . .။ မိုးဒေဝါနဲ့ ရွက်ဝါဝါဆိုပါလား။ ဒါ, သဲလွန်စပဲထင်ပါရဲ့။ ရေးရဲ့သွေးချင်းအစ်ကိုနဲ့ ပြန်ဆုံဖို့လမ်းအစဟာ သူ့ရင်ကို ဟက်တက်ကွဲစေလိမ့်မယ်လို့ သူထင်မထားခဲ့မိတာကတော့ အမှန်တကယ်ပင်ဖြစ်ချေတော့သည်။

❁ ❁ ❁



အခန်း ( ၁၀ )

Yellow Pages စာအုပ်ထူကြီးကို စာအုပ်ဗီရိုထဲမှထုတ်လာတော့ သုခရော၊ ချမ်းသာပါ သူ့ကိုအထူးအဆန်းသဖွယ်ကြည့်လိုက်ကြလေ၏။

"ဘာလုပ်မလို့လဲ"

"ဖုန်းနံပါတ်ရှာမလို့"

"ဘယ်ကဖုန်းလဲ"

"မန္တလေး"

"မင်း ဘာသတင်းထူးကြားလာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သဲလွန်စ,ရလာပြီ"

"ဟေ. . . တကယ်"

နှစ်ယောက်သား အလုပ်လုပ်နေသည့်စားပွဲကိုယ်စီမှ ဝုန်းခနဲထရပ်လိုက်စဉ် အခန်းထဲမှ သူမခေါ်သံက စူးခနဲ. . .

"ကိုကိုရေ"

"ဟေ"

"ခဏ"

"အေး. . . လာပြီ"

သူ အခန်းဝသို့ရောက်စဉ် သူမက ခုတင်ထက်မှာ ဗိုက်ကိုနှိပ်လျက် မျက်နှာရှုံ့မဲ့နေလေ၏။

"ဘာဖြစ်လို့လဲ"

"ဗိုက်ထဲက အောင့်တယ်"

"ကျွတ်. . . ဇီးထုပ်တွေ အရမ်းစားတာကိုး။ အခုဖြစ်ပြီမဟုတ်လား။ ဘယ်တော့မှ အစားကိုမဆင်ခြင်ဘူး။ တန်ဆေးလွန်ဘေး. . . ဘာမှမစဉ်းစားတတ်ဘူး"

"အား. . . ကိုကိုကလည်း ဗိုက်အောင့်နေတာကို ပျောက်အောင်ကုပေးဖို့မပြင်ဘူး။ လွှတ်ဆူနေတာပဲ. . . ဒီမှာသေတော့





မယ်။ ကျွတ်. . . ကျွတ်. . . ကျွတ်"

"ဟင်. . . ကိုကိုက ဘယ်လိုကုတတ်မှာလဲ. . .။ ဆရာဝန်မှမဟုတ်တဲ့ဟာ"

"အီး. . . ဟီး. . . ဟီး။ ဒါဖြင့် ရေး,သေရတော့မှာပေါ့"

"ဟာ. . . ပေါက်ကရတွေမပြောရဘူးလေ။ ဆေးခန်းလိုက်ပို့မှာပေါ့. . . ထထ"

"ဒီအချိန်ကြီး ဘယ်ဆေးခန်းက ဖွင့်မှာလဲလို့"

"ဖွင့်တဲ့ဆေးခန်းရှာပြီး ပြရမှာပေါ့။ ပြောစကားကိုဖြင့် နားမထောင်ချင်ဘူး။ ကိုယ့်စိတ်ကြိုက်လျှောက်စားပြီး ခုဖြစ်ပြီမဟုတ်လား"

"ဗိုက်အောင့်ရတဲ့ကြားထဲ နားညည်းတယ်"

"ညည်းပဲပြော, သိလား"

အပေါ်မှ ဆွယ်တာလက်ရှည်လေး ထပ်ဝတ်ပေးလိုက်ပြီးတွဲထူ၍ခေါ်ထုတ်ခဲ့တော့ သုခနှင့်ချမ်းသာတို့အံ့ဩသွားရလေ၏။

"ဟဲ့. . . ဘာဖြစ်ပြန်ပြီလဲ"

"ငသုရေ. . . Taxi ထွက်ငှားပေးပါဦး။ ဆေးခန်းမဖွင့်ရင်ဆေးရုံကိုသွားရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အား. . . ဆေးရုံမသွားချင်ဘူး"

"မသွားချင်လို့ရမလား။ တော်ကြာ ခွဲရစိတ်ရတွေဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ။ အန္တရာယ်ဖြစ်မှာကိုတော့ ကြိုမတွေးထားဘူး။ ဖြစ်လိုက်ရင်အသည်းအသန်ချည်းပဲ"

သူ့အသံကျယ်ကျယ်ဖြင့်ဟောက်လိုက်တော့မှ အတွန့်မတက်တော့ဘဲ တရှုပ်ရှုပ်နှင့်ငိုနေတော့၏။ တအောင့်အကြာမှာ ခြံရှေ့သို့ Taxi ထိုးစိုက်လာသဖြင့် သူမကိုတွဲ၍ အိမ်ပေါ်မှဆင်းလိုက်သည်။

"ချမ်း. . . အိမ်စောင့်နှင့်နော်။ ငါ, သေကိုခေါ်သွားမယ်။ တံခါးတွေအကုန်ပိတ်ပြီး အိပ်ပျော်မသွားနဲ့ဦး။ နိုးနိုးကြားကြားလေး အိပ်"

"အေးပါ"

Taxi သမားက ညဘက်ဖွင့်လေ့ရှိသည့်ဆေးခန်းကြီးသို့ပင် မောင်းချလာလေ၏။ သုခက ပိုက်ဆံကုန်တော့မည်ကိုမြင်နေ၍ မျက်စပစ်ပြလေသည်။ ဆေးခန်းထဲသို့တွဲဝင်ခဲ့တော့ Nurse မလေးများနှင့် ဆရာဝန်များက ဆီးကြိုလိုက်လေ၏။

"ဟော. . . ဘာဖြစ်လို့လဲ"





"ဗိုက်အောင့်လို့တဲ့. . . ဒေါက်တာ"

"အခန်းထဲဝင်နော်။ လူနာနဲ့ဘာတော်လဲ"

"မောင်နှမပါခင်ဗျ"

"ဪ. . . ဒါဖြင့်လိုက်ခဲ့ပါ"

"ဟုတ်ကဲ့"

ခုတင်ပေါ်မှာလှဲခိုင်းပြီး ဆရာဝန်မလေးမေးသမျှကို တီးတိုးဖြေရင်း စမ်းသပ်မှုခံယူနေသည့်သူမကို ခုတင်ခြေရင်းနားမှာရပ်၍ သူကြည့်နေမိ၏။ ဗိုက်ကို ဟိုဘက်နှိပ်ဒီဘက်နှိပ် သေချာစမ်းပြီး တော့မှ ဆရာဝန်မလေးက ခေါင်းကိုဆတ်ခနဲညိတ်လိုက်လေသည်။

"ရပါပြီ။ ဒီမှာ ဆေးအမည်ရေးပေးလိုက်မယ်နော်။ အပြင်မှာ ထုတ်သွားလိုက်ပါ။ နောက်ကို ချဉ်စာတွေ သိပ်မစားမိစေနဲ့ ညီ[illegible]လေးရဲ့။ ခဏခဏအော[illegible]ာတ်ရင် မကောင်းတော့ဘူး"

"ဟုတ်ကဲ့မမ"

"ကိုကိုကလည်း ကလေးကိုသိပ်အလိုမလိုက်မိပါစေနဲ့။ အမေတို့ အစ်မတို့လိုက်လာဖို့ကောင်းတယ်"

"မရှိဘူးခင်ဗျ။ ကျွန်တော်တို့က မောင်နှမနှစ်ယောက်တည်း ရှိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ရော့. . . ဒီမှာဆေးစာရွက်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်ခင်ဗျ"

သူ့ ဆေးခန်းတံဆိပ်နှိပ်ထားသည့်စာရွက်ဖြူလေးကို လှမ်းယူ၍ သူမကိုတွဲခေါ်လာကာ ဆေးကောင်တာမှာ ဆေးဝယ်၍ ငွေရှင်းလိုက်ပါ၏။ အလာတုန်းက Taxi ဖြင့်ပင် အိမ်ကိုပြန်လာခဲ့ပြီး ကားခရှင်းပေးလိုက်သည်။ အခန်းထဲဝင်ပို့ကာ ကော်ဖီတစ်ခွက်ဖျော်၍ ဆေးတိုက်၍သိပ်လိုက်၏။ ည (၁၀)နာရီထိုးမှ သူမ အိပ်ပျော်သွား၍ သူ့ ဧည့်ခန်းကိုပြန်ထွက်လာခဲ့သည်။

သုခနှင့်ချမ်းသာက အိပ်ဖို့ပြင်နေလေပြီ။ သူစာအုပ်ထူကို အကြွရာကြည့်၍လှန်လှော၍နေစဉ် သုခက သူ့နားရောက်လာလေ၏။

"မင်းရလာတဲ့သဲလွန်စက ဘာလဲ"

"သူ့နာမည်က ရွက်ဝါဝါတဲ့"

"အမယ်. . . တယ်ဟုတ်တယ်လှပါလား"

"သူ့အစ်ကိုက မိုးဒေဝါတဲ့။ လက်ဖက်ခြောက်ပွဲရုံပိုင်တယ်။ ရှမ်းပြည်နယ်ဘက်မှာ လက်ဖက်ခြံတွေရှိပုံပဲ။ အတော့်ကိုချမ်းသာပုံရတယ်ကွ"





"အခု မင်း လိပ်စာပါရှာတာလား"

"ဟုတ်မဟုတ်မသေချာတော့ ဖုန်းပဲအရင်ဆက်ကြည့်ရင်ကောင်းမလားလို့"

ချမ်းသာပါ သူတို့အနီးရောက်လာပြီး ထိုင်ခုံမှာဝင်ထိုင်လိုက်လေသည်။ သူစိတ်ရှည်ရှည်ဖြင့်ရှာစဉ် 'အဝါနုရောင်' လက်ဖက်ခြောက်ပွဲရုံအမည်ကိုရှာတွေ့သွားသဖြင့် စာရွက်တစ်ရွက်မှာ ရေးမှတ်လိုက်၏။

"ပြည့်"

"ဘာလဲ"

"မင်း သူ့ကိုတကယ်ပြန်ပေးနိုင်လို့လား"

"ဟင်း. . . လာကြပ်ပြန်ပြီ"

"ငါတို့က အတွင်းသိအစင်းသိသူငယ်ချင်းတွေပါပြည့်ရာ။ ပြီးတော့ မင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို မြင်တတ်ပါတယ်"

သူ ငိုင်ကျသွားလေ၏။ မင်း. . . အစ်ကိုလိုက်လာပါပြီတဲ့။ မင်း ရှောရှောရှူရှူနဲ့လိုက်သွားနိုင်ပါ့မလား ရေး။ ဒီလိုမှမဟုတ်ရင် မင်းအစ်ကိုအတင်းဆွဲခေါ်တဲ့နောက်ကို ရုန်းရင်းဆန်ခတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့မြင်ကွင်းမျိုး ကိုယ်မမြင်ပါရစေနဲ့။ ကိုယ်မခံစားနိုင်လို့ပါ ရေးရယ်။

"ငါ့မှာ သက်သက်ရှိနေပြီးသားပါကွာ။ အစစအရာရာစီစဉ်ပြီးသားကိစ္စကို ငါ့ကြောင့်တော့ အပျက်မခံနိုင်ပါဘူး။ ပြီးတော့ သက်သက်က ဘက်စုံတော်တဲ့မိန်းကလေး။ ဘာတစ်ခုမှအပြစ်ပြောစရာမရှိဘူး။ ငါ့အမေကအစ ကြည်ဖြူပြီးသား မိန်းကလေးတစ်ယောက်ကို ငါ. . . ငါ. . . ငြင်းဆန်ခွင့်မရှိပါဘူးကွာ"

"မင်းပြောပုံကြီးကလည်းကွာ. . . အနှစ်မပါသလိုပဲ။ သက်သက်က မင်းနဲ့ဒီလောက်ထိရင်းနှီးထားပြီးသား. . . မိန်းကလေး။ မင်းအပေါ်မှာလည်း တကယ့်ကိုချစ်ပုံရပါတယ်။ မိဘပေးစားတဲ့ အိမ်ထောင်ရေးမှာ တစ်ခုခုချို့ယွင်းမှုတွေရှိခဲ့ရင်တောင် မိဘက ဝင်ဖြည့်ဆည်းပေးသွားမှာပဲ။ မင်းလည်း ကြားဖူးမှာပါ။ ကိုယ်ချစ်ကိုမရှာဘဲ သူချစ်ကိုရှာဆိုတဲ့စကားလေ"

"ဟာ. . . ငါက ဘယ်သူ့ကိုချစ်နေလို့လဲ"

သူ အလန့်တကြားထငြင်းတော့ သုခနှင့်ချမ်းသာက မဲ့ပြုံးပြိုင်တူပြုံးလိုက်ကြလေသည်။ ရော်. . . ခက်တော့တာပဲ။ လူကို မယုံသင်္ကာနဲ့ စွဲချက်တွေတင်တော့မှာပါလား။





"မင်းရင်ထဲမှာ. . . ရေး, ရောက်နေပြီ"

"ကျွတ်. . . ပေါက်ကရတွေ။ ငါ, ရေးကို. . . ငါ့ညီမလေးလို သဘောထားပြီး ဖြူဖြူစင်စင်နဲ့"

"မညာနဲ့. . . ပြည့်စုံ။ မင်း, သူများတွေကို ညာလို့ရရင်ရလိမ့်မယ်။ မင်းကိုယ်မင်းတော့ ညာဖို့မကြိုးစားလေနဲ့။ ကိုယ့်ကိုယ်ကို ညာမိတဲ့အဖြစ်ဟာ တကယ့်ကိုအဆိုးရွားဆုံးပဲကွ"

"ဟာကွာ. . . မင်းတို့ ဒီလို့တော့မစွပ်စွဲပါနဲ့ကွ"

"ဟ! ငါတို့က အနီးကပ်ကြည့်နေမြင်နေရတဲ့လူတွေနော်။ ဒီလောက် နိစ္စဓူဝတွေ့နေရတဲ့ကိစ္စကြီးကို မင်းမျက်စိမှိတ်ပြီး ဇွတ်ငြင်းဖို့မကြိုးစားနဲ့"

"ဟုတ်တယ် ပြည့်စုံ။ မင်း, သူ့မျက်နှာကို တစ်ချက်အညှိုးခံနိုင်လို့လား။ သူ့ရှိက်သံတစ်ချက်မှာ လုပ်ချင်နေတဲ့အလုပ်၊ လှမ်းချင်နေတဲ့ခြေလှမ်းတွေကိုရပ်ပြီး နောက်ကြောင်းပြန်လှည့်ခဲ့တာ အကြိမ်ပေါင်းမနည်းခဲ့ဘူး။ သူ့ငိုသံတွေက မင်းရင်ကိုအစိတ်စိတ်အမွှာမွှာခွဲနေသလိုပဲ ခံစားရတယ်မဟုတ်လား။ သူ့မရှိရင် မနေနိုင်အောင်ဖြစ်နေပြီဆိုတာကို ရဲရဲကြီးဝန်ခံလိုက်စမ်းပါပြည့်စုံရာ။ မင်း သူနဲ့မခွဲနိုင်ပါဘူး။ သူများလက်ထဲပြန်ထည့်ပေးဖို့ဆိုတာကတော့"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒါအမှန်ပဲ။ မင်းစိတ်က ဘယ်လိုပဲဖြူပါတယ်လို့ပြောနေပါစေ။ အဲဒီအဖြူထဲမှာ အနည်းအကျဉ်းလောက်တော့ အပြာရောင်ရောနေပြီ ပြည့်။ တကယ်တမ်းထိပ်တိုက်ကြုံလာခဲ့ရင် သက်သက်နဲ့သူ့ကို ဘယ်သူ့ကိုရွေးမလဲဆိုတဲ့အဖြစ်မှာ ဘယ်နည်းနဲ့မှ မင်း, သက်သက်ဘက်ကို အလေးသာပေးမှာမဟုတ်ဘူး"

"တော်ကြပါတော့ကွာ"

"ဟုတ်တယ်။ သက်သက်က ငယ်သူငယ်ချင်းလည်းဖြစ်၊ မိဘကလည်းသဘောတူပြီးသားမို့ မင်းငြင်းဆန်ခွင့်မရှိဘူးဆိုတာ ငါတို့သိတယ်ပြည့်စုံ။ ငါစိုးရိမ်တာက ဦးနှောက်နဲ့ နှလုံးသားလွန်ဆွဲပွဲမှာ ဦးနှောက်ဘက်ကို မင်းရွေးချယ်ခဲ့တယ်ပဲထားပါတော့။ အချစ်မပါတဲ့လူချည်းသက်သက်ကိုသာပိုင်ရမယ့်သက်သက်ကို. . . ငါတို့သနားတယ်. . . သူ့ခမျာ"

"ငါ. . . သက်သက်ကို သံယောဇဉ်ရှိပြီးသားပါကွာ။ ငါတို့သံယောဇဉ်က အခုဆို နှစ်အစိတ်ကျော်နေပါပြီ"

"ဒါက ၅၂၈ လေကွာ"

"ဒါဖြင့်. . . ရေးကိုရော"

သူ, ချက်ချင်းနှုတ်ပိတ်သွားရလေ၏။ ဘယ်လိုဖြစ်ပြီး ဒီညမှ သူ့ကိုချောင်ပိတ်ရိုက်နေကြဝါဘာပါလိမ့်။ စိတ်ဆိုတာ လွတ်လပ်စွာထားသင့်တဲ့အရာလား။ ဒါမှမဟုတ် တင်းကျပ်စွာချုပ်ထိန်းသင့်တဲ့အရာလေလား။ သူ, သေချာမဝေခွဲတတ်ပါလေတော့။

"ရေးနဲ့ဆုံခွင့်ရတာ မှတ်မှတ်ရရသုံးလပဲရှိသေးတာပါငပြည့်။ ဒါပေမဲ့. . . မင်းရင်ထဲက သမုဒယပင်လယ်ကြီး ဂယက်ရိုက်သွားရတာကိုတော့ ဝန်ခံလိုက်ပါ။ အင်း. . . ငါတို့က အနုပညာသမားတွေဆိုတော့ အချစ်ကိုဦးစားပေးချင်တာတော့အမှန်ပဲ။ ဒါပေမဲ့ရေးက မင်းရဲ့တစ်ခဏ်တာ လာရောက်ခိုအောင်းတဲ့ဧည့်သည်သီးသန့်ပါကွာ။ ငါပြောချင်တာကတော့ သူနဲ့ပတ်သက်ပြီး လှုပ်ခတ်နေတဲ့ မင်းရဲ့ရင်ခုန်သံတွေကို အတတ်နိုင်ဆုံးထိန်းချုပ်စေချင်တာပါပဲ။ နောက်မှ မင်းရင်ကွဲပက်လက်ဖြစ်ကျန်ခဲ့တာကို မမြင်ချင်လို့ပါ။ အချစ်ဆိုတာ သံယောဇဉ်ရပ်ဝန်းတစ်နေရာက သစ်ပင်လေးတစ်ပင်လို့ရေးခဲ့ဖူးတဲ့ မင်းရဲ့စာအုပ်ထဲက စာသားလေးကို အတည်မပြုချင်ပါနဲ့သူငယ်ချင်းရယ်"

သက်ပြင်းကို ခပ်လေးလေးချလိုက်စဉ် နာရီမှ (၁၂)နာရီထိုးသံကို ကြားလိုက်ရလေ၏။ အိပ်ရာထဲဝင်သွားပြီဖြစ်သည့်သုခနှင့်ချမ်းသာကတော့ ခေါင်းနှင့်ခေါင်းအုံး ထိလိုက်သည်နှင့် ခဏ







www.burmeseclassic.com

www.burmeseclassic.com



အတွင်း အပူအပင်ငွေ့စွာ အိပ်မောကျသွားလေတော့သည်။ အခန်းတွင်းရှိ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လျက် အိပ်မပျော်နိုင်သေး။ ဖွင့်ထားသည့်ပြတင်းပေါက်မှ ဆောင်းလေတို့က တသုန်သုန်တိုက်ခတ်၍ အပြေးအလွှားဝင်ရောက်လာကြ၏။

တိတ်ဆိတ်နေသည့် ညဥ့်ယံရှုခင်းတို့က လရောင်မှိန်မှိန်အောက်မှာ ဝိုးတဝါး. . .။ ပုရစ်လေးများ၊ ညဥ့်ငှက်လေးများ၏ အော်ဟစ်နေသံကို အဝေးမှသဲ့သဲ့လေးကြားနေရ၏။ ရေးလက်စစာမူက စာကြည့်စားပွဲထက်မှ တစ်ပိုင်းတစ်စဖြင့် အရာမယွင်း။

ရေးရဲ့ရှိုက်သံတစ်ချက်ကို ခံနိုင်စွမ်းမရှိအောင် သူဖြစ်နေခဲ့တာတဲ့။ လုပ်လက်စအလုပ်၊ လှမ်းလက်စခြေလှမ်းကို ဆက်လုပ်လို့မရ၊ ဆက်လှမ်းလို့မရအောင်ကို သူမအသံက အာရုံဖြင့်သိမ်းပိုက်နိုင်ခဲ့ပြီလား. . . ရေးရယ်။

မခေါ်ဘဲလာတဲ့ဧည့်သည်ဟာ မနှင်ဘဲနဲ့ အချိန်တန်တော့လည်း ပြန်သွားရတော့မှာပါ။ ခဏတာနားခွင့်ပေးခဲ့တဲ့ ကိုယ့်ရင်ဘတ်သစ်ပင်ကြီးကတော့ အလွမ်းဌာနဘုံဇရပ်တစ်ခုအဖြစ် ကျန်ရစ်ခဲ့ရမှာအမှန်ပါပဲ။

မင်းကိုချစ်နေခဲ့မိတာကို ဝန်ခံပါရစေ, ရေး။ ကိုယ်, မင်းကို





ရင်ဘတ်ကြီးနဲ့အပြည့်အသိပ် မြတ်မြတ်နိုးနိုးချစ်ခဲ့မိနေပြီဆိုတာကို ဒီတစ်သက် ဘယ်တော့မှပြောခွင့်ရှိတော့မယ်မထင်ပါဘူး ကလေးရယ်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

"ဒေါက်!. . . ဒေါက်! "

"ဒေါက်!. . . ဒေါက်! "

"လာပြီ. . . လာပြီ။ ငသူရေ. . . ပြည့်စုံကိုနှိုးလိုက်ဦး။ ကြည့်ရတာ ဒီကောင် တစ်ညလုံး အိပ်မပျော်ဘူးထင်တယ်။ မနက်မိုးလင်းမှအိပ်မောကျနေပုံပဲ"

"အေးအေး. . ."

ချမ်းသာ တံခါးကလန့်ကိုဆွဲချ၍ တံခါးကိုဆွဲဖွင့်လိုက်စဉ် ခရီးဆောင်အိတ်တစ်လုံးဖြင့် အပြင်မှာရပ်နေသည့်မိန်းကလေးတ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုမြင် ုိုက်ရလေ၏။

"ကိုချမ်းသာထင်တယ်"

"ဟုတ်ကဲ့"

"ကိုပြည့်ရော. . . မနိုးသေးဘူးလား"

"သုခ. . . နိုးနေပြီခင်ဗျ။ ဒီကညီမက"

"ချစ်သက်သက်ချစ်ပါရှင်"

"ဟိုက်! "

ချမ်းသာလက်ဝါးဖြင့် နဖူးကို ဖြောင်းခနဲရိုက်လိုက်စဉ် သုခက ဧည့်ခန်းကိုထွက်လာလေ၏။

"ဟာ. . . သက်သက်ပါလား"

'ဟုတ်တယ်။ ကိုပြည့် ညကတစ်ညလုံးစာရေးနေတာလား။ နေမကောင်းဘူးဆို။ ကိုသုခတို့ကလည်း သူငယ်ချင်းကိုကြည့်ပြောဦးမှပေါ့။ သူက နဂိုကတည်းက ခပ်ပေပေရယ်"

"အဲ"

သုခဘာပြောရမလဲဖြစ်နေစဉ် ဧည့်ခန်းထဲပေါက်ချလာသူကတော့ သူတို့အိမ်က ရွှေဆည်းလည်းလေးပင်ဖြစ်ချေတော့၏။ လက်ထဲမှာ ကိတ်ခြောက်တစ်ခုကိုကိုက်ရင်း ရောက်လာသည့်မိန်း





ကလေးကိုမြင်လိုက်ရ၍ သက်သက်မျက်လုံးအစုံပြူးကျယ်သွားရလေသည်။

ကြည့်ပါဦး. . . အခုမှ အပျိုဖြန်းအရွယ်လေး။ ဆံပင်မတိုမရှည်လေးကို ဘေးတစ်စောင်းလေးစည်းထားပြီး T-shirt ပန်းရောင်လေးကို Quater ဂျင်းအပြာနှင့်တွဲဝတ်ထားသည်မို့ ရှိရင်းစွဲအသက်ထက်ပို၍ငယ်နေသယောင်။

ဘယ့်နှယ်. . . ယောကျ်ားလေးသုံးဦးသာရှိနေသည့် ဤအိမ်ထဲကို ဒီကောင်မလေးရောက်နေရတာပါလိမ့်။

"သူလေးက. . . သူလေးက"

"ကျွန်တော့်ညီမပါ"

"ကျွန်တော့်ညီမ"

ပြိုင်တူဖြေလိုက်မိကြသည့် သုခနှင့်ချမ်းသာ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်မိကြသည်။ ဗုဒ္ဓေါ. . . ပြဿနာကတော့ ဆူနာမီထက် ကြောက်စရာပိုကောင်းနေပြီထင်ပါရဲ့။

"ဟင်! ကိုသုခတို့ကလည်း ဘယ်လိုတွေပြောနေတာလဲ"

"ကိုသု. . . ဘယ်ကဧည့်သည်လဲ"

"ဟို. . . ဟို. . . ပြေည့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ဧည့်သည်. . .၊ ဟင်. . . ကိုကို့ဧည့်သည်က ဒီလိုချော ချောလှလှလေးဖြစ်နေရလား။ အဲဒီကိုကိုကတော့လေ. . . ရေး မသိအောင် ဘာတွေလျှောက်လုပ်ထားလည်းမသိ။ အိတ်ဆွဲပြီး အိမ် ကိုပေါက်ချလာပုံထောက်ရင် အခြေအနေမကောင်းတော့တာ သေ ချာတယ်"

"ဟာ! "

"အို! "

"မိရေး. . . ညည်းဘာတွေလျှောက်ပြောနေတာလဲ"

"ဟုတ်တာပြောတာပဲလေ. . . ကိုကိုရေ"

"ဟေ. . . နေပါဦး။ ဒီမှာမျက်နှာလေးသစ်ပါရစေဦး"

"ကျွတ်. . . ကြာလိုက်တာနော်"

ဖိုးဖိုးဇတ်ဇတ်ဖြင့် နောက်ဖေးဘက် စွတ်ခနဲဝင်သွားသည်မို့ သက်သက်မျက်နှာ ကွက်ခနဲပျက်သွားရတော့သည်။

ဘုရားရေ . . . ကိုပြည့်တော့. . . ကိုပြည့်တော့. . . ကြီးမေ တို့၊ ဘဘတို့မသိအောင် မိန်းမယူထားပါရောလား။

"သက်သက်. . . ထိုင်လေ"

ဆက်တီပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ငိုချင်လာသည့်





စိတ်ကိုထိန်းချုပ်နေရ၏။ အမယ်လေး. . . သားနေမကောင်းလို့ သွားပြုစုပေးပါသမီးရယ်ဆိုလို့ ရန်ကုန်ကိုရောက်လာခဲ့တာ။ ခုတော့ . . . ခုတော့. . . ရင်ဝကိုဆောင့်ကန်ခံလိုက်ရသလို အဖြစ်ဆိုးမျိုး နဲ့လာကြုံနေရတာပါလား။

မျက်နှာသုတ်ပဝါဖြင့်သုတ်၍ လှေကားမှတက်ခဲ့စဉ် မီးဖိုခန်း အဝမှာ သုံးယောက်သားစုပြုံရပ်နေကြသည့်အုပ်စုကိုမြင်လိုက်ရ လေ၏။

"ဘယ်လိုဖြစ်ပြီး အပေါက်ဝမှာ လာပိတ်ရပ်နေကြတာလဲ"

"ကိုကို. . . အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်။ ရေးမသိ အောင် ဘယ်တုန်းကတည်းက ခြေရှုပ်ထားလဲမသိဘူး။ ဟိုက တစ် ခါတည်းအထုပ်ဆွဲပြီး အိမ်ပေါ် ကိုပေါက်ချလာပြီ"

ဟေ"

"ပြည့်စုံ. . . သက်သက်ရောက်လာတာကွ"

"ဘာ! "

သူ့, ခေါင်းတစ်ခုလုံး ထူပူသွားရတော့၏။ ဘုရားရေ. . . ဘယ်က နတ်ဒေဝါတွေလမ်းပြမြီး သက်သက်ပေါက်ချလာရတာပါ လိမ့်။ ဒီမှာ. . . ရေးကိစ္စကို ဘာမှအကောင်အထည်မဖော်ရသေးမီ



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်တွေ ကစဉ့်ကလျားဖြစ်ကုန်ပါရောလား။

"မင်းတို့ဘာပြောထားလဲ။ ရေးကိုမြင်သွားပြီလား"

"ဘာမှမပြောရသေးခင် မင်းငတိမက ရောက်လာတာလေ။ ငါ့ညီမ၊ ချေမ်းညီမဆိုပြီး မညာစဖူးညာတော့ အကုန်ပေါ်ရော။ ဒီကြားထဲမှာ ဒင်းက မင်းကို တကိုကိုနဲ့အော်ခေါ်ပြီးဝင်လာတော့ ဘယ်လိုလုပ်လို့ရတော့မှာလဲ။ မင်းကိစ္စ မင်းရအောင်ရှင်းပေတော့။ ငါတို့ဘာမှမလုပ်တတ်တော့ဘူး"

"ကျွတ်! ပြဿနာပဲကွာ"

"ဘာပြဿနာရမှာလဲ။ အဲဒါ. . . ကိုကို့ပြဿနာလေ။ ကိုကို မလည်ရှုပ်လုပ်ထားလို့ ဟိုကရောက်လာတာပေါ့လို့"

"ရှူး. . . တိတ်တိတ်နေပါရေးရယ်။ ဒီမှာ ပြဿနာရှင်းဖို့ ခေါင်းခြောက်ရတဲ့ကြားထဲ၊ အိမ်မရှု့ကိုထွက်မလာခဲ့နဲ့။ ဒီနောက်ဖေးမှာပဲနေ. . . ကြားလား"

"ဟင်. . . ရပါဘူး"

"ရေး. . . ပြောရင်နားထောင်မှပေါ့။ အဲဒါ လူကြီးတွေကိစ္စလေ. . . ကလေးက မပါရဘူး"

"ကိုသုကလည်း. . . ကိုကို့ပြဿနာ, ရေးပြဿနာ အတူတူပဲ





ဟာကို"

သူ, ဧည့်ခန်းရှိရာကိုထွက်ခဲ့တော့ နောက်ဖေးမှာ ကျွတ်စီကျွတ်စီဖြင့် သုံးဦးသား တွတ်ထိုး၍ကျန်ရစ်ခဲ့လေတော့သည်။

"သူက ဘယ်သူလဲ"

"ငပြည့်ရည်းစား"

"ဟင်. . . ဟုတ်လို့လား"

"ဟုတ်တယ်. . . ညည်းငြိမ်ငြိမ်နေနော်။ ဟိုမှာပြဿနာတွေတက်နေတာ။ မျက်စိနောက်အောင် သွားမလုပ်နဲ့ဦး။ တော်ကြာငပြည့်, ညည်းကိုဒေါပွနေဦးမယ်"

သူမမျက်ရည်ဝဲလျက် ငြိမ်သက်သွားလေ၏။ အဲဒါ. . . ကိုကို့ရည်းစားတဲ့. . . လှလိုက်တာနော်။ ရွှေမှုန့်စားပြီး မွေးလာသလိုအသားလေးက ဝင်းအိနေတာပဲ။ အရပ်အမောင်းကလည်း လှမှလှ. . . ဆံပင်အရှည်ကြီးကဖြောင့်စင်းနေပြီး တင်ပါးတောင်ကျော်နေပြီ။ အသံလေးကလည်းစွဲဆောင်မှုရှိသလို ချိုချိုအေးအေးလေး။ အမယ်လေးနော်. . . ဟိုက တစ်ချက်လေးမျက်ရည်ကျပြလိုက်တာနဲ့ ကိုကိုတော့ တစ်ချီတည်းပါသွားတော့မှာပါပဲ။ သွားပါပြီ. . . သွားပါပြီ။ တစ်သက်လုံးမိန်းမယူသွားမှာစိုး၍ ကိုကို့ကိုကန့်ကွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မိသမျှ ဒီတစ်ချီတည်းနဲ့ နောက်ကောက်ကျရတော့မှာပါလား။

သူ့ ဧည့်ခန်းကိုရောက်တော့ သက်သက်က မျက်နှာပေါ် စီးကျလာသည့်မျက်ရည်တွေကို ဖျတ်ခနဲသုတ်၍ ဆတ်ခနဲထရပ်လိုက်လေ၏။

"သက်သက်"

"သက်. . . ပြန်တော့မယ်"

"ဟာ. . . ခုပဲရောက်တဲ့ဟာ ချက်ချင်းပြန်စရာလား။ နေပါဦး"

"ကိုပြည့် ဘာတွေလျှောက်လုပ်ထားတာလဲဟင်။ သက်က ကြီးမေလွှတ်လိုက်လို့ ဒီကိုရောက်လာရတာ။ ခုတော့ အပေါ်ဆို့ရုံပဲရှိတယ်။ ကိုပြည့်သိပ်ရက်စက်တာပဲ။ ကြီးမေမေးရင် သက် ဘယ်လိုမျက်နှာနဲ့ ဘယ်လိုပြောရမလဲ"

"အာ. . . ကိုယ်က ဘာတွေလုပ်၊ ဘာများဖြစ်နေလို့လဲ သက်သက်ရဲ့"

'ဟင်. . . ခုန၊ အိမ်ရှေ့ထွက်လာတဲ့ကောင်မလေးက ကိုပြည့် ဟာလေးမဟုတ်လား။ သက်က ဘယ်လိုမျက်နှာနဲ့ ဒီအိမ်မှာတည်းရမှာလဲ။ တော်ပြီ. . . တော်ပြီ။ အချိန်ရှိတုန်းပြန်တာပဲ ကောင်း





တယ်"

"ဟာ. . . မသွားပါနဲ့သက်သက်ရဲ့။ ကိုယ်ရှင်းပြပါရစေဦး"

"အို. . . ဘာမှရှင်းပြမနေနဲ့တော့။ ကိုပြည့်ပြောသမျှအားလုံးကို သက်, မကြားချင်တော့ဘူး။ ယုံလည်းမယုံဘူး. . . ရှက်တယ်။ သိပ်ရှက်ဖို့ကောင်းတာပဲ။ ဒီသတင်းသာ နယ်မှာပျံ့သွားရင် သက် တစ်မြို့လုံးကိုမျက်နှာမဖော်ဝံ့တော့ဘူး"

"ဟာကွာ. . . သက်သက်. . . မဟုတ်ဘူး။ သက်သက်ထင်တာမှားနေပြီ။ ကိုယ်ရှင်းပြတာကိုလည်း နားထောင်ပေးပါဦးကွာ"

"ဟင့်အင်း. . . ဟင့်အင်း. . . ဖယ်ပါ။ သက်သွားတော့မယ်"

"သက်သက်"

သက်သက်က အိမ်ဝကိုဦးတည်၍ အတင်းပြန်ထွက်လို့နေသဖြင့် သူက သက်သက်လက်ကိုလှမ်းအဆွဲ သူ့အားနှင့်မို့ သက်သက်ကိုယ်လုံးသွယ်သွယ်လေးက သူ့ဘက်ကိုယိုင်လဲကျပြီး ဧည့်ခန်းထဲမှာ အလဲလဲအပြိုပြို၊ သက်သက်က ပြန်ရုန်း၊ သူက အတင်းပြန်ဆွဲရာ သူ့ရင်ခွင်ကျယ်ကြီးတွင်းသို့ သက်သက်ရောက်လာတော့သည်။

ရင်ဘတ်ကို လက်သီးဆုပ်ဖြင့်ထုရိုက်၍ ရှိုက်ကြီးတငင်ငိုချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမို့ ငိုသံကြောင့် ဧည့်ခန်းလိုက်ကာနောက်မှာ ခေါင်းသုံးလုံး ပြူထွက်လာလေ၏။

"မုန်းတယ်. . . မုန်းတယ်။ ကိုပြည့်ကို သိပ်မုန်းတာပဲ။ ကိုပြည့် သစ္စာမရှိဘူး။ သက်ကိုမငဲ့ညှာရင်တောင်မှ ကြီးမေတို့မျက်နှာကိုတော့ ထောက်သင့်တာပေါ့။ သက်တို့နှစ်ယောက်အကြောင်းက ရပ်သိ၊ ရွာသိ၊ တစ်မြို့လုံးသိရှင့်။ ခုတော့. . . သူများတံတွေးခွက်မှာ သက်ဘဝ ပက်လက်မျောရပြီ။ ကိုပြည့်မှာ ညီမရှိပြီး နှမချင်း မစာမနာလုပ်ရက်တယ်။ နောက်နှစ်ရက်ကြာရင် ဇင်ဇင်ပါလိုက်လာမှာ။ ဟင့်ဟင့်. . . သက်တော့ နယ်မပြန်ရဲတော့ဘူး။ သက်နာမည်ပျက်ပြီဆိုမှတော့ ဖြစ်ချင်ရာဖြစ် ခြေဦးတည်ရာကိုပဲထွက်သွားတော့မယ်။ ဖယ်ပေး. . . သက်ကိုမတားနဲ့"

"သက်သက်ရာ. . . ခဏလေးသည်းခံပါဦး။ ကိုယ်သေချာရှင်းပြပါ့မယ်။ သက်သက်ထုတာ ရပ်ပါတော့. . . ကိုယ်က ဘာမှနာတာမဟုတ်ဘူး။ သက်သက်လက်ပဲနာမှာ"

"အို,ဘဝတောင်နာရသေးတာပဲ။ ဒီလက်နာတာ လောက်ကိုထည့်တွက်စရာလား. . . ဖယ်လို့ဆို"

"ကဲ. . . ကိုယ်, သက်သက်ကိုပြောပြပါ့မယ်။ လောလော





ဆယ် ဒီဆွဲအိပ်ကြီးထားခဲ့. . . လာ"

သက်သက်လက်ကိုဆွဲ၍ အိမ်ပေါ်မှခေါ်ချသွားသည့် သူ့နောက်ကျောကိုငေးကြည့်နေလျက်မှ သူမမျက်ဝန်းမှ မျက်ရည်စီးကြောင်းနှစ်ခု စီးကျလာလေတော့၏။

"ဟာ. . . ရေး, ဘာဖြစ်ရပြန်တာလဲ"

သူမ, ကိုသုမေးနေသည်ကိုပြန်မဖြေဘဲ အခန်းထဲပြေးဝင်၍ တံခါးဂလန့်ထိုးပိတ်လိုက်ပါသည်။ ကိုကိုကတော့. . . ကိုကိုဂျတော့ သူမထက် ပိုချစ်ရမယ့်သူတွေ့နေပါရောလား။ ပြောတော့ဖြင့် ဒီကမ္ဘာပေါ်မှာ ရေးထက်ပိုချစ်ရမယ့်လူ၊ ရေးထက်ပိုအလေးပေးရမယ့်လူ ရှိတော့မှာမဟုတ်ဘူးတဲ့။ ခုတော့ဖြင့်. . . သူမကိုတောင် လှည့်မကြည့်နိုင်ဘဲ အဲဒီမမလှလှလေးရဲ့လက်ကိုဆွဲပြီး ဆင်းသွားပါရောလား။ ကိုကိုရယ်. . . ရေးမှာတော့ ကိုကို့ကိုချစ်လွန်းလို့ ကိုကို့အမုန်းကိုခံပြီး ကိုကို့နားရောက်လာတဲ့မိန်းကလေးတွေကို အမျိုးမျိုးဒုက္ခပေးလိုက်၊ ရန်ရှာလိုက်လုပ်လိုက်ရတာ၊ ခုတော့ဖြင့်. . . ရေးဘက်က အလံဖြူပြပြီး အရှုံးပေးရပါရောလားကွယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

"ဒါဖြင့် သူ့အစ်ကိုနဲ့ ကိုပြည့်ဆက်သွယ်တော့မှာပေါ့. . . ဒီလိုလား"

"ဟုတ်တယ်. . . ဒီမနက်ပဲ ဖုန်းဆက်ဖို့ ညကတည်းက ဖုန်းနံပါတ်ကို မနည်းရှာထားရတာ။ တိုက်တိုက်ဆိုင်ဆိုင် သက်သက်က ရောက်လာတာကိုး"

"ဒါဆို သက်ကို ကိုသုခတို့နှစ်ယောက်က ဘာလို့ညာပြောရတာလဲ"

"သူတို့လည်း သက်သက်ကိုတွေ့လိုက်တာနဲ့ ယောင်ပြီးပြော



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာပါကွာ။ တမင်လိမ်ညာတာမျိုးမှမဟုတ်ဘဲ”

သက်သက်ထံမှ မျက်စောင်းတစ်ပွင့် သူ့ထံရောက်လာတော့၏။ လူရှင်းသည့်လက်ဖက်ရည်ဆိုင်ထဲမှာ ပြောဖြစ်တာမို့ တော်ပါသေးသည်။ အငိုမျက်နှာပေါ်မှာ ယှဲ့ယှဲ့လေးတင်ရှိလာသည့်အပြုံးကပင် သက်သက်ကို ကျက်သရေတစ်မျိုးတိုးစေလျက် လှပနေစေ၏။ ဩော်. . . နဂိုအလှရှိနေသည့်မိန်းကလေးတွေများ ငိုတာတောင်မှ အလှမပျက်သွားပါလားလေ။

“တော်သေးတာပေါ့. . . သက်ဖြင့် စိတ်တွေတအားညစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေချင်စိတ်တောင်ပေါက်သွားရတာ။ ကိုပြည့်ကို ဒီလိုလုပ်ရက်လိမ့်မယ်လို့ ထင်မှမထင်ထားတာကိုး”

“ဩော်. . . သက်သက်ရယ်၊ မေမေ့အကြောင်းလည်း သက်သက်အသိဆုံးပဲဟာ။ ဒီကိစ္စကို လွယ်လွယ်နဲ့ကိုယ်ဖျက်ရဲပါ့မလား”

“ပြောလို့မရဘူးလေ။ ကိုပြည့်က မျက်စိအောက်မှာ တစ်ချိန်လုံးရှိနေတာမှမဟုတ်ဘဲ”

“ဒါနဲ့များ ကိုယ့်ခြေတစ်လှမ်းမှားတာနဲ့ သက်သက်တစ်ခါတည်းပေါက်ချလာမှာဆို”

“အခုလည်းပေါက်ချလာတာပဲမဟုတ်လား။ ကိုပြည့်ခြေလှမ်း





မှားခါနီးဆဲဆဲ သက်ကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေညွှန်လို့ရောက်လာတာပဲကြည့်။ ဟွန်း. . . မျက်စိကွယ်ရာ၊ နားကွယ်ရာဆိုပြီး ကျိတ်ပုန်းခုတ်မယ်မကြံနဲ့. . . မရဘူး။ တခြားကိစ္စတွေဆိုရင် အတတ်နိုင်ဆုံး သက်ခွင့်လွှတ်ပေးနိုင်တယ်။ ဒီကိစ္စမျိုးတော့ မရဘူး ဆရာကိုပြည့်စုံရေ့။ လူကိုလည်းခွဲမပေးနိုင်ဘူး၊ အသည်းကိုလည်း ခြမ်းမပေးနိုင်ဘူး။ ဒါပဲ. . . ဟင်း”

သူ နှာခေါင်းရှုံ့လျက် သက်ပြင်းတစ်ချက်ကို ကျိတ်ချလိုက်ရ၏။ မလွယ်ပါလားနော်။ ဒီမှာသာ ရက်ကြာကြာနေဖြစ်ရင် ရေးနဲ့ပြဿနာကိုတက်မှာ, မလွဲဘူး။ သက်သက်ကလည်း သူ့နားတကပ်ကပ်၊ ရေးကလည်း သူ့နားကို ဘယ်သူမှအကပ်ခံတာမဟုတ်။ ဒီနှစ်ယောက်ကြားမှာ ကြာလာတာနဲ့အမျှ သူညပ်ပြီး အသက်ထွက်ဖို့ပဲ ရှိတော့တာပါလား။

“ဒါဖြင့် သက်တို့လာတုန်းတည်းတဲ့အခန်းမှာ သူနေ,နေတာပေါ့လေ”

“ဟုတ်တယ်”

“ဒါဆို အခု, သက်က ဘယ်မှာအိပ်ရမှာလဲ”

“ကိုယ့်အခန်းမှာ အိပ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . လူကိုဘာများမှတ်နေလဲ။ လက်မထပ်ရသေးခင် ဒီလိုနေရအောင် သက်ကို အရှက်နည်းတဲ့မိန်းကလေးများ မှတ်နေလား။ ကိုပြည့်နော်. . ."

"အား. . . မဟုတ်ဘူးလေ။ ကိုယ်က သူခတို့နဲ့အတူတူသွားအိပ်မှာပေါ့သက်သက်ရဲ့။ နာလိုက်တာကွာ. . . ဟိုမှာ လူတွေကြည့်ကုန်ပြီ။ စကားကိုဆုံးအောင်နားမထောင်ဘဲ ထင်ရာဆွဲတွေးလိုက်တာပဲ။ ကျွတ်. . . ကျွတ်"

သက်သက်လိမ်ဆွဲလိုက်သည့်ဗိုက်ကိုပွတ်ရင်း သူပြောတော့ သက်သက်မျက်နှာမှာ ရှက်ပြုံးလေးတစ်ခုဖြစ်တည်၏။ ဟင်း. . . ဒီလိုနိုင်စားပုံကိုများ ရေးတွေ့ရင် ဘယ်လောက်တောင် သောင်းကျန်းလိုက်မယ်မသိ။ ရော်. . . ငါဟော့ ခက်နေပါပြီ။ ရှေ့တည့်တည့်မှာ သက်သက်တစ်ယောက်လုံးရှိနေပါလျက်နဲ့ ရေးအကြောင်းကိုတွေးမိရသတဲ့လား။

"ဒီလို ဦးနှောက်မမှန်တဲ့မိန်းကလေးကိုများ ကိုပြည့်တို့လက်ခံထားရတယ်လို့"

"သူက ကိုယ့်ကိုအစ်ကိုတစ်ယောက်လို ခင်တွယ်နေရှာတာပါ သက်သက်ရယ်။ တခြားဘာဘာညာညာစိတ်မျိုးမရှိပါဘူး။ ကလေး





စိတ်လေးမျိုးပါ။ အဲဒါ. . . ဟိုလေ, သူဆိုးရင် သက်သက်သည်းခံပေးပါလို့"

"အို. . . သက်လည်း အိမ်မှာတစ်ဦးတည်းသောသမီးဆိုတာ ကိုပြည့်မေ့နေပြီလား။ သက်ကို ဘယ်သူက လာကြောရဲဖူးလို့လဲ။ သည်းခံနိုင်တဲ့အတိုင်းအတာထိပဲရမယ်။ ဒီ့ထက်လွန်လာရင်တော့လား"

"သူက ရောဂါသည်လေကွာ"

"သူ့ကိုမလုပ်ပါဘူး။ ကိုပြည့်ကိုလုပ်မှာ။ တကတည်းမပြောလိုက်ချင်ဘူး။ အခုကတည်းက ကဲကဲဆတ်ဖြစ်နေလိုက်တာ အမြင်ကိုကပ်တယ်. . . ဟွန်း"

သူတို့နှစ်ယောက်ပြန်လာတော့ အိမ်ထဲမှ ငါးဟင်းနံ့က မွှေးကြိုင်လွင့်ပျံ့လာလေ၏။ သူခတို့ ဈေးကပြန်ရောက်ပြီး ချက်ပြုတ်နေပါရောလား။ သက်သက်က သူ့အခန်းထဲမှာ ဆွဲအိတ်ဝင်ထားပြီး အဝတ်လဲမည်ဖြစ်၍ သူနောက်ဖေးခန်းသို့တန်းဝင်လာခဲ့၏။ စားပွဲပေါ်မှာ မုန့်ဟင်းခါးပွဲက ပြင်လျက်သား။

"ဟာ. . . ဒီမုန့်ပွဲက ဘယ်သူစားဖို့လဲ ငသု"

"မင်းငတိမဖို့လေ. . . မင်းတို့ထွက်သွားပြီးကတည်းက စိမ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ပြီး အခန်းထဲအောင်းနေပြီ။ ငါတို့နှစ်ယောက်တစ်လှည့်စီ ချော့ခေါ်တာကောင်မရဘူး။ သွားချော့ဦး”

“ပြဿနာပဲ. . . သက်သက်ရောက်နေပါတယ်ဆိုမှ ဒင်းက တမျောင့်”

“ကြည့်လုပ်ဦး. . . ပြည့်စုံရေ။ ကြားထဲမှာ မင်းခေါင်းကွဲဖို့ လမ်း ငါမြင်နေပြီ”

“ဟာ. . . ချေမ်းကလည်း မဦးမချွတ်”

သူ အခန်းဘက်တစ်ချက်ကြည့်လိုက်ပြီး သူမအခန်းတံခါးကို အသာခေါက်လိုက်ပါ၏။

“ဒေါက်!. . . ဒေါက်! ”

“ရေး”

“. . .”

“မုန့်မစားဘူးလား။ ဟိုမှာ မုန့်တွေပွကုန်တော့မယ်လေ။ ခဏထွက်စားမှပေါ့”

“မစားဘူး”

“ရေးကလည်းကွယ်။ ကိုကိုစိတ်မကောင်းအောင် မလုပ်ပါနဲ့။ မနက်က ကော်ဖီမသောက်ဘဲ မုန့်ဟင်းခါးစားချင်တယ်ပူဆာပြီး





ဘာကို စိတ်ကောက်နေတာလဲကွာ”

“ကိုကို့ကိုကောက်နေတာလေ၊ ဒါလေးတောင်မှမသိဘူးလား။ သွား. . . ဘာမှလာမပြောနဲ့။ ဘာမှလည်း မကြားချင်ဘူး။ စားလည်းမစားချင်ဘူး”

“ရေးကကွာ. . . ဒီလိုမဆိုးရဘူးလေ”

“လာချော့မနေနဲ့. . ။ ကိုကို၊ ရေးကိုမချစ်ဘူးမဟုတ်လား။ ကိုကိုမချစ်တဲ့လူကို ချော့ဖို့လည်းမလိုဘူး။ တော်ပြီ. . . ကိုကို့ချစ် ချစ်နားပဲသွားကပ်နေ။ ရေးကိုဘာမှမပြောနဲ့. . . ဒါပဲ”

သူဘာမှဆက်မပြောနိုင်ဘဲ ငိုင်တွေလျက်ရပ်နေမိသည်။ ရေးရယ်. . . ရေးစကားတွေက ကိုယ့်အသည်းကို ဓားနဲ့မွှန်းနေသလိုပဲ အခံရခက်စေတယ်။ ကိုယ့်ရင်ထဲကချစ်ခြင်းတွေကို ရေးမှမမြင်တတ်ဘဲ။ ကိုယ့်အပေါ်ဖြူစင်စိတ်လေးနဲ့ခင်တွယ်နေတဲ့ရေးရဲ့ချစ်ခြင်းတွေကို ကိုယ့်ရဲ့မသန့်ရှင်းတော့တဲ့မေတ္တာတွေနဲ့ မရောယှက်စေချင်တာ စေတနာအမှန်ပါကွယ်။

“ရေးရယ်”

“ဘာမှဆက်မပြောနဲ့လို့ဆိုနေမှ. . . မကြားဘူးလား”

စူးခနဲပြန်အော်လိုက်တာကြောင့် သူ မျက်နှာကွက်ခနဲပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး လှည့်ထွက်သွားလိုက်စဉ် သူ့နောက်ဘက်မှာရပ်နေသည့်သက်သက်နှင့်တန်းတိုးလေတော့၏။ သက်သက်က အံ့ဩဟန်မျက်နှာဖြင့်ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး မီးဖိုခန်းဘက်ထွက်သွားလေတော့သည်။ ဒုက္ခပါပဲ. . . ရေးနဲ့ပတ်သက်လာရင် ဣန္ဒြေဆည်မရအောင် သူဖြစ်တတ်ပါတယ်ဆိုမှ သက်သက်ရှေ့မှာ လာဖြစ်ရတယ်လို့။

မနက်ထမင်းဝိုင်းက စိုစိုပြည်ပြည်လေးဖြစ်နေပါ၏။ သက်သက်ရောက်လာတာမို့ သုခက ဈေးထဲမှာ ဖွယ်ဖွယ်ရာရာလေးရှာဝယ်လာပါသည်။ ငါးသလောက်ဟင်း၊ ကင်ပွန်းချဉ်ရွက်ဟင်းချို၊ မှျစ်နှင့်ပဲပြုတ်ကြော်၊ ပန်းဂေါ်ဖီကိုကြက်ဥနှင့်ခေါက်ကြော်သည့်ဟင်း၊ ရေတ်သီးစိမ်းမီးဖုတ်ထောင်း၍ဖျော်ထားသည့်ငါးပိရည်နှင့်တို့စရာက ယခွားသီး၊ တညင်းသီးပြုတ်၊ ဖန်ခါးသီး၊ ရှောက်ရွက်၊ သရက်ကင်းတို့က ပန်းကန်အသေးလေးထဲမှာအပြည့်၊ ထမင်းပွဲမှာဝင်ထိုင်လိုက်ပြီး သူ သက်ပြင်းကိုချလိုက်မိ၏။ ရေး, ခုထိအခန်းထဲမှထွက်မလာသေးတာလေ။

သက်သက်က သူ့ပန်းကန်ထဲသို့ ဟင်းတွေ ဦးဖယ်ထည့်ပေးစဉ် သုခနှင့်ချမ်းသာမျက်နှာကို ဖျတ်ခနဲ သူမော့ကြည့်လိုက်မိ၏။





"မင်းစားပြီးမှ သူ့ကိုချော့ကျွေးလိုက်ပါ ပြေည့်။ သူ့အတွက်ငါ, ကြက်သားကြော်ပေးထားတယ်"

သက်သက်က သူ့ကို စူးခနဲကြည့်လိုက်လေသည်။ လက်ဆေးရေဇလုံထဲမှာ လက်ဆေးစဉ် သက်သက်ထံမှတီးတိုးအသံထွက်လာလေ၏။

"ကိုပြည့်အိမ်မှာ သူက အထူးအခွင့်အရေးရနေတဲ့သူလား"

"ကလေးမလေးက ချမ်းချမ်းသာသာမျိုးရိုးထဲကဖြစ်မယ်သက်သက်ရဲ့။ ဒီလိုငါးတွေဘာတွေဆို. . . သူမစားတတ်ဘူး။ သူက ကြက်သားပဲကြိုက်တယ်။ ကြက်သားတောင်မှကြော်တာပဲကြိုက်တာ"

"ဒါကြောင့် ကိုပြည့်အကန်အကျများနေတာကိုး။ အမြဲဒီလိုပဲစားနေတာပဲလား ကိုသုခရဲ့"

"အင်း. . . သွားရည်စာလည်းစားတယ်"

"ခုနေများ ကြီးမေရောက်လာရင် ကိုပြည့်တော့မလွယ်ဘူးနော်. . . အဲဒါအသေအချာပဲ။ ဘာမှသွေးမတော်သားမစပ်မိန်းကလေးတစ်ယောက်ကို အိမ်မှာလက်ခံထားတာတောင်မှလွန်လှပြီ။ ဒါကိုတောင်. . . တင်တင်စီးစီးနဲ့ ဟိုဟာမစားချင်ဒီဟာမစားချင်



www.burmeseclassic.com

www.burmeseclassic.com



ဂျိုကျရဲတာ အံ့ဩစရာပဲ။ ကိုပြည့်ကလည်း သူ့စိတ်တိုင်းကျအလို လိုက်တာပဲလား"

"သူက, ကလေးစိတ်သာသာရယ်မို့ပါ သက်သက်ရာ"

"မဟုတ်သေးဘူးနော်။ သူစိမ်းအိမ်မှာ နည်းနည်းပါးပါး အားနာသမှုတော့ရှိဦးမှပေါ့။ ကိုပြည့် ဒီလောက်အလိုလိုက်နေလို့ သူရောင့်တက်နေတာ. . .။ ကိုယ့်ထက်အကြီးကို ပြန်ခံအော်ရဲတာ ကလေးစိတ်မဟုတ်ဘူး။ ပုံစံမကျဘူးကွာ"

ထမင်းစားချင်စိတ်မရှိပါဘူးဆိုကာမှ သက်သက်စကားတွေကြောင့် ပါးစပ်ထဲဝါးနေရသည့်ထမင်းမာင်းအရသာတွေက ပျောက်ကုန်တော့သည်။ တစ်ပန်းကန်ကို ဟုတ်တိပက်တိမစားနိုင်ဘဲ တို့ကနန်းဆိတ်ကနန်းစားကာ ထမင်းဝိုင်းမှအရင်ဆုံးထလာတော့၏။ စိတ်ရှုပ်လိုက်တာနော်။ ဟိုကလေးမကလည်း စိတ်ကောက်တာကို မရပ်သေးပါလား။ မနေ့ကပဲဗိုက်အောင့်လို့ ဆေးခန်းပြထားရတာ။ အဆာခံနေရင် ပြန်အောင့်ဦးတော့မှာပဲ။ စိုးရိမ်ပူပန်စိတ်တို့ဖြင့် လူက ဂနာမငြိမ်တော့။

"အဲဒါဘယ်သွားဦးမလို့လဲ"

"မန္တလေးကို ဖုန်းခေါ်မလို့"





သက်သက်၏အမေးကို တိုတိုပြတ်ပြတ်ဖြေကာ သူ့စွပ်ကျယ်အပေါ်မှ ရှပ်အင်္ကျီတစ်ထည်ကောက်စွပ်လိုက်ပြီး အိမ်ပေါ်မှဆင်းလာခဲ့သည်။

ဆိုင်ရှိသာဆိုင်သေးသည့်သက်သက်က အခုကတည်းက သူ့ကိုချုပ်ကိုင်ချင်နေပြီ။ ယူမျှားယူပြီးလို့ကတော့ မေမေ, ဖူးဖူးမှုတ်အလိုလိုက်ပုံနှင့် ဘယ်မျှကမ်းတက်လိမ့်မည်မသိ။

နယ်မှာနေပေမယ့် စီးပွားရေးလည်း နားလည်၊ ငွေလည်း ကိုယ်တိုင်ရှာတတ်သည့် ဖျတ်လတ်သွက်လက်သည့်မိန်းကလေးမို့ သူ့လို့အနုပညာသမားတစ်ယောက်နှင့် ရေရှည်ဖြစ်ပါ့မလား။ အိမ်ထောင်တစ်ခုရဲ့စီးပွားရေးကို သက်သက်သာ ဦးစီးဦးဆောင်နိုင်ရင် သူကအလိုလိုရာထူးကျပြီး အနှိမ်ခံဘဝကိုရောက်ရပေတော့မည်။

သူဖတ်ခဲ့ဖူးသည့်စာအုပ်ပွေထဲက (socrates) ဆိုကရေးတီးရဲ့စာကြောင်းတွေကို တွေးရင်းဖြင့်သတိရသွားလေ၏။

(Once made equal to man, woman becomes his superior.)

(အရာခပ်သိမ်းမှာ ယောကျ်ားနဲ့တန်းတူဖြစ်ပါတယ်လို့ မိန်းကလေးတစ်ယောက်ကို တစ်ခါလောက်တင်ပေးမိခဲ့ပြီဆိုရင်... အဲဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အဲဒီယောကျ်ားရဲ့အထက်လူကြီး အရှင်သခင်ဖြစ်သွားတော့တာပါပဲ)

တဲ့. . .

သက်ပြင်းရှည်ကြီးကိုချလျက် မန္တလေးဖုန်းနံပါတ်တွေကိုသာ နှိပ်ချလိုက်မိတော့၏။

ရေးရယ်. . . ကိုယ်နဲ့ဆုံခဲ့ရတဲ့ရေစက်က မကြာခင်မှာ ဆုံးတော့မယ်ထင်ပါရဲ့။

❀ ❀ ❀



## အခန်း ( ၁၃ )

"ဟဲလို. . . အဝါနုရောင်ပွဲရုံကပါရှင်။ ဘာများအကူအညီပေးရမလဲ. . . အမိန့်ရှိပါရှင်"

"ကျေးဇူးပြု၍ ပွဲရုံပိုင်ရှင်ကိုမိုးဒေဝါနဲ့စကားပြောချင်လို့ ခဏလောက်ခေါ်ပေးပါလားခမျာ"

"ဩော်. . . ကိုမိုးဒေဝါ ခရီးထွက်သွားပါတယ်ရှင်။ ကျွန်မ, သူ့ဇနီးပါ။ ဘာကိစ္စများရှိလို့ပါလဲ။ မှာစရာရှိတာကို မှာထားနိုင်ပါတယ်။ သူပြန်လာတော့ ပြောလိုက်ပါ့မယ်ရှင်"

"ကျွန်တော်က သူနဲ့ပဲပြောချင်တာပါ။ သူဘယ်ကိုသွားတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ ဘယ်တော့လောက်ပြန်လာမှာလဲခင်ဗျာ"

"ဒါဆိုရင်တော့ သူပြန်လာမှာပဲထပ်ပြီး ဆက်သွယ်လိုက်ပါနော်။ သူ ရှမ်းပြည်နယ်ကိုသွားတာပါ။ တစ်ပတ်ကြာမယ်လို့တော့ ပြောပါတယ်။ ဒီနေ့နဲ့ဆိုရင် သူခရီးသွားတာ လေးရက်ရှိနေပါပြီ။ နောက်သုံးရက်ဆို ပြန်ရောက်တော့မှာပါ"

သူ တစ်ချက်တွေသွား၏။ အဆက်အသွယ်မရသေးခင်စပ်ကြား အိမ်မှာ ရေးနဲ့သက်သက်, အတူနေလို့ဖြစ်ပါ့မလား။ ချိတ်, ချိတ်ချင်းချိတ်လို့ကတော့ သူကြားမှာအနေရခက်တော့မည်။ သက်သက်ကလည်း အကြီးဖြစ်ပေမယ့် အငယ်ကို နည်းနည်းမှသည်းခံချင်တာမဟုတ်။ ရေးကလည်း ကြက်ခေါင်းဆိတ်မခံ။ ပြဿနာတွေတော့ ဘယ်လောက်တောင်ထပ်ပြီးတက်နေဦးမည်မသိ။

"ဟိုလေ. . . ကျွန်တော်သိချင်တာလေးတွေရှိလို့, အဲဒါ အခုပြောနေတဲ့အစ်မနာမည်လေး သိပါရစေ"

"ကျွန်မနာမည် နန်းချယ်ရီပါ"

"ဪ. . . ဟုတ်ကဲ့ မနန်းချယ်ရီ။ ကိုမိုးဒေဝါမှာ ညီမတစ်ယောက်ရှိတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ကဲ့"





"သူ့နာမည် ရွက်ဝါဝါဆိုတာ ဟုတ်ပါတယ်နော်"

"ဪ. . . ဟုတ်ပါတယ်။ဒါပေမဲ့ ရှင်ပြောနေတဲ့ ရွက်ဝါဝါက လွန်ခဲ့တဲ့သုံးလလောက်က ကား Accedient ဖြစ်ပြီး ဆုံးသွားပါပြီရှင့်။ မောင်က. . . အဲ. . . သူ့အစ်ကိုက ညီမလေးကိုသိပ်ချစ်ရှာတာ။ ကျွန်မနဲ့ပတ်သက်ပြီး မောင်နှမတွေစကားများရင်း ညီမလေးက အိမ်ပေါ်ကဆင်းသွားတာလေ။ အဲဒါ. . . လမ်းမှာ ကားမှောက်ပြီးဆုံးရှာတာပဲ။ ကျွန်မလည်း ကျွန်မကြောင့် ညီမလေးဆုံးရတယ်ဆိုပြီး သူနဲ့ယူဖို့ကိုတောင် ဖျက်ပစ်ခဲ့တာ။ သူ့အစ်ကိုဆို ဒီနေ့ဒီအချိန်ထိ ဖြေမဆည်နိုင်အောင်ပါပဲ။ သူ့ညီမလေးနာမည်ကို တဖွဖွရွတ်နေတုန်းပါရှင်"

"ဒါဆိုရင်တော့ သေချာသွားပါပြီဗျာ။ ရွက်ဝါဝါ မသေသေးပါဘူး။ ခုထိအသက်ရှင်လျက်ရှိနေတုန်းပါပဲ"

"ရှင်! "

"ကိုမိုးဒေဝါပြန်ရောက်ရင် ဆက်ဆက်ပြောပေးပါဗျာ။ ကျွန်တော်တို့အိမ်မှာ သူ့ညီမလေးရောက်နေတာ သုံးလကျော်နေပါပြီ။ အဲဒါသေချာအောင် ကိုယ်တိုင်လာကြည့်ပြီးမှ ခေါ်စေချင်ပါတယ်။ ကျွန်တော်, သူ့အကြောင်းကိုစုံစမ်းနေခဲ့တာကြာပါပြီ။ မနေ့ကမှ



www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စလေးရလို့ ရှာဖွေပြီး ဖုန်းဆက်ပြောရတာပါ။ ကျွန်တော်လည်း အလုပ်တွေရှုပ်နေလို့ ဖုန်းထပ်မခေါ်ပါရစေနဲ့။ ကျွန်တော့်အိမ်လိပ်စာကိုပဲမှတ်ထားလိုက်ပါ။ သူလာရင်သာ သေချာပြောပေးပါခင်ဗျာ"

"ရှင်, ဟုတ်ကဲ့. . . ဟုတ်ကဲ့"

သူ့အိမ်လိပ်စာကို သေချာရွတ်ပြလိုက်ပြီး ဖုန်းကိုချလိုက်၏။ ဖုန်းခရှင်းပေးပြီး အိမ်ကိုပြန်လာတော့ သုခနှင့်ချမ်းသာက မြို့ထဲသွားရန်ပြင်ဆင်နေလေပြီ။ ရေချိုးခန်းမှထွက်လာသည့်ချမ်းသာက သက်သက်မကြားအောင် သူ့ကိုတီးတိုးပြောလိုက်၏။

"ပြည့်စုံ, ကလေးကိုချော့မော့ပြီး ထမင်းစားခိုင်းဦး။ မနက်ကတည်းက ကိတ်ခြောက်လေးနှစ်ခုတည်းပဲ ဗိုက်ထဲရှိတာ။ ဗိုက်အောင့်ပျောက်တာ ဘာမှမကြာသေးဘူး။ တော်ကြာ ထပ်ဖြစ်နေမှဒုက္ခ"

"ဟင်း. . . ငါစိတ်ညစ်လာပြီနော်။ သက်သက်ကလည်း ငါ့ကို နည်းနည်းမှအလစ်မပေးဘဲ မျက်စိဒေါက်ထောက်ပြီးကြည့်နေတာကွ"

"နောက်ကိစ္စနောက်မှရှင်းကွာ။ လောလောဆယ်လူမမာကို





အရင်ဦးစားပေးလိုက်"

"မင်းတို့သွားရင် သိမ်ကြီးဈေးထဲမှာ ငါ့အတွက် ဘောပင်နှစ်ဒါဇင်လောက် ဝယ်ခဲ့ပေးဦးနော်"

"အေးပါ. . . မင်းက ဝတ္ထုရေးနိုင်လို့လား။ ဒီလောက်ဗျာများနေတဲ့ကြားထဲမှာ စုံထောက်ဝတ္ထုက အချစ်လုံးချင်းဖြစ်သွားဦးမယ်။ ကြည့်လုပ်ဦး"

သူ့ကိုရိလိုက်သည့် ချမ်းသာလက်မောင်းကို လက်သီးဖြင့်ဖတ်ခနဲလှမ်းထိုးလိုက်ပြီး အိမ်ရှေ့ထွက်လာတော့ သက်သက်က ခရီးပန်းလာ၍ နေ့လယ်ခင်းအိပ်ရန် သူ့အခန်းထဲရောက်နေချေပြီ။ သူရေးအခန်းတံခါးကို ခပ်ဖွဖွခေါက်လိုက်၏။

"ဒေါက်!. . . ဒေါက်! "

"ရေး"

". . ."

"ရေး. . . အိပ်ပျော်နေပြီလား။ ကိုကိုခေါ်နေတယ်လေ. . . တံခါးခဏဖွင့်ပါဦး"

အခန်းထဲမှလှုပ်ရှားသံမကြားရဘဲ ငြိမ်သက်တိတ်ဆိတ်နေ၏။ အိမ်ပေါ်မှအလျှိုလျှို ဆင်းသွားကြသည့်သုခတို့ကို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်ပြီး တံခါးကိုထပ်ခေါက်လိုက်ပြန်သည်။

"ဒေါက်!. . . ဒေါက်! "

"ရေး. . . ကိုကိုစိုးရိမ်အောင်မလုပ်ပါနဲ့ကွာ။ မနက်ကတည်းက ဘာမှမစားရသေးဘူးမဟုတ်လား။ တော်ကြာ. . . ရေးဗိုက်ပြန်အောင့်နေဦးမယ်။ ထမင်းထွက်စားလိုက်နော်။ ရေးက လိမ္မာပါတယ်။ ကိုကို့ကိုချစ်တယ်ဆိုရင် ကိုကို့စကားကိုနားထောင်နော်"

အခန်းတံခါး အသာလေးပွင့်သွားပါ၏။ အငိုမျက်နှာခပ်မို့မို့ဖြင့် သူမက သူ့ကိုမော့ကြည့်လိုက်လေသည်။

"ကိုကို့ကို ရေးသိပ်ချစ်ပါတယ်"

"ဒါဆိုရင်"

"ဟင့်အင်း. . . ရေးဗိုက်မဆာဘူး။ ဘာမှမစားချင်ဘူး"

"ရေးကလည်း တော်ကြာ ဗိုက်ပြန်အောင့်လိမ့်မယ်လေ"

"သေသွားလည်း အေးတာပဲမဟုတ်လားကိုကို။ ရေးက ကိုကို့ဘဝမှာအရေးပါတော့တဲ့လူမှမဟုတ်တော့တာပဲ။ ရေးမရှိတော့လို့လည်း ကိုကိုဝမ်းနည်းမှာမှမဟုတ်တာ။ သေချင်လည်းသေပါစေတော့"

"ပြောရက်လိုက်တာရေးရယ်။ ဘာဖြစ်လို့ ဒီလိုစကားတွေကို





ပြောထွက်ရက်တာလဲ။ ကိုကို, ရေးကိုသိပ်ချစ်နေတာကို ရေးမသိဘူးလား။ ရေး အသိအမှတ်မပြုဘူးလား။ ကိုကို့ရင်ဘတ်ကြီး ပွင့်ထွက်သွားမတတ် ရေးကိုချစ်နေတာပါကွာ။ ကိုကို, ရေးယုံအောင်ဘယ်လိုပြောရမလဲဟင်"

သူမမျက်ဝန်းမှ မျက်ရည်တို့စို့ဝဲတက်လာပြီး နှုတ်ခမ်းလေးမဲ့ကျသွားလေ၏။ သူ့ကို ရီဝေဝေလေးမော့ကြည့်လိုက်ပုံလေးကိုကကရုဏာသက်ချင်စရာ။ ရေးရယ်. . . ကိုကို့ကို ဒီလိုမျက်ဝန်းတွေနဲ့ ကြေကြေကွဲကွဲမကြည့်ပါနဲ့လား။

"ရေးမယုံရဲတော့ဘူး. . . ကိုကို။ မယုံဝံ့တော့တာအမှန်ပါ။ အစကတော့ ရေးက ကိုကို့ဘဝမှာ မရှိမဖြစ်လိုအပ်နေတဲ့လူသားတစ်ဦးလို့ယူဆသတ်မှတ်ခဲ့တာ။ ခုတော့. . . ခုတော့. . . ကိုကို့မှာရေးထက်ပိုအရေးပါတဲ့လူက ရှိနေပါပြီ။ ရေးက ကိုကို့ဘဝမှာ မလိုအပ်တော့ပါဘူးလေ"

"ရေး"

သူ ချာတိတ်မလေးကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်မိ၏။ ရင်တွေကွဲကုန်တော့မှာပဲ. . . ရေးရယ်။ ကိုကိုဘာနဲ့သက်သေထူပြမှ ရေးယုံကြည်ပေးမှာလဲ။ ကိုယ့်ရဲ့ချစ်ခြင်းတွေက ရေးအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အသင်္ချေအသင်္ချာပါကလေးရယ်။

သူမ, သူ့ရင်ခွင်ထဲမှာ ငြိမ်သက်စွာ ရှိနေပါ၏။ အင်္ကျီဖြူ၏ ရင်ဘတ်တစ်ခုလုံး သူမ၏မျက်ရည်တို့ဖြင့် တစ်ခဏချင်းရွှဲရွှဲစိုသွားတော့သည်။ အချစ်ဆိုတာ တစ်ဦးကိုတစ်ဦး အပြန်အလှန်နားလည်မှုထားရှိရုံနဲ့ ပြီးပြည့်စုံနိုင်ရိုးမှန်ခဲ့ရင် သူ့ဘက်က တစ်ဖက်သတ်ချစ်ခြင်းတွေကိုဖြင့် သူမနားလည်ပေးနိုင်ပါ့မလားလေ။

နဖူးပြေပြေလေးကို အမြတ်တနိုးနမ်းရှိုက်လိုက်စဉ် သူမက သူ့ရင်ခွင်ထဲမှ ရုန်းထွက်လေ၏။ လွှတ်မပေးဖြစ်သေးဘဲ ပို၍တိုးဖက်လိုက်သည်မို့ သူမကိုယ်ခန္ဓာလေး ပျော့ကျသွားသည်ကိုသိလိုက်ပါသည်။

"ရေး. . . ရေး"

စေ့မှိတ်ထားသည့်မျက်တောင်ကို ပွင့်လာသည်အထိ မေးစေ့လုံးလုံးလေးကိုကိုင်၍ တကြော်ကြော်ခေါ်နေမိသည်။ သူမ၏နှုတ်ခမ်းဖူးဖူးလေး ခပ်ဟဟပွင့်လာလေ၏။ တီးတိုးလေးထွက်လာသည့် အသံကိုတော့ အနီးဆုံးဖြစ်နေသည့်သူက ကြားဖြစ်အောင်ကြားလိုက်ရလေသည်။

"ကိုကို့ကို. . . ရေးသိပ်ချစ်တာကိုယုံပါ"





"အို. . . ရေးရယ်"

❀

ည(၁၀)နာရီထိုးသည်အထိ သက်သက်က အခန်းတွင်းမဝင်သေး။ မဂ္ဂဇင်းစာအုပ်ဖတ်လျက် ဆက်တီပေါ် ထိုင်နေလေ၏။ သုခက ဖျာခင်း၍ ဖျာပေါ်မှာမှောက်လှဲလျက် ဗလာစာအုပ်ဖြင့် ကဗျာတွေရေးနေလေသည်။ ချမ်းသာက Drawing board မှာ စကေးချလျက် ပုံဆွဲနေ၏။ သူက ပြတင်းပေါက်နားရှိ ထိုင်ခုံမှာထိုင်၍ အပြင်ကိုငေးနေမိသည်။

အခန်းထဲမှာ ခုချိန်ထိ သူမ,မအိပ်သေးမှန်း စိတ်ထဲကအလိုလိုသိနေ၏။ ညစဉ် 'အဖေ့ပုခက်လွှဲ'သီချင်းဖြင့်အိပ်နေကျမို့ သူ့ကိုမျှော်နေလေမလား။ မဖြစ်ဘူး. . . ရေးရယ်။ ဒါတွေကအစ သက်သက်သိသွားရင် ကိုယ့်ကိုယ်ကိုကြိုးကွင်းစွပ်ရာကျနေပြီဆိုတာ ရေးသိနိုင်ပါ့မလား။

နေ့လယ်က ချော့မော့ခွံ့ကျွေးမှ ထမင်းစားဖြစ်ပြီး ညနေစာကို သူနယ်၍ ပန်းကန်မှာဇွန်းတပ်ကာ အခန်းထဲပို့ပေးတော့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းက သုံးပုံတစ်ပုံတောင် မကျိုး။ သက်သက်ရောက်လာလို့ အတော်များ စိပ်ဆင်းရဲနေရပြီလား။ ကိုယ်ဘာလုပ်ပေးရမလဲ ရေးရယ်။

"ပြည့်စုံ"

"..."

"ပြည့်စုံ... ခေါ်နေတာမကြားဘူးလား"

"ဟင်"

"အိပ်တော့လေကွာ... မနက်ကျရင် မင်း, ဦးလေးအောင် ဆီသွားရမှာမဟုတ်လား။ ဟိုက စာမူတဂျီဂျီတောင်းနေတာ ကြာလှပြီ"

"ရေးပြီးသားနှစ်အုပ် ရှိပါတယ်ကွာ။ သွားပို့ရုံပါပဲ၊ ပူမနေနဲ့"

"သက်သက်လိုက်ဦးမှာလား။ နင် ဟိုတစ်ခါရောက်တဲ့တိုက်ပဲလေ။ ဖာလူဒါတိုက်လိုက်လို့ အရသာသိပ်ရှိတဲ့ဆိုင်နားက အဘိုးကြီးစာပေတိုက်ပဲ"

"ဟင့်အင်း... မလိုက်တော့ပါဘူး။ သက်အိပ်တော့မယ် ကိုပြည့်"



"အင်း"

သုခြင်ထောင်ထောင်နေစဉ် သူ နောက်ဖေးမှာ ရေအိမ် သွားတက်ပြီးပြန်တက်လာခဲ့၏။ စေ့ရုံစေ့ထားသည့်အခန်းတံခါးကို ဖွင့်လိုက်မိတော့ ခုတင်ထက်မှာ ခွေခွေလေးအိပ်ပျော်နေသည့်သူမ ကို မြင်ရလေသည်။ ခြေကိုဖွနင်းလျက် အခန်းထဲဝင်၍ ပြတင်း တံခါးတွေကိုပိတ်လိုက်ပြီး ခုတင်ခြေရင်းမှစောင်ကိုဖြန့်ကာ သူမ ကိုယ်ပေါ်အသာလွှမ်းခြုံပေးလိုက်ပါ၏။ ညအိပ်မီးသီးလေး ခလုတ် ဖွင့်ကာ သူမကိုငုံ့အကြည့်၊ နဖူးထက် ကပိုကရိုကျနေသည့်ဆံစလေး များကိုအသာဖယ်ပေးလျက် ခပ်ဖွဖွမွှေးလိုက်မိစဉ် သူမမျက်နှာ ထက်မှာ အပြုံးလေးကိုမြင်လိုက်ရလေသည်။

"ဟောဗျာ... ရေးမအိပ်သေးဘူးလား"

"အိပ်တော့မှာပါ... ကိုကိုလာမလားလို့စောင့်နေတာ"

"ဒီရက်ပိုင်းအတွင်း ကိုကိုသီချင်းမဆိုပေးသေးဘူးနော်... နောက်မှ"

"အင်းပါ... ရေးနားလည်ပါတယ်ကိုကိုရဲ့"

"သိပ်လိမ္မာတဲ့ကလေးလေးပဲ။ ဒါကြောင့် ကိုကိုက ချစ်နေရ တာ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာမှ နှစ်ခြိုက်စွာပြုံးလိုက်သည့်အပြုံးလေးကို ထပ်မံတွေ့လိုက်ရပြန်လေ၏။

ဩော်. . . ရေးရယ်။ ဒီလောက်အပြစ်ကင်းစင်တဲ့အပြုံးလေးကို, ကိုကိုမြင်ရဖို့ရက်တွေ သိပ်မကျန်တော့တာပါလား။ ရေးရဲ့ကိုကိုလက်ထဲကို ရေးကိုပြန်ထည့်ပေးလိုက်ဖို့ ခွန်အားတွေကို ကိုယ်စုဆောင်းရဦးမှာပါ. . . ချာတိတ်ရယ်။

အချိန်ဆိုတာ တားဆီးပိတ်ပင်လို့လည်းမရ။ ဆွဲဆန့်ထားလို့လည်းမရတဲ့အရာတစ်ခုမဟုတ်ပါလား။

❁ ❁ ❁



## အခန်း ( ၁၄ )

မနက်စောစောထကာ သုခတို့ကိုပြောပြီး သူ မြို့ထဲသို့ထွက်ခဲ့၏။ တော်ကြာ. . . ရေး,ဂျိ[illegible]ျာင်ကျပါက သက်သက်ရှေ့မှာ သူအကျပ်ရိုက်နေမည်မှာအမှန်။ ချမ်းသာက သူနှင့်အ[illegible]ူထွက်ကာ ဈေးဝယ်ပြီးအိမ်ပြန်သွားလေ၏။ မီးဖိုခန်းထဲမှာ ချက်ပြုတ်နေစဉ် သက်သက်က ဖြီးလိမ်းပြင်ဆင်၍ဝင်လာလေသည်။

"ကိုသုခ"

"ဗျာ"

"ကိုပြည့် သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

“သက်, နယ်ကိုပြန်တော့မယ်”

“ဟောဗျာ. . . ချက်ချင်းကြီးလား သက်သက်ရဲ့။ မနေ့ကပဲ ရောက်တယ်။ ရန်ကုန်မှာ ဘုရားစုံလှည့်ဖူးသွားပါဦး။ ငပြည့် ဒီနေ့ ပိုက်ဆံထုတ်လာမှာလေ. . . သူလိုက်ပို့ပေးမှာပေါ့”

“ဟင့်အင်း. . . နေပါစေတော့။ သက်မြန်မြန်ပြန်တာ ဇင်ဇင် ဒီကိုလာရင် လမ်းမှာလွဲကုန်မှာစိုးလို့ပါ”

“ဘာဖြစ်လို့လဲ သက်သက်ရယ်။ ပြည့်စုံကို စိတ်ခုစရာတွေ မြင်သွားရလို့လား။ အခိုက်အတန့်ကာလလေးမို့ သည်းခံပေးပါဗျာ။ ဒီတစ်ရက်နှစ်ရက်အတွင်း ကောင်မလေးကို သူ့အစ်ကိုလာပြန်ခေါ် သွားရင် ပွဲကပြီးသွားပါပြီ”

“ဟုတ်ပါတယ်။ သက်နဲ့ကိုပြည့်ရဲ့ပွဲလည်း ဇာတ်သိမ်းသွားပါပြီ ကိုချမ်းသာရဲ့”

“ဗျာ! ဘယ်လို”

“သက်. . . ကိုပြည့်ရင်ထဲမှာ ဘာတွေရှိနေလဲ၊ ဘာတွေဖြစ်နေလဲဆိုတာကို (၂၄)နာရီအတွင်း အကဲခတ်လေ့လာပြီးပါပြီရှင်။ ကိုချမ်းသာတို့ရဲ့လူက ချာတိတ်မကို သူ့အစ်ကိုလက်ပြန်အပ်တဲ့ကိစ္စ





မှာ အပိုဆုတစ်ခုကိုပါ ထပ်ဆောင်းပေးလိုက်တာကိုး”

“ဟင်. . . ဘာဆုများလဲ”

“နှလုံးသားအပိုဆုလေ. . .။ သူ့ရင်ထဲမှာ ဒီကောင်မလေးက အနက်ရှိုင်းဆုံးထိရောက်နေပြီကိုး။ ဒီတော့. . . သက်, ဒီမှာနေနေလို့လည်းအပိုပါပဲ။ ကြားထဲမှာ သူ နေရခက်တာပဲ အဖတ်တင်မှာ။ သက်ကိုအတ္တကြီးတယ်ပဲပြောပြော၊ အချစ်ကြီးတယ်ပဲဆိုဆို၊ မာနကိုရှေ့တန်းတင်တယ်လို့ပဲစွပ်စွဲပါစေဦးတော့. . . နှလုံးသားမပါတဲ့ အရုပ်သက်သက်လူတစ်ယောက်ကိုတော့ သက်ဘဝထဲကို ဝင်ခွင့် မပေးတော့ပါဘူး။ သက်ဘဝနဲ့သက်ပဲ ရှိပါစေတော့လေ။ သူရှိနေတုန်းပြန်ရင် တားရဆီးရနဲ့ အားနာတာတွေရော၊ စိုးရိမ်တာတွေ ပါဖြစ်ပြီး သူအနေခက်နေမှာစိုးလို့ သူမရှိတဲ့အချိန်ပြန်ရတာပါ။ သူပြန်လာရင်ပြောပေးပါ. . . ကိုသူခနဲ့ကိုချမ်းသာ။ သက်သက်က ဤဘဝဤမျှသာပါပဲလို့။ နောက်ဘဝဆက်တိုင်းဆက်တိုင်းဖြစ်လေ ရာဘဝမှာ ကိုပြည့်စုံဆိုတဲ့လူတစ်ယောက်နဲ့ (၅၂၈)ကြိမ်နဲ့တောင် ငြိတွယ်တဲ့သူမဖြစ်ပါစေနဲ့လို့ဆုတောင်းခဲ့တဲ့အကြောင်းပါ ထည့်ပြော ပေးပါရှင်”

“ဖြစ်ရလေ သက်သက်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . သက်, သွားတော့မယ်"

"ကျွန်တော် အဝေးပြေးဂိတ်ထိလိုက်ပို့ပေးမယ်လေ သက်သက်"

"နေပါစေတော့ ကိုသုခရယ်။ အလာတုန်းကလည်း ဒီအထိ တစ်ယောက်တည်းရောက်အောင် လာခဲ့တာပါ။ ပြန်တော့လည်း ဟိုအထိရောက်အောင် ပြန်နိုင်ရမှာပေါ့။ ဘဝခရီးလမ်းကို တစ်ကိုယ်တည်းဖြတ်သန်းဖို့ ဆုံးဖြတ်လိုက်တဲ့မိန်းမတစ်ယောက်အတွက် ခဏတာပဲဖြစ်ဖြစ်၊ တစ်ဘဝတာပဲဖြစ်ဖြစ် ခရီးဖော်မလိုတော့ပါဘူးရှင်"

အိမ်ပေါ်မှ အိတ်ကိုဆွဲလျက် ကျောခိုင်း၍ဆင်းသွားသည့် သက်သက်၏နောက်ကျောပြင်ကိုငေးမောလျက် သုခနှင့်ချမ်းသာ ကျန်ရစ်ခဲ့တော့၏။ ပြည့်စုံစိုးရိမ်နေသည့်ကိစ္စတော့ ပြီးဆုံးခဲ့လေပြီလား. . . သို့တည်းမဟုတ်. . . ဒေါ်လေးမြကျေးရုံ ရန်ကုန်ပေါက်ချလာလျှင်ဖြင့် အကြီးကျယ်ဆုံးရင်ဆိုင်ရတော့မှာလား။ မေးခွန်းတွေသာပြည့်လျက် အဖြေကတစ်ခုမှထုတ်မရချေ။

နောက်ဖေးမှာ ချက်ပြုတ် ကြော်လှော်နေသည့်အလုပ်တွေ မပြီးပြတ်သေးသဖြင့် နှစ်ယောက်သား မီးဖိုခန်းထဲပြန်ဝင်ခဲ့စဉ် အလယ်ခန်းမှ ဝုန်းခနဲအသံကိုကြားလိုက်ရလေ၏။





"ဟာ. . . ဘာဖြစ်ပြန်ပြီလဲ"

သုခ ခြေလက်စချဉ်ပေါင်စည်းကို စားပွဲပေါ်တင်၍ထွက်ခဲ့တော့ အခန်းထဲမှ အိပ်မှုန်စုံမွှားဖြင့်ပြေးထွက်လာသည့်ရေးနှင့် ဝင်တိုက်မိတော့သည်။

"ဟာ! "

"အား"

"ဘယ်လိုဖြစ်တာလဲ. . . အိပ်ရာထတာ ဖြည်းဖြည်းသာသာ ထပါလားဟ။ ဘယ့်နှယ်. . . အခန်းထဲ ဆင်ဝင်လာသလို တဝုန်းဝုန်းနဲ့ . . . အလန့်တကြား"

"ကိုကိုရော. . . ကိုကိုရော"

"မြို့ထဲသွားတယ်လေ"

"ဟင်"

မျက်နှာချင်းဆိုင်အခန်းရှိတံခါးကို ကမန်းကတန်းတွန်းဖွင့်၍ ဟိုဒီကြည့်လိုက်တော့ မနေ့ကလာသည့်မမ၏ဆွဲအိတ်ရော၊ လူပါမတွေ့ရ။ ဒါဖြင့်. . . ဒါဖြင့်. . . ကိုကို, သူ့နောက်လိုက်သွားပြီပေါ့။

"ဘယ်ထွက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲဟ"

"သူတို့ ဘယ်ကိုထွက်သွားကြတာလဲလို့"

"ဟာ. . . ဘာသူတို့လဲ။ ပြေညှ့်က အစောကြီးကတည်းက မြို့ထဲကိုထွက်သွားတာပါ။ သက်သက်က ခုနမှ နယ်ကိုပြန်သွားတာ"

"ဟင့်အင်း. . . ဟင့်အင်း. . . ကိုသုညာတာ။ ကိုကို. . . သူ့နောက်ပါသွားပြီ. . . ပါသွားပြီ"

"ဟာ. . . ရေး. . . မဟုတ်ပါဘူး. . . ဟေ့"

ဖျတ်ခနဲပြေးဆင်းသွားသည့်သူမနောက်သို့ အော်ဟစ်လျက်သုခပြောလိုက်တော့ စတိုးဆိုင်မှကျော်ကျော်နှင့် ဈေးလာဝယ်သည့်ကောင်လေးတစ်အုပ်က ဆီးကြိုဝိုင်းဖမ်းပေးကြလေ၏။

"ဖယ်ပေး. . . ဖယ်ပေး. . . ရေး့ကိုကိုပျောက်သွားပြီ။ ကိုကို့ကိုပြန်ခေါ်ပေးပါ။ ကိုကို့ကိုပြန်ခေါ်ပေးကြပါ။ ကိုကိုရေ. . . ရေးကိုထားခဲ့ပြီလား။ ရေးကိုချစ်တယ်ဆိုပြီး ညာပြောတယ်။ အီး. . . ဟီး. . . ဟီး"

"ဟာ. . . ညည်းကိုကို မြို့ထဲသွားတာပါဆိုနေမှ. . . မိရေးရာ။ နေ့လယ်ကျ ပြန်လာမှာပေါ့။ ဘယ်လိုဖြစ်ရတာလဲ"





"ညာတယ်. . . ညာတယ်။ ရေးကိုကလေးဆိုပြီး ဝိုင်းညာကြတယ်။ ကိုသုလည်း မကောင်းဘူး။ ကိုချမ်းလည်း မကောင်းဘူး။ ကိုကိုတို့ထွက်သွားကြတာကိုမတားဘဲနဲ့မြှောက်ပေးကြတာ ကောင်းသလား။ ကိုကိုလည်း ရေးကိုညာတယ်။ ကိုကိုညာတယ်။ အီး. . . ဟီး. . . ဟီး"

"ဘယ်လိုဖြစ်လာတာလဲဆရာရယ်၊ ကျွန်တော်တို့. . . စိတ်ကျန်းမာရေးဆေးရုံကို ဝိုင်းပို့ပေးရမလား"

"အား. . . ရေးကိုအရူးလို့ပြောနေပြန်ပြီ။ ကိုကိုရေ. . . ဒီမှာ ရေးကိုရူးနေပြီတဲ့. . . အီး"

"မဟုတ်ပါဘူးဖိုးကျော်ရယ်။ သူ့အစ်ကို မြို့ထဲထွက်သွားတာကို သူ့ကိုပစ်ထားခဲ့ပြီဆိုပြီး ဆင်းပြေးသွားတာပါ"

"ဩော်. . . မသိပါဘူး။ ကျွန်တော်က သူစိတ်ဖောက်ပြီးထွက်ပြေးလာတယ်ထင်လို့ ဝိုင်းဖမ်းကြတာ"

"ဟင်. . . နင်သာ စိတ်ဖောက်ပြန်. . . နင်ပဲရူး။ လူကိုများမှို့ချိုးမျှစ်ချိုးပြောရက်တယ်။ နင်သာအရူး. . . အီး"

ကျော်ကျော့်ကိုလက်ညှိုးငေါက်ငေါက်ထိုးလျက် ရန်တွေ့လေတော့ ကောင်လေးတစ်အုပ် အုံးခနဲဝိုင်းရယ်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ရယ်တာလဲ။ ငါ့ဖာသာငါ ကိုကို့ကိုလိုက်ရှာဖို့ ထွက်လာတဲ့ဟာကို ဝိုင်းလည်းဖမ်းကြသေးတယ်။ အခုလည်း လှောင်ပြီးရယ်နေကြပြန်ပြီ. . . ကဲ"

"ဟာ. . . ရေး. . . မလုပ်ရဘူးလေ"

ပြောပြောဆိုဆို လမ်းဘေးရှိကျောက်ခဲတွေကို ကုန်းကောက်ပြီးလိုက်ထုတာမို့ လမ်းပေါ်မှာ အုတ်အော်သောင်းနင်းဖြစ်ကုန်တော့၏။ ချမ်းသာက အပြေးအလွှားဖြင့် နောက်ကအပြေးလိုက်လာလေသည်။

"ဟော့. . . ဘာလို့ သူများတွေကို ခဲနဲ့လိုက်ထုနေရတာလဲ။ ညည်းတော့နာတော့မယ်"

"ဒီမှာ ရေးကို အရူးလို့လိုက်ပြောနေတာကိုး"

"ညည်းပုံစံလည်းညည်းပြန်ကြည့်ဦး။ မနက်ကိုးနာရီပဲကျော်နေပြီ။ အိပ်ရာထနောက်ကျ၊ မျက်နှာကမသစ်၊ ငိုထားတာ မျက်နှာက ကြောင်ချေးရုပ်၊ ဆံပင်ကမဖြီးမသင်၊ မရှင်းလင်းဘဲ ဘုတ်သိုက်။ ဒီတော့. . . သူများထင်လည်းထင်ချင်စရာကိုး"

"ကိုချမ်းနော်. . . ရေးဘက်ကမနေဘဲ သူများတွေဘက်က ပြောရလား။ တော်ပြီ. . . ကိုကိုရေ"





"ဟာ. . . လမ်းပေါ်ထိုင်မချနဲ့လေ။ သူများတွေဝိုင်းကြည့်နေပြီ။ ထ. . . အိမ်ပြန်မယ်"

"မပြန်ဘူး. . . ကိုကိုမှမရှိတော့ဘဲ။ မခေါ်နဲ့"

လမ်းမပေါ်မှာ ပုံခနဲထိုင်ချလိုက်တာမို့ သုခရော၊ ချမ်းသာပါ ခေါင်းနားပန်ကြီးသွားရတော့၏။ လုပ်နေပုံကိုက တင်ပါးကို (၁၀) ချက်လောက် နာနာတီးလိုက်ချင်စရာ။ လူတွေက ကွက်ကြည့်၊ ကွက်ကြည့်နှင့် လမ်းလျှောက်ရင်းကြည့်သွားတတ်တာမို့ မျက်နှာတွေနီရဲလျက် ထူပူရှက်ဒမ်းလာရတော့သည်။

"ကဲ. . . တစ်ခွန်းပဲပြော။ ညည်းလိုက်မှာလား. . . မလိုက်ဘူးလား။ မလိုက်ရင် ငါရိုက်ပြီးခေါ်မှာနော်"

"ရိုက်ရဲရိုက်ကြည့်ပါလား။ ကိုကိုနဲ့တိုင်ပြောမှာပေါ့။ မလိုက်ဘူးဆိုနေမှ"

"ကဲပါ"

"အား. . . ကိုကိုရေ. . . ဒီမှာ ရေးကိုနှိပ်စက်နေကြပြီ။ လာကြည့်လှည့်ပါဦး။ အီး. . . ဟီး. . . ဟီး"

ချမ်းသာက သူမ,တင်ပါးကို ဖြောင်းခနဲခပ်ဆတ်ဆတ်လေး ရိုက်ထည့်လိုက်ပြီး ချိုင်းမှဆွဲထူလိုက်သလို သုခက ခြေနှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



မှ ဆွဲမလိုက်သဖြင့် ယက်ကန်ယက်ကန်ဖြင့် အိမ်ကိုပါလာလေတော့၏။ ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်၊ ခြေဆောင့်၊ အော်ဟစ်ငိုယိုနေလိုက်သည်မှာ (၇)အိမ်၊ (၈)အိမ်ကြားရအောင် အကျယ်ကြီး၊ ပတ်ဝန်းကျင်က သူမစိတ်ဖောက်နေပြီဟုသာ ထင်သွားကြတော့သည်။ တအိအိနှင့် ဝမ်းနည်းရှိန်လျော့၊ ခဏအကြာ အာခေါင်ခြစ်ပြီးပြန်အော်ဖြင့် တစ်အိမ်လုံး ဆူညံပွက်လောရိုက်နေတော့၏။

တစ်နာရီကျော်ကျော်ငိုပြီးသွားတော့ ဗိုက်ကဆာ၊ ဝမ်းဟောင်းလောင်းဖြင့် မောမောနှင့် ဧည့်ခန်းကြမ်းပြင်ပေါ်မှာ မှောက်လျက်အိပ်ပျော်သွားလေတော့သည်။ ချမ်းသာနှင့်သုခလည်း ယခုမှ အမောပြေကြရလေ၏။ အတော့်ကိုဒုက္ခပေးလှတဲ့ ငတိမပါလားနော်။

❀

ခြံတံခါးဖွင့်ဝင်လိုက်စဉ် တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်နေလေ၏။ အိမ်ပေါ်သို့ လှမ်းတက်စဉ် အဝင်ဝမှာ ငုတ်တုတ်ထိုင်နေသည့်သုခကို မြင်လိုက်ရ၏။ ဧည့်ခန်းဆက်တီပေါ်မှာ ချမ်းသာက





ပါ ငူငူငိုင်ငိုင်ဖြင့်ထိုင်နေလေသည်။

"ဘာဖြစ်နေကြတာလဲ"

"အမယ်လေး. . . ပြန်လာသေးပေးဆို့ပဲ ပြည့်ရေ။ မင်းထွက်သွားပြီး တစ်နာရီအကြာမှာ သက်သက်, နယ်ပြန်သွားပြီ"

"ဟင်. . . မင်းတို့မတားကြဘူးလား"

"မတားဘဲနေမလား။ သက်သက်က အတားကိုမခံတော့တာမောင်။ (၂၄)နာရီအတွင်း မင်းရင်ထဲကို သူမြင်တတ်၊ ဖတ်တတ်သွားပါပြီတဲ့။ မင်း, ရေးကိုချစ်နေတာကို အတိအလင်းပြောပြသွားတာပဲ။ နှလုံးသားမပါတဲ့လူချည်းသက်သက်ကိုတော့ သူ့ဘဝထဲကို အဝင်မခံနိုင်တော့ဘူးတဲ့လေ။ ဩော်. . . ပြီးတော့ သေချာမှာခဲ့သေးတယ်။ ဒီဘဝပါမက နောက်ဘဝဆက်တိုင်းဆက်တိုင်းဖြစ်လေရာဘဝမှာ. . . ပြည့်စုံဆိုတဲ့လူတစ်ယောက်နဲ့ (၅၂၈) နဲ့သော်မျှ သံယောဇဉ်မဖြစ်ပါရစေနဲ့တဲ့။ အပြတ်ပြောခဲ့တာပဲပြည့်ရေ။ မင်းအမေသိသွားရင်တော့ မင်းတော့နာပြီ"

"ဒုက္ခပါပဲကွာ"

"အဲဒီဒုက္ခက မကြီးသေးဘူး။ ဒီမှာကျန်ခဲ့တဲ့ဒုက္ခကမှ မင်းခေါင်းဆင်နင်းမှာ။ မင်းရှော၊ သက်သက်ကိုပါမတွေ့တော့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးထွက်ပြေးပါပြီအထင်နဲ့အော်ငိုပြီး အိမ်ပေါ်ကဆင်းပြေးလို့ ငါကို့မနည်းလိုက်ဖမ်းထားရတယ်။ အော်ကြီးဟစ်ကျယ်ငိုလိုငို၊ လမ်းပေါ်ကလူတွေကိုခဲနဲ့လိုက်ထုလိုထုနဲ့ မတရားကိုသောင်းကျန်းတော့တာပဲ။ ပတ်ဝန်းကျင်က သူ့စိတ်ထဖောက်ပြီလို့ထင်ကုန်ကြပြီ။ အဲဒါ လမ်းပေါ်မှာ ဖင်ထိုင်ချပြီးကောက်နေလို့ ချော့ခေါ်တာ မရတာနဲ့ ငချမ်းနဲ့ငါ ဆွဲချီလာခဲ့ရတယ်။ သေချင်စော်ကိုနံရောပဲ"

"ဟင်. . . အခုဘယ်မှာလဲ"

သက်သက်အကြောင်းပြောနေစဉ်က ဒီလောက်မတုန်လှုပ်သည့်လူက ရေးအကြောင်းကြားသည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်မို့ သူခက မျက်စောင်းခဲလိုက်ပြီး အိမ်ဝမှဖယ်၍ ထရပ်လိုက်လေသည်။

"ဟိုမှာလေ. . . ငိုယို့ဝလို့ မောပြီးအိပ်ပျော်နေပြီ"

"ဟာ. . . မင်းတို့ကလည်းကွာ၊ နည်းနည်းပါးပါးချော့မော့ပြီးပြောတာမဟုတ်။ အတော့်ကိုငိုထားတာပဲ။ အိပ်နေလျက်နဲ့ ခုထိရှိုက်တုန်း။ ခေါင်းအုံးမပါ၊ ဖျာမပါနဲ့ ကြမ်းပေါ် ဒီတိုင်းပစ်ထားရသလားကွ"

"မင်းကြီးဒေါ်လေးသောင်းကျန်းတာကိုဖြင့်မတွေ့ဘဲနဲ့။ ငါတို့





နှစ်ယောက်စလုံး အရှူးချုပ်သလိုချုပ်ပြီး ခေါ်လာရတာ။ ရပ်ကွက်ထဲကလူတွေလည်း မနေရ။ တစ်ခါတည်း ဆေးရုံပြေးရနိုးနိုး၊ အရူးထောင်ပဲပို့ရနိုးနိုးဖြစ်သွားတာကို. . . ကျေးဇူးမတင်၊ ဟိုဟာလုန်ပြသလိုမပြောနဲ့"

"ကျွတ်! ခက်တော့တာပဲ"

ဝယ်လာသည့်ပစ္စည်းတွေကို သူခလက်ထဲထည့်ပေးလိုက်ပြီး ချမ်းသာက သူ့လွယ်အိတ်နှင့်စာရွက်ထုပ်ကိုလှမ်းယူစဉ် ကြမ်းပေါ်မှာအိပ်ပျော်နေရာမှ သူမလူးလွန့်လာလေ၏။

"ကိုကို. . . ကိုကို"

"ကိုကိုပြန်ရောက်ပြီ. . . ရေး"

"အီး. . . ကိုကိုထွက်သွားပြီထင်လို့ ရေးမှာငိုလိုက်ရတာ သေတော့မယ်"

"ကိုကို မြို့ထဲသွားတာပါ ရေးရယ်"

"ဒီလောက် အခါခါရှင်းပြနေလည်း မရ။ အတော်ခေါင်းမာတဲ့ဟာလေး"

"ပြောပြန်ပြီ။ ကိုကို, ရေးကိုလေ ကိုချမ်းရိုက်တယ်သိလား။ တင်ပါးကို ဖျန်းခနဲမြည်အောင်ကိုရိုက်တာ။ အရမ်းနာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ဆိုးတာကိုး"

"အေးပါ. . . ကိုကိုသူ့ကိုပြန်ရိုက်မယ်။ တိတ်တိတ်. . ."

"ပြီးတော့. . . ကိုသုံလည်းပါတယ်"

"အေးအေး. . . ငသုကိုလည်းရိုက်မယ်"

"ဟိုစတိုးဆိုင်က ကောင်လေးတွေလည်း ပါသေးတယ်။ ရေးကိုဝိုင်းဖမ်းကြပြီး အရူးထောင်ပို့မလို့တဲ့"

"ဟုတ်လား, အေး. . . ဖိုးကျော့်ကိုလည်း နာနာလေးရိုက်မယ်။ ဟုတ်ပြီလား. . . တိတ်တိတ်။ ပင်ပန်းလှပြီ. . . ရေးရယ်။ ကြည့်ပါဦး။ တစ်ကိုယ်လုံးလည်း ဖုန်တွေနဲ့ညစ်ပတ်လို့"

"တုတ်စာလေး. . . ဒီလိုမှန်းသိရင် ပြေည့်မလာခင် တစ်ခါတည်း အရူးထောင်ပို့ပစ်လိုက်ပါတယ်"

"ကြည့်ပါလား. . . ပြောနေပြန်ပြီ။ အဲဒီကိုချမ်းဟာ သိပ်မုန်းဖို့ကောင်းတာပဲ. . . ဟင့်ဟင့်"

"တော်ပါတော့ ချမ်းသာရယ်။ ငါတောင်းပန်ပါတယ်"

"အေး. . . ပြည့်စုံ. . . ပြည့်စုံ။ သက်သက်ကိစ္စကိုတော့ မတုန်လှုပ်ဘူး။ ဒီငလျင်လေးကျတော့ နည်းနည်းလေးမှအထိမခံနိုင်ပါလား။ ငါတော့ ရင်လေးသေးတယ်ဟေ့။ ဒေါ်လေးကျေး လိုက်





လာလို့ကတော့ ငါတို့ပါ ခေါင်းနဲ့ဆင်းပြေးရကိန်းမြင်နေပြီ"

သူ့ကိုအတင်းဖက်တွယ်ထားသည့်သူမကို ချော့မော့၍ ရေချိုးခိုင်းရပြီး ဝယ်လာသည့်အထုပ်တွေထဲက ချောကလက်တစ်တောင့်ကိုထုတ်၍ကျွေးလိုက်ပါ၏။

ဖြစ်လာမယ့်အရာတွေကိုကြိုတွေးပြီး ရင်မောမနေချင်တော့ပါဘူးချမ်းသာရယ်။ ယောက်ျားပဲ. . . ဒေါင်ကျကျပြားကျကျဖြစ်လာသမျှရင်ဆိုင်ရုံပေါ့။

မေမေ့လက်သံပြောင်တာကိုလည်း ငါသိတာပဲ။ မေမေ့နှုတ်ထက်တာကိုလည်း ငါအသိပါကွာ။ ဒါပေမဲ့. . . နောင်ဖြစ်မယ့်ကိစ္စတွေက နောင်ခါလာနောင်ခါချေးပါပဲ။ အခုလက်ရှိမြင်နေရတဲ့ ရေးရဲ့မျက်ရည်တွေက ငါ့နှလုံးသားကို ချော်ရည်ပူလောင်းချသလို အက်ဆစ်နဲ့ပက်ဖျန်းသလို အခံရခက်လွန်းလို့ပါကွာ။

မေမေ ဒီကိုရောက်မလာခင် ရေးရဲ့အစ်ကို မိုးဒေဝါသာ အရင်ဆုံးရောက်ခဲ့ရင် ဒီကိစ္စလုံးဝပြီးပြတ်သွားပါပြီ။ ကလေးကို သူ့အစ်ကိုရဲ့လက်ထဲအပြီးတိုင်ထည့်ပေးပြီး ငါ့ဘဝက ပိုနေမြဲ၊ ကျားနေမြဲ ဒုံရင်းအတိုင်းပဲ ကျန်ရစ်ခဲ့မှာပါ။

ဒါပေမဲ့. . . ဒါပေမဲ့ . . . ရင်ထဲကနှလုံးသားတစ်ခုလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ရေးနဲ့အတူထည့်ပေးလိုက်ရတာကိုတော့ ငါကလွဲပြီး ဘယ်သူမှမသိနိုင်တာအမှန်ပါပဲကွာ။

ဩော် . . . ကိုယ့်အသက်တမျှမြတ်နိုးမိရတဲ့ကလေးရယ်။

❁ ❁ ❁



*Men know life too early,*
*women know life too late.*

*(Oscarwild)*

ယောကျ်ားများသည် ဘဝ၏အကြောင်းကို စောစောသိကြ၏။ မိန်းမတို့ကား နှောင်းမှ သိကြလေသည်။

( အော်စကာဝိုင်း )

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com





"၂၀၂၈"

♥ 'ကြင်နာခြင်း'တဲ့ ...

ရင်မှာဖူးပွင့်

ပန်းတစ်ပွင့်ရဲ့ခေါင်းစဉ် ...

♥ 'မြတ်နိုးခြင်း'တဲ့ ...

ရင်မှာထုဆစ်

ကမ္ပည်းတစ်ခုရဲ့အမှတ်စဉ် ...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



♥ 'ရင်နာခြင်း' တဲ့ . . .

နှလုံးသားရဲ့တမ်းချင်း

ကြေကွဲမှု အတိတ်ရဲ့ဖြစ်စဉ် . . .

သေချာပါတယ် . . .

တစ်ခဏမှစ

တစ်ဘဝတာအတွက်

ရစ်ပတ်နှောင်တွယ်ခဲ့တဲ့

ခပ်မှုန်မှုန်ကြိုးတစ်စဟာ

သံယောဇဉ်ဆိုရင် . . .

ဥတ္တရာကောင်းကင်အောက်

သမုဒယရပ်ဝန်းတစ်နေရာမှာ

'အချစ်' ဆိုတဲ့ အိုအေစစ်

အုတ်မြစ်ခိုင်,တည်မြဲနေတာ

အမှန်ပါပဲ ကောင်မလေးရယ် . . .

❁ ❁ ❁

ရွှေပဒေသာစာပေ

အခန်း ( ၁၅ )

ထမင်းစားသောက်ပြီး အိမ်ရှေ့ထွက်သွားသည့်သုခ၏အော်ခေါ်သံကြောင့် ပန်းကန်ဆေးသည့်အလုပ်ကို လက်စသတ်လုပ်ဆောင်အပြီး လက်သုတ်ပဝါဖြင့်သုတ်ရင်း ဧည့်ခန်းသို့ထွက်လာခဲ့၏။ ဧည့်ခန်းဆက်တီပေါ်မှာ အသားဖြူဖြူ ဒေါင်လွင့်လွင့်နှင့်လူတစ်ယောက် ထိုင်နေလေသည်။

"ကိုပြည့်စုံဆိုတာ"

"ဟုတ်ကဲ့ ကျွန်တော်ပါပဲ"

"ကျွန်တော် မိုးဒေဝါပါ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ! ဩော်. . . ဟုတ်ကဲ့။ ထိုင်ပါအစ်ကို"

"ခရီးကပြန်ရောက်ရောက်ချင်း ချယ်ရီပြောလို့ ကျွန်တော် အရမ်းအံ့ဩသွားရတာအမှန်ပါ။ ဘာပဲဖြစ်ဖြစ် လာကြည့်လိုက်တာက. . . ပိုပြီးသင့်တော်မယ်ထင်လို့ ချက်ချင်းလိုက်လာခဲ့တာပါပဲ။ ကျွန်တော့်ညီမလေးကိုသင်္ဂြိုဟ်ခဲ့တာ သုံးလကျော်ရှိခဲ့ပါပြီ။ ကိုပြည့်စုံ ဘယ်ကသတင်းရလို့ ကျွန်တော့်ဆီ ဖုန်းဆက်ရတာပါလဲခင်ဗျာ"

"အစ်ကို့ညီမလေးရဲ့နာမည်က ရွက်ဝါဝါဆိုတာ သေချာပါတယ်နော်"

"ဟုတ်ပါတယ်"

"ဆံပင်ကမတိုမရှည် စင်းစင်းလေး။ အရပ်က (၅)ပေ၊ (၄)လက်မ။ T-shirt နဲ့ Quater Pants တွေ အမြဲဝတ်တတ်တယ်။ ဖိနပ်က ကြိုးသိုင်း၊ လက်မှာ မောင်းကွင်းလက်စွပ်လေးတွေနဲ့ Hand -chain ဝတ်တယ်။ ခြေထောက်မှာ Foot-chain ဝတ်လေ့ရှိတယ်"

"ဟုတ်ကဲ့. . . အဲဒီထိမှန်ပါတယ်"

"အသားက ဖြူဖြူလေးနဲ့ချောချောလေးနော်"

"ဟုတ်ပါတယ်"

"သူ့ကိုယ်သူပြောတဲ့နာမ်စားက 'ရေး'လို့သုံးတာဟုတ်ရဲ့လား"





"ဗျာ! "

မိုးဒေဝါမျက်နှာမှာ အံ့ဩမှုအရှိန်က မြင့်တက်သွားရလေ၏။ ဘုရားရေ. . . ဒီလူငယ်လေးက ဘယ်လိုဖြစ်ပြီး ရေးရဲ့အကြောင်းတွေကို ဂဃနဏပြောနိုင်ရတာလဲ။ တကယ့်ကိုအံ့ဩစရာပါပဲလား။

"ဟုတ်ရဲ့လား ကိုမိုးဒေဝါ"

"ဟုတ်. . . ဟုတ်ပါတယ်"

"ချမ်းသာ. . . သူ, သွားတိုက်၊ မျက်နှာသစ်ပြီးရင် ခေါ်လာခဲ့ပါကွာ"

"အေး"

ချမ်းသာက မျက်နှာသိပ်မကောင်းဘဲ အိမ်တွင်းသို့ဝင်သွားလေ၏။ ခုချိန်ထိ မိုးဒေဝါ ဘာကိုမှဆက်စပ်စဉ်းစား၍မရသေးချေ။ သေပြီးသားလူတစ်ယောက်ကို နောက်သုံးလခန့်အကြာမှာ အသက်ရှင်လျက်ပြန်တွေ့ရလိမ့်မယ်လို့ ဘယ်သူက ထင်ထားမှာလဲ။ ဖုန်းထဲမှာ သေသေချာချာမှာခဲ့တာမို့ လှမ်းနောက်တာမဟုတ်မှန်း သိ၍လိုက်လာခဲ့တာ။ ဒီကိုရောက်တဲ့အထိ ရင်ထဲမှာ ဘာမှန်းမသိဇဝေဇဝါ။

"လွန်ခဲ့တဲ့သုံးလကျော်က ကျွန်တော့်အိမ်ကို ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကျောပိုးအိတ်လေးနဲ့ရောက်လာပါတယ်. . . အစ်ကို။ သူ့နာမည်ကို သူဘယ်လိုခေါ်မှန်းမသိပေမယ့် ကျွန်တော့်နာမည် အပြည့်အစုံကိုတော့သိပြီး၊ ကျွန်တော့်ကို သူ့အစ်ကိုပါလို့ပြောပြီး ရောက်လာခဲ့တာပါ။ နောက်ကြောင်းကိစ္စတွေကို တစ်ခုမှမေးလို့မရ တဲ့အတိတ်မေ့ဝေဒနာရှင်လေးအဖြစ် ဒီအိမ်မှာ သောင်တင်နေခဲ့ တာကြာပါပြီ။ သူ့သတင်းတွေကို အတတ်နိုင်ဆုံးစုံစမ်းခဲ့ပါတယ်။ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ လူပျောက်ကြော်ငြာမှန်သမျှ မလွတ်အောင်ဖတ်ခဲ့ကြတာပါ။ ဒါပေမဲ့. . . ဘာသတင်းတစ်ခုကို မှ စုံစမ်းလို့မရခဲ့ပါဘူး။ ဒါကြောင့်. . . ကျွန်တော်တို့သူငယ်ချင်း သုံးယောက်စလုံး သူ့ကိုညီမရင်းလေးလိုသဘောထားပြီး မှည့်တစ် ပေါက်မစွန်းအောင် စောင့်ရှောက်ထားခဲ့ပါတယ်။ ကျန်ခဲ့တဲ့တစ် ပတ်က ဘုရင့်နောင်ပွဲရုံကိုရောက်တော့ လက်ဖက်ခြောက်လာချ တဲ့ ကုန်ကားက ဒရိုင်ဘာက သူ့နာမည်ကိုခေါ်ပြီးနှုတ်ဆက်တာနဲ့ အစ်ကို့နာမည်နဲ့ ပွဲရုံအမည်သဲလွန်စကို ရခဲ့တာပါပဲ။ ဒါကြောင့် အစ်ကို့ကိုဆက်သွယ်လိုက်တာပါ။ ကျွန်တော်တို့လို. . . သွေးသား မတော်စပ်တဲ့သူစိမ်းတွေကတောင် သူ့အတွက်ပူပန်ပြီး မနှင်ရက်ခဲ့ တာ အစ်ကို့အနေနဲ့ ညီမအရင်းလေးကို စိုးရိမ်မှုတွေနဲ့ပြည့်နှက်





နေမယ်ဆိုတာ ကျွန်တော်စာနာနားလည်ပေးနိုင်ပါတယ်ဗျာ”

မိုးဒေဝါဘာပြောရမှန်းမသိဘဲ နှုတ်ဆိတ်နေမိ၏။ အခိုင် အမာပြောဆိုနေသည့်ဒီလူငယ်လေးကို ညီမလေးရဲ့သတင်းအပြည့် အစုံကို ဘယ်လိုရှင်းပြရမလဲ။ သူ့ကြောင့်၊ သူ့ပယောဂမကင်းဘဲ အသေဆိုးနဲ့သေခဲ့ရတဲ့ညီမလေးရဲ့အဖြစ်အပျက်ဆိုးကြီးဟာ သူ့ ဘဝတစ်လျှောက်လုံးမှာ ဘယ်တော့မှပယ်ဖျက်လို့မရနိုင်တော့တဲ့ အမည်းကွက်ကြီးဖြစ်နေခဲ့တာလေ။

“ကိုကို”

“ဟင်! ”

ဧည့်ခန်းလိုက်ကာလေးကိုဖယ်၍ ခေါ်လိုက်သံလေးကြောင့် မိုးဒေဝါ မှင်တက်အံ့သြသွားရလေ၏။ ဘုရားရေ. . . ရေးမှရေး အစစ်ဖြစ်နေပါရောလား။ T-shirt အဖြူကို Quater Pants အနက် ဖြင့်တွဲဝတ်ထားပြီး ဆံပင်ကို မြင့်မြင့်လေး စည်းနှောင်ထားသည့် ဤမိန်းကလေးသည် သူ၏တစ်ဦးတည်းသောအချစ်ဆုံးညီမလေး ပါပဲ။

“ရေး. . .”

မိုးဒေဝါခေါ်သံကြောင့် သူ့မျက်ဝန်းတွေက စူးခနဲပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၏။ မှတ်မိခြင်းရှိမနေသည့်အကြည့်စိမ်းတို့ကြောင့် ရင်ထဲမှာ အောင့်သက်သွားရလေသည်။ ညီမလေးရယ်. . . ကိုကို့ကို လုံးဝမမှတ်မိတာလား။

"ရေး. . . ဒါ, ရေးရဲ့ကိုကိုအစစ်ပါ"

"အို. . . ဟုတ်ဘဲနဲ့။ ရေးကိုကိုက ဒီမှာလေ။ ကိုကိုနော်. . . ဒါ စ,စရာမဟုတ်ဘူး။ ရေးကိုမစနဲ့နော်"

"တကယ်ပြောနေတာပါ ရေးရယ်။ သေချာကြည့်ပါဦး။ ဒါ, ရေးရဲ့ကိုကိုအစစ်ပါ။ ရေးငယ်ငယ်ကတည်းက ရေးကိုအလိုလိုက်ပြီး ချစ်ခဲ့တဲ့ကိုကိုလေ"

"ဟုတ်ပါတယ်ရေးရယ်။ ကိုကိုလေ. . . ရေးရဲ့ကိုကိုအရင်းပါ။ ရေး, ကိုကို့ကိုစိတ်ဆိုးပြီး အိမ်ကထွက်သွားတာကိုမမှတ်မိတော့ဘူးလား။ ကိုကိုက ရေးမရှိတော့ဘူးလို့ထင်သွားရတာပါ။ ရေး. . . ကိုကို့ညီမလေးမသေဘူးပေါ့နော်။ ဝမ်းသာလိုက်တာ"

ဖျတ်ခနဲမတ်တတ်ရပ်၍ သူမနားကပ်လာသည့်လူစိမ်းက သူမလက်မောင်းနှစ်ဖက်ကို ပိုင်စိုးပိုင်နင်းဆုပ်ကိုင်လိုက်သဖြင့် သူမ မျက်လုံးအစုံပြူးကျယ်သွားရလေတော့သည်။ ဘုရားရေ. . . ဘယ်လိုကြီးလဲ။ တစ်ခါမှမမြင်ဖူးသည့် မျက်နှာစိမ်းတစ်ယောက်ရဲ့လက်





ထဲကို သူမ၏ကိုကိုက အတင်းကိုထည့်ပေးနေပါရောလား။

"ဟင့်အင်း. . . ဟင့်အင်း. . . ရေးမသိဘူး။ သူ့ကို ရေးမသိဘူး။ ကိုကို. . . ရေးမသိတဲ့လူစိမ်းတစ်ယောက်ရဲ့လက်ထဲကို ရေးကိုမထည့်လိုက်ပါနဲ့။ ရေးကိုကို. . . မဟုတ်ဘူး။ ရေးကိုကိုက. . . ပြည့်စုံလေ။ ရေးသိပ်ချစ်တဲ့ကိုကိုက ငြိမ်းချမ်းပြည့်စုံလေ။ ကိုကို မေ့ထားလိုက်တာလား။ ရေးက ကိုကို့ညီမပါ။ သူ့ညီမမဟုတ်ဘူး။ ရေးကို မဟုတ်တာတွေမပြောပါနဲ့။ အီး. . . ဟီး. . . ဟီး"

မိုးဒေဝါပါးစပ်ဟသွားရအောင် အံ့သြမှုအမြင့်ဆုံးဖြစ်သွားရ၏။ ငြိမ်းချမ်းပြည့်စုံဆိုသူပါလား။ ရေးတို့သူငယ်ချင်းတစ်သိုက်သည်းသည်းလှုပ်နှစ်ခြိုက်ကြသည့် လျှို့ဝှက်စုံထောက် ဇာတ်လမ်းတွေရေးတဲ့စာရေးဆရာတစ်ယောက် ရန်ကုန်မှာရှိနေ၏။ တစ်နေ့မရောက်ရောက်အောင်သွားကြမည်ဟု တိုင်ပင်ခဲ့ဖူးသည့်စကားကို နားထဲမှာ ဖျတ်ခနဲကြားယောင်လိုက်မိလေသည်။

ဘုရား. . . ဘုရား. . . ဤစာရေးဆရာကိုစိတ်စွဲပြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့တာပါလား။ သွေးသားရင်းချာအစ်ကိုကိုတော့ အဘိတ်မှာမေ့ထားခဲ့ရတယ်လို့. . . ရေးရယ်။

"ရေး. . . ကိုကိုနဲ့ပြန်လိုက်ခဲ့ပါကွယ်။ ရေးစိတ်ဆင်းရဲအောင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုဘယ်တော့မှမဖြစ်စေရပါဘူး။ ရေးစိတ်ချမ်းသာအောင် ကိုကိုထားပါ့မယ်လို့ ကိုကိုကတိပေးပါတယ်ကွာ။ ရေးက လိမ္မာပါတယ်. . . လိုက်ခဲ့နော်"

"မလိုက်ဘူး. . . မလိုက်ဘူးဆိုနေမှ ရေးကိုညာခေါ်နေတာလား။ ရေး အရူးမဟုတ်ဘူး။ ရေးကို အရူးထောင်တော့ မပို့ပါနဲ့ကိုကိုရယ်။ ရေးမသွားပါရစေနဲ့။ ကိုကိုစိတ်ညစ်အောင် ရေး ဘယ်တော့မှမလုပ်တော့ပါဘူး။ မမကိုလည်း အနှောင့်အယှက်မပေးတော့ပါဘူး. . . နော်. . . နော်။ ရေးကိုသနားရင် သူများလက်ထဲကိုတော့ မထည့်လိုက်ပါနဲ့ကိုကိုရယ်။ ရေးတောင်းပန်ပါတယ်"

မိုးဒေဝါလက်ထဲမှ အတင်းရုန်းလျက် သူ့လက်မောင်းကို အတင်းဆုပ်ကိုင်ဖက်တွယ်လိုက်တာမို့ အစ်ကို့ကို အားနာမျက်နှာပူသွားလျက် သူ့မလက်တွေကို သူဖယ်ခွာလိုက်ပါ၏။

"ရေး. . . ကိုကိုပြောတာကို နားထောင်ပါကွာ။ ကိုမိုးဒေဝါကသာ ရေးရဲ့ကိုကိုအစစ်ပါ။ ကိုကိုက ရေးရဲ့ကိုကိုမဟုတ်ပါဘူး။ ရေးမှာ အတိတ်မေ့တဲ့ရောဂါဖြစ်နေတာပါကွယ်။ ဒီရောဂါပျောက်သွားရင် ရေးကိုကို့ကို မှတ်မိသွားမှာပါ။ ဒီတော့ လိုက်သွားလိုက်နော်။ ရေးပဲ လိမ္မာတော့မယ်၊ ကိုကို့စကားကိုနားထောင်မယ်ဆို"





"ဟင့်အင်း. . . ဟင့်အင်း။ ရေးမလိုက်ပါရစေနဲ့ကိုကိုရယ်။ ရေးမလိုက်ချင်လို့ပါ။ ကိုကို့ကိုပဲရေးချစ်တယ်။ ကိုကိုနဲ့ ရေးမခွဲနိုင်ဘူး။ ကိုကိုနဲ့ခွဲရရင် ရေးသေမှာကိုကိုရဲ့။ ရေးကို အရင်လိုမချစ်တော့ဘူးလားဟင်။ ကိုကိုမိန်းမယူတော့မှာမို့ ရေးကို. . . ရေးကို သူများလက်အပ်ပြီး အရူးထောင်ပို့ခိုင်းတာမဟုတ်လား။ ရေး. . . ရေး. . . ရှိကြိုးခိုးပါရဲ့ကိုကိုရယ်။ မလိုက်ချင်လို့ပါ။ မလိုက်ပါရစေနဲ့နော်"

မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်စီးကျလာပြီး သူ့ခြေရင်းကြမ်းပြင်မှာ ဒူးထောက်ထိုင်ချလျက် လက်အုပ်ချီတောင်းပန်နေပုံလေးကြောင့် ရင်ထဲမှာနင့်ခနဲနေအောင် ခံစားလိုက်ရလေ၏။သူ့ပါမက သုခနှင့်ချမ်းသာတို့ပါ မျက်ရည်တွေစို့တက်လာသလို မိုးဒေဝါမျက်ဝန်းမှ မျက်ရည်တွေစီးကျလာလေတော့သည်။

"ရေးရယ်. . . ကိုကိုက စေတနာနဲ့"

"ရေးကိုမချစ်တော့ဘူးလားဟင်။ ကိုကိုတို့ချစ်ခြင်းကိုခွဲလို့ရေးကိုမုန်းနေပြီလား။ ကိုကိုပြောတော့ဖြင့် ရေးကိုအားလုံးထက်အပုံကြီးချစ်တာပါဆို. . . အခု. . . အခု. . . သေးသေးလေးတောင်မချစ်နိုင်တော့ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့. . . တော်ပါတော့ ရေးရယ်။ ကိုကိုမကြားရက်တော့ပါဘူး။ ရေးမလိုက်ချင်ရင် ကိုကိုအတင်းအကျပ်မခေါ်တော့ပါဘူးကွယ်"

မိုးဒေဝါ၊ ရေး၏ပခုံးလေးကို တင်းကျပ်စွာဆုပ်ကိုင်၍ ရင်နင့်စွာဖြင့် ငိုချလိုက်လေသည်။ ဤညီမလေး ငှားစီးသွားသည့်ကားချောက်ထဲကျ၍မီးလောင်ခဲ့ရာ ကားပေါ်မှာ မီးကျွမ်းနေပြီဖြစ်သည့် မိန်းကလေးအလောင်းကိုပင် ရေး၏အလောင်းဟု ယူဆသတ်မှတ်ပြီး သဂြိုဟ်ခဲ့တာ။ အခုတော့. . . အသက်ရှင်လျက်ပြန်တွေ့နေပြီးမှ ရှင်ကွဲခွဲ အဆုံးရှုံးခံရတော့မှာပါလား။ ဪ. . . ကိုကို့ညီမလေး. . . ရေးရယ်။

"ပြည့်စုံ. . . ကလေးနားပါစေတော့ကွာ။ နေကောင်းတာဖြင့် ဘာမှကြာသေးတာမဟုတ်ဘူး။ သူခံစားနေရတဲ့ဝေဒနာတွေက ရင်နဲ့မမျှအောင် တနင့်တပိုးကြီးခံစားနေရတာကွ"

"ဟုတ်တယ်. . . ဆေးတိုက်ပြီးသိပ်ဖို့ကောင်းပြီ"

"မအိပ်ချင်ပါဘူး။ တော်ကြာ. . . ရေးအိပ်ပျော်သွားလို့ ရေးကိုခေါ်သွားရင် ဘယ့်နှယ်လုပ်မလဲ။ ဆေးလည်းမသောက်ချင်ဘူး။ အိပ်ပျော်အောင် ညာမတိုက်ပါနဲ့ကိုကိုရယ်"





"အင်းပါ. . . ရေးရယ်. . . မတိုက်ပါဘူး။ တိတ်, တိတ် မငိုနဲ့တော့လေ။ ရေးပင်ပန်းလွန်းလှပါပြီ။ သုခရေ. . . သောက်ရေတစ်ခွက်လောက် ယူလာပေးပါကွာ"

"အေးအေး. . ."

သူ့ ဆက်တီမှာ ဝင်ထိုင်လိုက်တော့ နှစ်ယောက်ထိုင်ဆက်တီမှာမို့ သူမပါအတူပူးကပ်ထိုင်ချလိုက်လေ၏။ မျက်စိရှေ့ကပျောက်သွားမှာစိုးသည့်အလား သူ့လက်မောင်းကို ခပ်တင်းတင်းလေးဆုပ်ထားသည်မှာ သွေးကြောတွေတောင့်သွားတော့မလားပင်။ ကိုမိုးဒေဝါက မျက်နှာချင်းဆိုင်ခုံမှာ အင်အားမဲ့သလိုထိုင်ချလိုက်လေ၏။

"ကျွန်တော်တို့မှာ ဒီမောင်နှမနှစ်ယောက်တည်းပဲရှိတာပါ။ မိဘတွေက ကျွန်တော်တို့ငယ်စဉ်ကတည်းက ဆုံးပါးသွားပါတယ်။ ကျွန်တော့်မှာ ချစ်ခင်တွယ်တာစရာဆိုလို့ ရေးတစ်ယောက်ပဲရှိသလို ရေးအတွက် အားကိုးဖို့ရာကလည်း ကျွန်တော်တစ်ဦးတည်းပဲ ရှိတယ်လေ"

သုခက လင်ပန်းထဲမှာ ကော်ဖီမစ်တစ်ခွက်ဖျော်၍ ကိတ်ခြောက်ကို ပန်းကန်ဖြင့်ထည့်လာသလို. . . ရေးအတွက် ဖန်ခွက်ရှည်ဖြင့် ရေထည့်လာပေး၏။ ကိုမိုးဒေဝါရှေ့စားပွဲခုံမှာ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



နှင့်မုန့်ပန်းကန်ကိုတင်ပေးလိုက်ပြီး သူ့လက်တွင်းသို့ ရေဖန်ခွက်ကိုထည့်ပေးလိုက်ပါသည်။

"သုံးဆောင်ပါဦး အစ်ကို။ ဖြည်းဖြည်းသာပြောပါ။ ခရီးကပင်ပန်းလာရတဲ့ကြားထဲ စိတ်ပါပင်ပန်းသွားရတာ ကျွန်တော်စိတ်မကောင်းပါဘူး"

"ရပါတယ်"

သူ ရေဖန်ခွက်ကိုကိုင်လျက် သူမကိုတယုတယရေတိုက်နေသည့်မြင်ကွင်းကို၊ ကိုမိုးဒေဝါစိုက်ကြည့်နေမှန်း သိနေပါသည်။ သို့သော်. . .သူမည်သို့မျှမတတ်နိုင်တော့ပါချေ။ ရေးက ဘာမဆို သူ့ခြေသူ့လက်နဲ့ ကိုယ်တိုင်ကျွေးမွေးမှ နှစ်သက်တာမဟုတ်ပါလား။

"ဆက်ပြောပါအစ်ကို"

"အင်း"

ကော်ဖီခွက်ကို စားပွဲပေါ်ပြန်တင်လိုက်စဉ် သူမထံမှ သမ်းဝေလိုက်သံတစ်ချက်ထွက်လာလေ၏။ မျက်တောင်ဇာလေးတွေ စင်းလာသည်မို့ နေ့လယ်ဘက် အိပ်ချိန်တန်ချေပြီ။

"အိပ်ချင်ပြီလား. . .ရေး"

"ဟင့်အင်း"





"အိပ်ချင်ရင်သွားအိပ်လေ။ ခါတိုင်းလည်း နေ့ခင်းဘက် ရေးအိပ်နေကျပဲကို"

"မအိပ်ချင်ပါဘူး၊ ကိုကိုပျောက်သွားမှာစိုးတာပေါ့။ ပြီးတော့ ရေးကို သီချင်းဆိုမသိပ်တာ ကြာပြီနော်"

သူ့မျက်နှာ ဖြန်းခနဲနီရဲသွားလေ၏။ အစ်ကိုရင်းရှေ့မရှောင် ညစဉ်ပြုနေကျဝတ္တရားတွေကိုမှ ရေရွတ်ပြရသတဲ့လား။

"အဲဒါ ညကျမှလေကွာ"

"မအိပ်ချင်ပါဘူးလို့ဆို"

"ကဲကဲ. . .နေနေ"

အပေးအယူတည့်နေကျသည့်မြင်ကွင်းလေးကို မိုးဒေဝါငေးခနဲကြည့်နေမိ၏။ ကြည့်စမ်း. . .ရေးဟာ. . .မသိစိတ်ထဲက စွဲလန်းခဲ့တဲ့ သူမရဲ့ Favourite Author တစ်ယောက်ကို အတိတ်မေ့နေစဉ်ကာလမှာ တရင်းတနှီးရှိနေတာပါလား။ တစ်ယောက်ကိုတစ်ယောက်ယုယနေပုံကိုမြင်ရုံဖြင့် နှောင်တွယ်နေပါသည့်သံယောဇဉ်အတိုင်းအဆကိုခန့်မှန်းမိပါသည်။ အင်း. . .ဤစာရေးဆရာဟာ လူလွတ်တစ်ဦးဖြစ်သော်ငြား ချစ်သူ သို့တည်းမဟုတ် မိဘမြန်းထားတဲ့သူတစ်ဦးဦးတော့ ရှိနေပုံရ၏။ ဤပုံအတိုင်းဆိုလျှင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိညီမလေးတော့ အသည်းကွဲရတော့လေမလား။ ဖြစ်ရလေ ရေးရယ်။

"ကျွန်တော့်မှာ နန်းချယ်ရီဆိုတဲ့ချစ်သူတစ်ဦးရှိပါတယ်။ ချယ်ရီတို့မိသားစုက အလွန်ဆင်းရဲကြပါတယ်။ ပြီးတော့. . . ချယ်ရီ့အမေက နောက်အိမ်ထောင်ပြုထားတာဆိုတော့ ပထွေးနဲ့တစ်အိမ်တည်းနေနေရတာပါ။ ကျွန်တော့်ပွဲရုံမှာ အလုပ်ဝင်လုပ်နေတဲ့မိန်းကလေးကိုသနားရာက သံယောဇဉ်တွယ်မိတော့ ရေးက ခါးခါးသီးသီးကိုကန့်ကွက်တာပါပဲ။ ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ဦးကိုတစ်ဦးကြင်နာနေပါလျက်နဲ့ ရေးကြောင့် ဘယ်လိုမှနီးစပ်ခွင့်မရပါဘူး။ ဒီလိုနဲ့တစ်နေ့မှာတော့ ချယ်ရီ့အမေ ရုတ်တရက်ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားပါတယ်။ ဒီတော့. . . ပထွေးနဲ့အတူနေလို့မသင့်တော်တာကြောင့် ကျွန်တော်တို့လက်ထပ်ကြဖို့ စီစဉ်တာပါ။ ရေးက အပြင်းအထန်တားဆီးပိတ်ပင်ရင်း မောင်နှမနှစ်ယောက် အကြီးအကျယ်စကားများကြတာပါ။ ကျွန်တော်က မယူလို့မဖြစ်တဲ့အကျိုးအကြောင်းကို ပြေပြေလည်လည်ရှင်းပြပါတယ်။ ဒါပေမဲ့. . . မရခဲ့ပါဘူး။ နောက်ဆုံး ကျွန်တော့်ကိုကန့်ကွက်လို့မရမှန်းသိတော့ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားတာပါ။ ကျွန်တော်





မရမကတားဆီးပါသေးတယ်. . . ကိုပြည့်စုံ။ ရေးက အင်မတန်စိတ်ကြီးတယ်ဗျ။ ကျွန်တော်တားနေတဲ့ကြားကပဲ Taxi တစ်စီးကိုတားစီးပြီး ဆက်ထွက်သွားတာပါ။ ကျွန်တော်လည်း ထူထူပူပူဖြစ်နေပြီး. . . ကားနံပါတ်ကို ကမန်းကတန်းပဲမှတ်လိုက်ပါတယ်။ လမ်းမကနေ အိမ်ကိုပြန်ပြေးပြီး ကားယူထုတ်ထွက်လာတော့ ရေးစီးလာတဲ့ကားကို မမြင်ရတော့ပါဘူး။ ဒါနဲ့လမ်းကြောင်းအတိုင်းဆက်မောင်းလာပြီး တစ်နေရာအရောက်မှာ. . . ရေးငှားစီးသွားတဲ့ကားလေးကို ချောက်ထဲမှာ မီးလောင်နေတာကိုတွေ့ရတာပါပဲ။ မျက်စိနဲ့မြင်နေရပြီး ညီမလေးကိုကယ်တင်ခွင့်မရခဲ့တဲ့ဘဝပါဗျာ။ သက်ဆိုင်ရာတွေရောက်လာတော့ ကားတစ်ခုလုံးက မီးကျွမ်းနေပြီ။ ကားထဲကအလောင်းတွေက ဘယ်သူမှန်းခွဲခြားလို့တောင်မရတော့ပါဘူး။ ရှေ့ခန်းဒရိုင်ဘာနဲ့ နောက်ခန်းက မိန်းကလေးအလောင်းမို့ရေးလို့ပဲယူဆပြီး ကျွန်တော် အကောင်းဆုံးသင်္ဂြိုဟ်ပေးခဲ့ပါတယ် ကိုပြည့်စုံ. . .။ ကျွန်တော့်ညီမလေးကို ဒီနေ့ဒီအချိန်ထိ ကျွန်တော်မမေ့နိုင်သေးတာအမှန်ပါဗျာ။ ဘယ်လိုကနေဘယ်လို. . . သူ ဒီကိုရောက်ခဲ့သလဲ။ သေသွားတဲ့သူဟာ ဘယ်သူလဲ. . . ဆိုတာတွေကိုကျွန်တော်မစဉ်းစားတတ်ပေမယ့် သေချာတာတစ်ခုကတော့ ကို

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံဟာ ရေးတို့သူငယ်ချင်းတစ်သိုက် တမ်းတမ်းစွဲနှစ်ခြိုက်ကြတဲ့စာရေးဆရာတစ်ယောက်ဆိုတာပါပဲ။ ဒီတစ်ခုရဲ့တွန်အားနဲ့ပဲ သူ ဒီကိုရောက်လာတာပဲဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် သူ့ကိုအခုလို ကောင်းကောင်းမွန်မွန်နဲ့ ကျန်းမာအောင် စောင့်ရှောက်ထားတဲ့အတွက် ကျွန်တော်ကျေးဇူးအများကြီးတင်တာ တကယ်ပါဗျာ။ ဒီကျေးဇူးတွေကို ကျွန်တော်ဘယ်လိုပြန်ဆပ်ရမယ်မှန်းမသိတော့ပါဘူး”

“ရပါတယ်အစ်ကို။ ကျွန်တော်တို့သူငယ်ချင်းသုံးယောက်စလုံးကလည်း ညီမ,မရှိကြတော့ ရေးကိုညီမအရင်းလေးလိုသဘောထားပြီး ဝိုင်းချစ်နေကြတာပါပဲ”

“ဟုတ်ကဲ့”

“တကယ်တော့ ရေးဟာ ကိုမိုးဒေဝါကို အတော့်ကိုချစ်ရှာတာပါဗျာ။ ပြည့်စုံကို သူ့အစ်ကိုလို့ထင်ပြီး အူလိုက်တိုနေတာပဲကြည့်။ သူ့ခံစားချက်ကိုတော့ ကျွန်တော်တို့နားလည်ပေးသင့်တယ်။ အစ်ကိုတစ်ယောက်ရဲ့ဥပေက္ခာပြုတာကို ကြေကြေကွဲကွဲလေးခံစားနေရရှာတာ သိပ်သနားဖို့ကောင်းလွန်းပါတယ်ဗျာ”

သူခနှင့်ချမ်းသာတို့နှစ်ယောက် သူနှင့်သက်သက်အကြောင်း





ကို အတိုချုပ်ပြောပြစဉ် သူမက သူ့ကိုမှီလျက်အိပ်ပျော်နေချေပြီ။ အခန်းထဲပို့ရန် အသာပွေ့ချီလျက်သယ်ခဲ့တာကို ကိုမိုးဒေဝါက အသာပင်ကြည့်နေခဲ့လေ၏။

“ဒါဖြင့် အဲဒီသက်သက်နဲ့ ကိုပြည့်စုံ, ပြတ်ကုန်ပြီပေါ့”

“ဒီသဘောပါပဲ. . . ဒါပေမဲ့ ပြည့်စုံအမေလိုက်လာရင်တော့ ပြဿနာအကြီးအကျယ်တက်ပြီပဲ။ ဒီကောင်က နဂိုကတည်းက ခပ်အေးအေး၊ သူ့အမေက သိပ်ထက်တာ”

“ဖြစ်ရလေဗျာ။ ကျွန်တော့်ညီမကြောင့် ဒီလောက်ဖြစ်ခဲ့ရတာကိုး”

သူပြန်ရောက်လာတော့ ကိုမိုးဒေဝါက သူ့ကိုထပ်မံတောင်းပန်ပြန်၏။ ညနေတော်တော်စောင်းတော့မှ ပြန်ရန်ခွင့်တောင်းလေသည်။

“ကျွန်တော်ပြန်ဦးမယ် ကိုပြည့်စုံ။ အခုလောလောဆယ် ရေးပြန်မလိုက်ချင်သေးလို့ ကျွန်တော်ခေါ်မသွားသေးပါဘူး။ သူစိတ်ချမ်းသာတဲ့နေရာမှာပဲ နေပါစေ။ ကောင်းကောင်းနေကောင်းပြီးအတိတ်ကိုပြန်သတိရတဲ့အခြေအနေရောက်ရင် ကျွန်တော်လာခေါ်ပါ့မယ်။ အရေးတကြီးကိစ္စရှိရင် ကျွန်တော့်အိမ်ဖုန်းကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ် လိုက်ပါ။ ဒီမှာနော်. . . ကျွန်တော့်ရဲ့ Visiting Card ၊ ဒါက ရေးကိုပြုစုစောင့်ရှောက်ကျွေးမွေးတဲ့အနေနဲ့ ကျေးဇူးတင်လွန်းလို့ ပေးတာကိုလက်ခံပေးပါ။ ဘယ်လိုမှသဘောမထားပါနဲ့ဗျာ။ အခြေအနေကို ဘာမှန်းမသိရလို့ ထိုးမုန့်တွေ၊ ဘာတွေလက်ဆောင်တစ်ခုမှ ဝယ်မလာဖြစ်လို့ ငွေပဲပေးရတာ၊ စေတနာကိုတန်ဖိုးဖြတ်တယ်လို့မထင်စေချင်ပါဘူး"

"ဟာ. . . အစ်ကို၊ ကျွန်တော်ငွေလိုချင်လို့ ရေးကိုလက်ခံထားတာမှမဟုတ်ဘဲ။ အစ်ကို့ငွေကိုပြန်ယူသွားပါဗျာ"

"ဟုတ်ပါတယ်။ သူ့တစ်ယောက်စာက ဘာမှမရှိပါဘူး ကိုမိုးဒေဝါ။ ဒီလောက်ငွေတွေအများကြီးပေးဖို့ မလိုပါဘူးဗျာ"

စားပွဲပေါ်တင်ပေးလိုက်သည့်ငွေတစ်ထပ်ကြောင့် သူရောချမ်းသာပါ ငြင်းဆန်တော့ မိုးဒေဝါမျက်နှာငယ်လေးနှင့်ဖြစ်သွားလေ၏။

"ကျွန်တော့်ညီမလေးက အတော်ဆိုးတဲ့ကလေးပါ။ တစ်နေ့တစ်နေ့ သူစားတဲ့မုန့်ဖိုးကမနည်းဘူး။ လိုချင်တာမှန်သမျှကိုလည်း မရမကပူဆာတတ်တဲ့သူပါ။ ကိုပြည့်စုံတို့ သူ့အတွက် ငွေအတော်ကုန်ခဲ့မှာသေချာပါတယ်။ ကျွန်တော်က ကိုပြည့်စုံတို့ကိုအားနာ





နေမိတာအမှန်ပါဗျာ။ ဒီငွေတွေလောက်က ကိုပြည့်စုံလို နိုင်ငံကျော်စာရေးဆရာတစ်ယောက်အတွက် ဘာမှမဖြစ်လောက်မှန်း သိပါတယ်။ ဒါပေမဲ့. . . ရေးရဲ့ရောဂါက ဘယ်အချိန်ထိ ကုတာကြာမယ်မှန်းမသိလို့လက်ခံပေးပါဗျာ။ ကျွန်တော် လစဉ်ရောက်အောင်တော့ မကြာခဏ ရန်ကုန်ကိုရောက်ဖြစ်မှာပါ"

"ဟာဗျာ. . . ကျွန်တော်က ချမ်းသာတဲ့စာရေးဆရာတစ်ယောက်မဟုတ်ပါဘူး။ အစ်ကို အထင်စွတ်မကြီးပါနဲ့ဗျ"

"ဟုတ်တယ်. . . ကိုမိုးဒေဝါရေ၊ ဒီကောင်က နာမည်ကြီးထမင်းငတ်ပါဗျ"

လွတ်လပ်စွာရယ်မောဖြစ်ကြ၏။ ကိုမိုးဒေဝါက သူတို့သုံးယောက်နှင့် တရင်းတနှီးလက်ဆွဲနှုတ်ဆက်ပြီးမှပြန်သွားလေသည်။ အချိန်တန်ရင် ပြန်ပေးလိုက်ရမယ်ဆိုတာကို ကျွန်တော်နားလည်ပါတယ်. . . အစ်ကို။ ဒါပေမဲ့. . . ရေးကိုဖြစ်နိုင်ရင် တစ်သက်တာလုံးအတွက် အပိုင်စားလိုချင်နေတာကို အစ်ကိုမရိပ်မိသွားဘူးတဲ့လားဗျာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

ဈေးမှပြန်လာပြီး မီးဖိုခန်းထဲမှာ လေးယောက်သား ပျော်ရွှင်စွာချက်ပြုတ်နေကြစဉ် ခြံရှေ့မှာ Taxi ရပ်သွားသံကိုကြားလိုက်ရလေ၏။ ပုစွန်ကျော်လေးတွေကို ခေါင်းနှင့်အမြီးဖြုတ်နေသည့်သူ့ကို သူမက ဝိုင်းကူလုပ်ပေးနေလေသည်။ ချမ်းသာက ချဉ်ပေါင်မွှေနေ၏။ သုခက ငရုတ်ဆုံထောင်းပေးနေသည်။

"ဘယ်သူလဲမသိဘူး။ ငါတို့လက်မအားလို့ သွားကြည့်ပေးပါဦး. . . ငသုရေ"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



သုခညည့်ခန်းသို့ထွက်လာစဉ် လှေကားမှအမျိုးသမီးကြီးတစ်ဦးတက်လာလေ၏။ လားလား. . . ဒါ. . . ဒါ. . . ငပြည့်အမေ ဒေါ်မြကျေးရုံပါလား. . .။ မိုးမီးတော့လောင်ချေပြီ။

"ဟဲ့. . . သုခလား"

"ဟုတ်. . . ဟုတ်ကဲ့ ဒေါ်လေး"

"ဘယ်မလဲ. . . ဟိုအကောင်"

"မီးဖိုခန်းထဲမှာရှိပါတယ် ဒေါ်လေး"

"ခေါ်စမ်း. . . ဒင်း,ဘာအချိုးချိုးလိုက်တာလဲ။ သက်သက်က ပြန်ရောက်ရောက်ချင်း ဘာမှပြန်မပြောဘဲ ရေငုံနှုတ်ပိတ်နေလို့ တစ်ပတ်လောက်ကြာသွားရတာ။ ဘယ့်နှယ်တော် မိဘက ကောင်းစေချင်လို့ လက်နဲ့ရေး၊ နတ်ပြည်တင်ပေးတာကို ဒင်းက ခြေနဲ့ဖျက်၊ ငရဲပြည်ဆင်းချင်တဲ့ကောင်တော့လား သေဖို့သာပြင်၊ မြန်မြန်ခေါ်စမ်း"

"ဟုတ်ကဲ့ဒေါ်လေး"

သုခ ဝရန်းသုန်းကားဖြင့် နောက်ဖေးသို့အပြေးဝင်လာလေတော့၏။

"ငပြည့်ရေ. . . မိုးမီးတော့လောင်ပြီထင်တယ်။ မင်းအမေလိုက်လာပြီ. . . ဧည့်ခန်းမှာ စောင့်နေလေရဲ့။ မင်းကိုမြန်မြန်လာလို့ခေါ်နေပြီ"





"ဟိုက်! အဲ့ဒါကမှ ဧရာမပြဿနာ"

"ဘာလဲဟင် ကိုကို"

"လုပ်ပါဦး. . . ရေးကို တစ်နေရာမှာ ဝှက်ထားပေးကြပါဦးကွာ။ သူ့ကိုမြင်မှ မေမေ့ဒေါသတွေ. . . တွေ"

"အံမာ. . . ငါလာမှ မင်းဟာလေးကို ဝှက်လို့ရမယ်ထင်နေလား ခွေးသားလေးရဲ့ဟင်။ မအေကတော့ မင်းနေမကောင်းလို့ ပြုစုဖို့ ငါ့ချွေးမလောင်းလေးကိုလွှတ်ပေးလိုက်တာ။ မင်းက ဒီရောက်တာနဲ့ ရင်ဝဆီးကန်လိုက်တာကောင်းသလားဟင်ဖိုးပြည့်"

"အား. . . မဟုတ်ပါဘူးမေမေ"

"ဘာမဟုတ်ရမှာလဲ။ ဒီမှာ လူအရှင်လတ်လတ်ကြီးမြင်နေရတာတောင် ဆင်သေကို ဆိတ်သားရေနဲ့ဖုံးချင်လို့ရမလား။ မင်းကို ငါမွေးထားတာနော်။ ငါ့ကိုဗြောင်လိမ်ဖို့မကြံနဲ့"

မေမေက သူ့နားရွက်ကိုလိမ်ဆွဲကာ ဇက်ပိုးကိုဖြောင်းခနဲ အုပ်ထည့်လိုက်လေ၏။ သူမမျက်လုံးဝိုင်းလေးတွေဖြင့် အံ့ဩမှင်တက်စွာမော့ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် သက်တူရွယ်တူ အကြောင်းသိအစင်းသိ၊ လှချက်ကလည်း စက်စက်ယို၊ ထိရက်စရာမရှိတဲ့မိန်းကလေးကို ရွေးပေးပါလျက်နဲ့ အရိုးများ၊ ချေးခါးပြင်းရလောက်အောင် မင်းဟာလေးက သက်သက်ခြေဖျားမပြောနဲ့ ခြေမှုန့်တောင်မှမီနိုင်လို့လား"

"မေမေမှားနေပြီ။ ကျွန်တော်ရှင်းပြပါ့မယ်။ သည်းခံပါဦးဗျာ"

"သည်းမခံနိုင်ဘူးဟေ့။ ငါ့အကြောင်း မင်းအသိဆုံးပဲမဟုတ်လား။ ငါက ဒါဆိုဒါပဲ။ ဘာအကြောင်းပြချက်နဲ့မှ ငါဖြစ်ချင်တာကို အပျက်ခံတာမဟုတ်ဘူး"

"အိမ်ရှေ့ဧည့်ခန်းမှာ ကျွန်တော်သေချာရှင်းပြပါ့မယ်မေမေရယ်။ ဒီမှာ. . . ချမ်းသာ ဆီသတ်တော့မှာမို့ မေမေအညော်မိမှာစိုးလို့ပါ"

"အမယ်လေးတော်. . . အညော်ဝင်ရုံလောက်နဲ့တော့ ကျေးရုံတို့က ဖြုံတောင်မဖြုံဘူး။ ရင်ထဲမှာတောက်နေတဲ့ မီးတောက်လောက်ပြင်းထန်တဲ့အပူမီး လောကမှာမရှိတော့ဘူး. . . ဟင်း"

သူ, မေမေ့လက်ကိုအတင်းဆွဲ၍ ရေးနဲ့ဝေးရာဆီခေါ်လာခဲ့၏။ ရေးလိုက်မလာစေရန် သူခကိုမျက်စပစ်၍ တားခိုင်းခဲ့ရသည်။





ဧည့်ခန်းပြန်ရောက်ချိန်ထိ မေမေ့ဒေါသတွေက မပြယ်နိုင်သေး။

"မင်း, ငါ့ကို ဘယ်နည်းတွေနဲ့ဆင်ခြေတက်ပြီး လိမ်ဦးညာဦးမှာလဲပြည့်စုံ။ ငါလိုမအေမျိုးက မင်းညာသမျှကို မျက်စိမှိတ်ယုံနေမယ့် ငနုံအမအေမျိုးမဟုတ်ဘူးဟေ့။ ဘယ့်နှယ်. . . မွေးထားတဲ့သားက မအေကို လက်တစ်လုံးခြားလူလည်ကျတာလောက် အခံရခက်တာမရှိတော့ဘူး။ ငါရင်နာတယ်. . . ရင်သိပ်နာတယ်. . . ပြည့်စုံရဲ့"

"ရေးဟာ. . . အတိတ်မေ့နေတဲ့ဝေဒနာသည်လေးပါ မေမေရယ်။ ဒုက္ခရောက်လာတဲ့မိန်းကလေးကို နှမငယ်လေးလိုစောင့်ရှောက်ထားတာပါ။ ဒါကို သက်သက် တမင်အထင်လွဲသွားတာပါဗျာ"

"ဘာဒုက္ခသည်လဲ၊ ဘာဝေဒနာသည်လဲ။ ယုံအောင်လည်း ဖြီးစမ်းပါပြည့်စုံရယ်။ မင်းတို့အိမ်မှာ ယောက်ျားလေးတွေချည်းရှိတဲ့ဟာ၊ ဒီလိုအရွယ်ရောက်နေတဲ့ကောင်မလေးကိုလက်ခံစရာလား။ မွေးကတည်းကပါလာတဲ့မင်းဦးနှောက်တွေက ဒါလေးကိုတောင်မစဉ်းစားတတ်ဘူးလား"

"ကျွန်တော် တကယ်ပြောနေတာပါမေမေရယ်"

"မပြောနဲ့. . . ဆက်မပြောနဲ့။ ငါမကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရေးက မိကောင်းဖခင်သားသမီးပါမေမေ"

"ဩော်, ကိုယ့်ကိုယ်ကိုဘယ်သူမှန်းမသိဘဲ မဖိတ်ဘဲရောက်လာတာ ပေါက်လွတ်ပဲစား ဘယ်အမျိုးအနွယ်မှန်း ဂယနဏ မင်းသိလို့လား။ ဒီလိုမိန်းကလေးမျိုးနဲ့ မင်းကို ငါလုံးဝသဘောမတူနိုင်ဘူးပြည့်စုံ။ ဒါကို မင်းမြဲမြဲမှတ်ထားစမ်းပါ"

"အဲဒီလိုတော့ပြီးပြီးရောမပြောပါနဲ့မေမေရယ်။ ဟိုတစ်ပတ်ကပဲ ရေးအစ်ကို, ကျွန်တော်နဲ့လာတွေ့သွားပါတယ်။ အတိတ်ကိုဘယ်လိုမှပြန်မမှတ်မိတော့ ဘယ်လိုမှချော့ခေါ်လို့ မရတာနဲ့ ဒီမှာပဲထားခဲ့တာပါ"

"ဘာပြောတယ်။ ဒီလို မင်းလက်ထဲ အတင်းထိုးထည့်တယ်ဆိုကတည်းက ဘယ်လိုအတန်းအစားလဲဆိုတာ မှန်းကြည့်ပြီး သိနိုင်ပြီပြည့်စုံ။ နင် ဒီလောက်တောင်မှ နုံရအရသလားဟဲ့၊ ဟင်. . . နင့်ကို နားဖားကြိုးထိုးဖို့ကြံစည်နေတာကို အသာငြိမ်နေရလား။ နင်နွားမို့လို့ ဘို့အတင်ခံချင်နေရတာလား။ ကဲ. . . ကဲ"

မေမေက ဒေါသမထိန်းနိုင်တော့ဘဲ သူ့ခေါင်းနှင့်တစ်ကိုယ်လုံးကိုစိတ်ကြိုက်ထုနှက်နေစဉ် နောက်ဖေးမှပြေးထွက်လာသည်က ရေးရယ်လေ။ ထုရိုက်နေသည့်ကြားထဲ အတင်းတိုးဝင်လျက် သူ့ကို





ကာကွယ်ပွေ့ဖက်ကာ နှုတ်မှလည်း တတွတ်တွတ်တောင်းပန်နေလေ၏။

"မလုပ်ပါနဲ့ကြီးကြီးရယ်။ ကိုကို့ကိုမလုပ်ပါနဲ့။ ကိုကို့မှာဘာအပြစ်ရှိလို့လဲဟင်။ ကိုကို့မှာ အပြစ်ရှိနေရင်လည်း ရေးကိုပဲရိုက်ပါ။ ကိုကိုနာလှပါပြီ. . . သနားပါတယ်"

"အမယ်လေးလေ. . . ကြည့်စမ်း။ ငါ့သားကို ငါဆုံးမနေတာ ညည်းနဲ့ဆိုင်လို့လား။ ညည်း ဘာမှဝင်ပါစရာမလိုဘူး။ ဖယ်စမ်း! နွားဖြစ်ချင်နေတဲ့ကောင်ကို နွားရိုက်သလိုပဲ ငါရိုက်မယ်"

"မလုပ်ပါနဲ့. . . မလုပ်ပါနဲ့. . . ကြီးကြီးရယ်။ တောင်းပန်ပါတယ်"

မေမေ၏ထုနှက်ချက်များက သူ့ပေါ်မှာ ကာထားသည့် ရေးပေါ်သို့ပါ ရောက်ကုန်လေ၏။ တစ်ချိန်လုံးငြိမ်ခံနေသည့်သူက ရေးကိုထိတော့ မည်သို့မျှမနေနိုင်တော့ပေ။

"ရေး. . . ဖယ်. . . ဖယ်နေဆို. . . ရေးနာလိမ့်မယ်"

"ဟင့်အင်း. . . ကိုကို့ကိုထုနေတဲ့ဟာကို"

"တောက်!ကြည့်ကြစမ်းပါဦး။ တစ်ယောက်ကိုတစ်ယောက်မခွဲနိုင်မခွာရက်ဖြစ်နေလိုက်ကြတာ။ အရှက်ကိုနည်းနည်းမှမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာဟေ့. . . ကလေးမ၊ ညည်းလို ဘယ်ဇာတိဘယ်ဆွေမျိုးမှန်း သေချာမသိတဲ့မိန်းကလေးမျိုးနဲ့ ငါ့သားကိုလုံးဝသဘောမတူနိုင်ဘူး"

"မေမေ"

"ဒီလောက်ပြဿနာတွေတက်နေတာတောင်မှ. . . မင်းကမျက်နှာပြောင်တိုက်ပြီးဆက်နေဝံ့တာ အရှက်ကိုကုန်ရောပဲ။ ငါ့သားကိုအပိုင်ဖမ်းဖို့မကြံစည်ပါနဲ့. . . မရဘူးမှတ်။ ငါ့သားကို သက်သက်ကလွဲပြီး ဘယ်အမျိုးဘယ်အနွယ်ထဲကသမီးတွေနဲ့ ဘယ်တော့မှ သဘောမတူဘူးမှတ်"

"ငါ့သား"

သူမ အမျိုးသမီးကြီးကိုမော့ကြည့်လျက် တအံ့တဩရေရွတ်လိုက်မိ၏။ ငါ့သားဆိုပါလား. . . ငါ့သားဆိုတော့ ကိုကို့မေမေပေါ့။ ကိုကို့မေမေဆိုရင် ရေးမေမေလည်း ဖြစ်ရမယ်။ ဟင့်. . . အင်း၊ ရေးမေမေက ရေးသုံးနှစ်သမီးကတည်းက ဆုံးသွားခဲ့တာ။ တစ်ခုခုတော့မှားနေပြီ. . . ဟုတ်တယ်။

"ကိုကိုက. . . ကိုကိုက. . . ရေးရဲ့ကိုကိုပါ"

"ကြည့်စမ်း. . . ဒီလောက်ပြောနေဟာတောင် အရှက်မရှိ





ပြောနေဦး"

"မေမေမလုပ်ပါနဲ့"

မေမေ့လက်က ခပ်မြန်မြန်ဖြင့် သူမကို ဆက်တီပေါ်ထိုင်နေရာမှ လက်မောင်းကိုဆွဲ၍ တွန်းလှဲလိုက်သဖြင့် ကြမ်းပေါ်သို့ ဝုန်းခနဲပြုတ်ကျသွားလေသည်။

"အား. . ."

"ရေး"

"သွား. . . ငါ့မျက်စိရှေ့က ထွက်သွားစမ်း။ ခုချက်ချင်းထွက်သွား။ ငါ့သားကိုအမိဖမ်းချင်တဲ့ဟာမ"

နံရံကိုခေါင်းဖြင့် ဆောင့်မိသွား၍ သူမ မိုက်ခနဲဖြစ်သွားရလေ၏။ ချာချာလည်မူးနောက်သွားရသည့်အာရုံမှာပေါ်လာသည်က ကိုကိုဟုမည်သောနာမ်စားတစ်ခုသာ။ ကိုကို. . . ကိုကိုဟာ သူမဟုတ်ဘူးဆိုရင် ဘယ်မှာလဲ။ ရေးရဲ့ကိုကိုအစစ်အမှန်က ဘယ်မှာလဲ။ ကြီးကြီးရဲ့သားဟာ သူမရဲ့ကိုကိုမဟုတ်ဘူးတဲ့။

ဝရုန်းသုန်းကားအသံတို့ကြောင့် သုခနှင့်ချမ်းသာ အပြေးရောက်လာသော်လည်း မြင်ကွင်းကို ငေးကြည့်ယုံသာကြည့်ရဲသည်။ ဒေါ်လေး၏ဒေါသကို လက်တွေ့မြင်နေရပြီမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကို. . . ကိုသု

"ရေး. . . ညီမလေး"

"ကိုကိုဟာ ရေးရဲ့ကိုကိုမဟုတ်ဘူးလား"

"အင်း"

သုခသက်ပြင်းချရင်း ညည်းလိုက်တော့ သူမဆတ်ခနဲထရပ်လိုက်လေ၏။ ကိုကိုရော. . . ကိုကိုဘယ်မှာလဲ။ သူမသိပ်ချစ်ရတဲ့ကိုကို ဘယ်ရောက်သွားပြီလဲ။

"မင်း. . . ခုထိမဆင်းသေးဘူးလား. . . နည်းနည်းလေးမှအရှက်အကြောက်မရှိတဲ့မိန်းကလေး. . . မင်းမှာ"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . အား"

သူမ နားနှစ်ဖက်ကိုပိတ်၍အော်ဟစ်ကာ အိမ်ပေါ်မှအပြေးဆင်းသွားလေတော့၏။ မှင်တက်နေရာမှ သုသတိဝင်သွားပြီး အိမ်ပေါ်မှပြေးဆင်းလျက် သူမနောက် အမြန်လိုက်ခဲ့မိလေသည်။

"ရေး. . . ရေးရေ. . . မသွားနဲ့. . . မသွားပါနဲ့"

"ပြည့်စုံ"

မေမေ့အော်ခေါ်သံက နောက်ပါးမှာကျန်ခဲ့လေ၏။ သုခနှင့်ချမ်းသာပါ သူ့နောက်မှအပြေးလိုက်ခဲ့လေသည်။ လမ်းသွယ်ထဲမှ





လမ်းမကြီးကို ချိုးကွေ့ပြေးသွားသည့်ရေးနောက်မှ မီခါနီးဆဲဆဲတွင် လမ်းမပေါ်မှ Taxi တစ်စီးက အရှိန်နှင့်ဝင်လာလေ၏။

"ဟာ. . . ရေး. . . မပြေးနဲ့"

"ကျွီ"

"ဒုန်း! "

"ဟာ. . . တိုက်ပြီဟေ့"

"ရေး. . . ရေးရေ"

ကားရှေ့ဖြင့်တိုက်မိလျက် ပလက်ဖောင်းဘက် ပြန်လိမ့်လာသည့် ရေး၏ကိုယ်လုံးလေးကို သုပွေ့ထူလိုက်မိ၏။ ခေါင်းထက်မှစီးကျလာသည့်သွေးတို့က ရေး၏မျက်နှာထက်မှာ မြင်မကောင်းလောက်အောင် စီးထွက်လာလေသည်။

"ရေး. . . ကယ်ကြပါဦး. . . ကယ်ကြပါဦးဗျာ။ ရေး. . . ရေး. . . ရေးရေ. . . ကိုကိုခေါ်နေတယ်လေ"

"ပြည့်စုံ သတိထားလေ။ ဆေးရုံသွားမယ်"

"ရေး"

"ဟာ. . . ပြည့်"

သူမကိုယ်ခန္ဓာလေးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်လျက်



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးနှင့် သူ့အဆက်ပြတ်သွားလေတော့၏။ တိုက်မိသည့် Taxi ကားနှင့်ပင် ဆေးရုံကိုရောက်ဖြစ်ခဲ့တာတွေကိုလည်း မသိတော့။ အာရုံက ရေးသာ တစ်စုံတစ်ခုဖြစ်သွားသည်နှင့်သူလည်း ဒီလောကကြီးထဲမှာ အသက်မရှင်သန်လိုတော့တာသာဖြစ်တော့သည်။

❁ ❁ ❁





*Man's love is of man's life a thing apart, its woman's whole existance.*

*(Byron)*

ယောကျ်ားများ၏အချစ်ဟူသည် သူ့ဘဝ၏အစိတ်အပိုင်း တစ်ခုမျှသာဖြစ်၍ မိန်းမအချစ်ကား သူ့ဘဝတစ်လျှောက်လုံးအတွက်ဖြစ်ပေသည်...။

( ဘိုင်ရွန် )



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

မျက်လုံးအစုံကိုဖွင့်ကြည့်လိုက်စဉ် သူ့နံဘေးမှာ စိုးရိမ်တကြီး စောင့်ကြည့်နေသည့်မျက်နှာများစွာကို တွေ့ရလေ၏။ သုခ၊ ချမ်းသာ၊ မေမေ. . . ဟော. . . ဖေဖေပါ ရောက်နေပြီကိုး။ မျက်နှာကြက်ဖြူဖြူနှင့် ရှင်းသန့်သည့်အခန်းအပြင်အဆင်ကြောင့် ဆေးရုံသို့ရောက်နေပြီဖြစ်မှန်း သူသိလိုက်ပါ၏။ ဒါဖြင့်. . . ရေး. . . ရေးရော. . .

"ရေး"

"ဟာ. . . မထနဲ့လေ ပြည့်စုံ"



www.burmeseclassic.com

www.burmeseclassic.com



"ရေးရော. . . ရေး၊ ဘာဖြစ်သွားသေးလဲသုခ။ ဟင်. . ."

"Operation လုပ်နေတယ်ပြည့်စုံ။ ငါတို့ သူ့အစ်ကိုကို ဖုန်းဆက်အကြောင်းကြားလိုက်ပြီ။ သူချက်ချင်းထွက်လာပြီတဲ့"

သုခတို့က သူ့ကိုစိတ်ချသွားပြီဖြစ်၍ ရေးရှိရာ Operation Theator ဘက်ထွက်သွားတော့သည်။ မေမေ့မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာလေ၏။

"ခုမှငိုမနေနဲ့ကျေးရုံ။ ငါပြောသားပဲ. . . လူငယ်တွေ သူ့စိတ်နဲ့သူ လွတ်လပ်စွာရွေးချယ်တဲ့လမ်းကို အနှောင့်အယှက်မပေးပါနဲ့လို့အတန်တန်ပြောနေပါလျက် ငါမရှိတုန်း ဒီကိုရောက်လာရတယ်လို့။ ဒီလောက်သဘောထားကြီး၊ တရားပြည့်ဝတဲ့မင်းရဲ့စိတ်တွေဘယ်နေရာကိုလွင့်ပစ်လိုက်ပြီလဲ။ ဆွေမျိုးတွေသာ ဒီကိစ္စကိုပြန်သိရင် အရှက်လုံးလုံးကွဲရမှာ။ စိတ်နှလုံးအေးချမ်းခဲ့တဲ့ မင်းရင်ထဲမှာ အတ္တ၊ ဒေါသ၊ မောဟမီးတွေ တောက်လောင်နေတာကို ငြိမ်းအေးအောင်လုပ်။ ငါ ဒါပဲပြောချင်တယ်"

"ကျွန်မနားလည်ပါတယ် ကိုငြိမ်းအောင်ရယ်။ ကိုယ်မွေးထားတဲ့သားဆိုတဲ့ဇောနဲ့ အတ္တမီးတွေ ထလောင်ခဲ့ရတာပါ။ ဒါဟာ သားကိုချစ်တဲ့မေတ္တာကြောင့်ပါ"





"သားကိုချစ်ရင် သားစိတ်ချမ်းသာအောင် မင်းလိုက်လျောပေးရမှာပေါ့ ကျေးရုံ။ မင်းစိတ်တိုင်းကျ ခြယ်လှယ်ရွေးချယ်ခဲ့တဲ့ သားရဲ့အိမ်ထောင်ရေးမှာ သားရော၊ သက်သက်ပါ စိတ်ဆင်းရဲနေရရင် မင်းပါ စိတ်ချမ်းသာမယ်လို့ထင်နေသလား။ ဖူးစာပါမှ ဘဝချင်းပေါင်းရသလို၊ ရေစက်ပါမှ ဒီဘဝမှာဆုံရတယ်ဆိုတဲ့အသိကို မွေးစမ်းပါမိန်းမရာ"

"ကျွန်မ သဘောပေါက်ပါပြီရှင်။ နောက်ကို. . . နောက်ကို ကျွန်မသား စိတ်မဆင်းရဲစေရတော့ပါဘူး။ သားအမြန်ကျန်းမာဖို့ အဓိကပါပဲ"

"အေး. . . လူချမ်းသာတာထက် စိတ်ချမ်းသာတာကိုပဲ လိုချင်တယ်လို့ မင်းအမြဲပြောခဲ့တာမဟုတ်လား။ မင်းပိုင်ဆိုင်တဲ့သက်မဲ့အရာတွေနဲ့ သားရဲ့ခံစားချက်ဝေဒနာတွေကို ကုစားလို့မရနိုင်ဘူး။ တို့မှာပြေးကြည့်မှ ဒီသားလေးတစ်ယောက်ပဲရှိတာပါ။ သားတောင်မှ. . . မိဘစည်းစိမ်ကိုမမက်မောဘဲ သူ့ဘဝသူကျောင်းပြီး ဝါသနာပါရာလုပ်နိုင်သေးတာပဲ။ ဒီလိုလောဘနည်းတဲ့သားအတွက် ဆိုးရွားတဲ့ကံကိုတော့ စီမံခွင့်ရမှာမဟုတ်ပါဘူး။ သားနဲ့ပတ်သက်တဲ့ ချွေးမဟာ ငါတို့သမီးပဲ။ မလိမ္မာရင် ဆုံးမပဲ့ပြင်ရမယ့်တာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



သာ ယူခွင့်ရမယ် ကျေးရုံ။ ဒါကို မင်းရင်ထဲမှာစွဲမြဲနေအောင် မှတ်ထားလိုက်ပါ"

"ဟုတ်ကဲ့ပါ"

လက်မှာ သွင်းထားသည့် Drip ပိုက်ကို ငုံကြည့်ရင်း ရေးအတွက် ပူပန်စိတ်တွေသာ ဆင့်ပွားဖြစ်နေမိလေ၏။ သူ့လို ကျန်းမာရေးကောင်းတဲ့လူတောင် Drip ချိတ်နေရရင် ကားနဲ့တိုက်မိတဲ့ ရေးတော့ ဘာတွေဘယ်လိုဖြစ်နေပြီလဲ။

"ဆရာမ. . . ကျွန်တော့်ညီမလေးနဲ့တွေ့ချင်လို့"

"ရှင်ထလို့မရသေးဘူးလေ. . . ဟိုမှာ Operation ခန်းထဲရောက်နေတုန်းရှင့်။ Operation ပြီးတာတောင် ရှင်သွားတွေ့လို့ အကြောင်းထူးမှာမဟုတ်ဘူး။ ညနေလောက်မှ သူသတိရမှာ။ အဲဒီတော့မှ. . . သွား။ ခုလောလောဆယ် ရှင်အရမ်းအားနည်းနေတာ အနားယူမှပေါ့။ ကြည့်ရတာ. . . ရှင်တော်တော်အိပ်ရေးပျက်တဲ့အလုပ်တွေ လုပ်ခဲ့ပုံရတယ်။ ရှင့်မှာ အဖျားလည်းနည်းနည်းရှိနေတယ်ရှင့်။ တော်ကြာ ဇရောဂါပိုးတွေထပ်ဝင်ပြီး ပိုဖျားနေဦးမယ်။ ဒီမှာပဲငြိမ်ငြိမ်နေပါဦး"

Special room ထဲမှာ သူ့မနေချင်ပါဘဲ ငြိမ်ကုပ်နေရ၏။





Holic တွေ၊ နွားနို့တွေ အားရှိစေမည့်အာဟာရမှုန့်သမျှ မျိုချနေရသော်လည်း စိတ်အစဉ်တို့က ရေးဆီသို့သာ အပြေးသွားနေလေ၏။ Drip ပိုက်ဖြုတ်ပြီးသော်လည်း အခန်းထဲမှ သူထွက်ခွင့်မရ။ နေ့လယ် (၂)နာရီကျော်ကျော်မှာ သုခနှင့်ချမ်းသာ သူ့အခန်းထဲပြန်ရောက်လာလေသည်။

"သုခ. . . ရေးအခြေအနေ"

"အေး. . . Operation ပြီးသွားပြီ။ အားလုံးကောင်းပါတယ်ပြည့်ရ။ ဘယ်လက်ကျိုးသွားတယ်။ ခေါင်းကိုခွဲရတယ်။ ခုတော့ သတိမရသေးဘူး။ ကိုမိုးဒေဝါရောက်နေပြီ"

"ငါသွားကြည့်ချင်တယ်"

"မသွားနဲ့ဦးလေကွာ။ သူမှသတိမရသေးဘဲ"

❀

သူမ ငိုရှိုက်ချလိုက်မိ၏။ ကိုကိုတော့ဖြင့် ရေးအပေါ်မှာ ရက်စက်လေပြီ။ ဤကမ္ဘာလောကကြီးထဲမှာ ရေးအပြင် တခြားဘယ်သူ့အပေါ်ကိုမှ သံယောဇဉ်မတွယ်ပါဘူးဟု ပေးထားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ကတိကိုဖြင့် လွယ်လွယ်နှင့်ဖျက်လေပြီကော။ တောက်! အဲဒါ ဟို မိန်းမ နန်းချယ်ရီကြောင့်. . . ဒင်းမြှူစွယ်လို့ ငါ့ကိုကို ဒင်းနောက်ကောက်ကောက်ပါသွားရတာ။ မုန်းတယ်. . . သိပ်မုန်းတယ်။ ရင်ထဲမှာ ခါးသက်စွာကို မုန်းတီးမိတာအမှန်ပါ။

သူငယ်ချင်းတွေနှင့် ဆင်တူဝယ်ထားသည့်ကျောပိုးအိတ် သွားညိုရောင်လေးထဲသို့ လိုအပ်သည့်ပစ္စည်းအနည်းငယ်ကို ထည့်လိုက်၏။ ဒီလ မုန့်ဖိုးမတောင်းရသေးတာမို့ ငွေကအနည်းငယ်သာ ရှိတော့သည်။ ကိစ္စမရှိပါ။ ဝတ်ထားသည့် လက်ဝတ်လက်စားတွေ ထုခွဲရင် ငွေဆိုတာဖြစ်လာမှာပဲလေ။ အဝေးပြေးဂိတ်မှာ မှန်လုံကားစီးနိုင်ဖို့ လောက်ငှရင်ပြီးတာပဲ။ ဒီလောက်. . . ရေးအပေါ် သံယောဇဉ်မရှိတော့သည့်ကိုကိုနဲ့ တစ်အိမ်တည်းအတူနေနေလို့လည်း သူမစိတ်က ကြည်နူးချမ်းသာမှာမှမဟုတ်တော့ဘဲ။

ရန်ကုန်သွားမည်။ (. . . . . .)အဆောင်မှာနေ၍ ကျောင်းတက်နေသည့်ပုလဲနှင့်အတူ သွားနေတော့မည်။ ဒါမှ ကိုကို့မျက်စိအောက်ကလွတ်မှာ. . .။ သူမကိုကျ အစစအရာရာချုပ်ချယ်ထားပြီး သူကျ သူလုပ်ချင်ရာလုပ်၊ သူချစ်ချင်သည့်လူကို ချစ်သွားမှတော့ ရေးလည်းလုပ်ချင်တာလုပ်၍ ချစ်ချင်သည့်လူကို ချစ်တော့မည်။





ရုတ်တရက်သတိရသွား၍ မှတ်စုစာအုပ်သေးသေးလေးကို အလျင်အမြန်ရှာလိုက်၏။ အင်း. . . ဒီစာအုပ်မပါလို့မဖြစ်ဘူး။ ဒီစာအုပ်ထဲမှာ သူမ၏နှလုံးသားလေး ရှိနေသည်လေ။ ဟင်း. . . သူမတို့သူငယ်ချင်းတစ်အုပ်စုလုံး အသည်းခိုက်အောင် ချစ်နေသည့် လူတစ်ယောက် ရန်ကုန်မှာရှိနေသည်မဟုတ်ပါလား။ အနက်ရောင် အဖုံးလေးနှင့် လက်ဝါးပြင်အရွယ်လောက်ရှိသည့်စာအုပ်သေးသေးလေးကို ဗီရိုအပေါ်အံဆွဲအောက်ထောင့်မှာ တွေ့လိုက်ရသဖြင့် အမြန်ယူ၍ဖွင့်လိုက်၏။

**"စာရေးဆရာ ငြိမ်းချမ်းပြည့်စုံ**

**အမှတ် (. . . . . . . .)၊ ကျောင်းကုန်းလမ်း၊**

**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့"**

ကဲ. . . ဒါလေးရှိလို့ကတော့ သူ့ထံကိုရောက်ပြီပေါ့။ ဘယ်သူငယ်ချင်းမှမရောက်သေးသည့်နေရာကို သူမ,မရောက်ရောက်အောင်ကို သွားရဦးမည်။ သူငယ်ချင်းတွေ မရင်းနှီးသေးသည့်သူနှင့် ရင်းနှီးခွင့်ရအောင်လုပ်မည်။ ဟိုတစ်လမဂ္ဂဇင်းထဲမှာ သူ့ Interview နှင့်အတူပါလာသည့်သူ့ပုံကို မြင်ဖူးလိုက်တာမို့ သူမတို့အုပ်စု သည်းသည်းလှုပ် ရင်ခုန်ခဲ့ကြတာအဟုတ်။ ရွှတ်ခနဲလုနမ်းကြသဖြင့် မှု



www.burmeseclassic.com

www.burmeseclassic.com



ပုံပါသည့်စာမျက်နှာပြသွားသဖြင့် စာအုပ်ဆိုင်ကို စာအုပ်ဖိုးလျော်ကြေးပေးခဲ့ရတာက အထင်ကရ။

ဟုတ်တယ်. . . ရန်ကုန်ကိုရောက်မှတော့ သူ့ဆီကိုရောက်မှာမလွဲပါဘူးနော်။

ဆံပင်တွေကို သုံးလေးချက်ဖြီး၍ ခုတင်ထက်တင်ထားသည့် ကျောပိုးအိတ်လေးထဲကို စာအုပ်လေးထည့်၍လွယ်လိုက်သည်။ ကြိုးမျှင်မျှင်လေးတွေပါသည့်ဖိနပ်ဖြူလေးကို လှလှပပလေးစီး၍ အခန်းထဲမှထွက်ကာ တံခါးကိုပြန်ပိတ်လိုက်၏။ ကိုကို ပွဲရုံကိုမသွားသေးဘူးထင်ပါရဲ့။ ဆင်ဝင်အောက်မှာ အဆင်သင့်ရပ်ထားသည့်ကားကို မြင်နေရသည်။ ဟွန်း. . . ရေးသွားချင်ရာ သွားတော့မယ်ကိုကိုရေ။ ခုမှတော့ လာတားမနေနဲ့တော့။ ရေးစိတ်ကိုသိရဲ့သားနဲ့။ ရေးကန့်ကွက်ထားတဲ့ကိစ္စကို ရှေ့ဆက်တိုးရဲတဲ့ကိုကို့ကို စိတ်နာသည်။ ဟုတ်တယ်. . . ရေးထက်ပိုချစ်ရမယ့်သူတွေ့သွားမှတော့ ကိုကို့ကို ရေးမချစ်တော့ဘူး။ ဒါပဲ. . .

လှေကားမှ အပြေးဆင်းလာခဲ့စဉ် breakfast စားအပြီး အတွင်းခန်းမှ ထွက်လာသည့်ကိုကိုနှင့် လှေကားရင်းမှာ တန်းတိုးတော့သည်။





"ရေး. . . ဘယ်လဲ"

သူမဘာမှပြန်မဖြေဘဲ တိုက်ရှေ့ဘာဂျာတံခါးကိုဆွဲဖွင့်လိုက်၏။ ရင်ထဲမှာ ဝမ်းနည်းတာရော၊ ဒေါသဖြစ်တာပါစုပြုံ၍ ငိုချင်ချင်ဖြစ်လာတော့သည်။ ဟင့်အင်း. . . ကိုကို့ကို ရေး,စကားမပြောချင်တော့ဘူး။

"ရေး. . . ကိုကိုမေးနေတယ်လေ"

ကိုကိုက သူမလက်မောင်းကို ဖျတ်ခနဲဆွဲ၍ ထပ်မေးလိုက်သဖြင့် သူမ, ကိုကို့လက်ကိုပုတ်ချ၍ ရုန်းထွက်လိုက်သည်။

"ရေး"

"ဘယ်လဲလို့မေးမနေနဲ့။ ခြေဦးတည့်ရာသွားပြီ. . . ဒါပဲ"

"ရေး. . . အဲဒီလိုစိတ်လိုက်မာန်ပါမလုပ်ရဘူးလေ။ ကိုကို့ကိစ္စကို ရေးနားလည်အောင် ရှင်းပြပေးပြီးပြီမဟုတ်လား။ ရေးက အရမ်းခေါင်းမာတာပဲ။ ဘာမှနားလည်မပေးဘူး"

"အင်းလေ. . . ဒီလောက်ခေါင်းမာတဲ့ရေးကို ကိုကိုမချစ်တော့ဘူးမဟုတ်လား။ ဒါကြောင့် ရေးထက်ပိုချစ်ရမယ့်သူကို ကိုကိုရှာခဲ့တာပေါ့။ ရပါတယ်. . . ကိုကို။ ကိုကိုတောင်မှ ရေးကိုဥပေက္ခာပြုပြီး ဘဝခရီးကိုဆက်လျှောက်ဖို့ လက်တွဲဖော်ရှာပြီးခဲ့ပြီပဲ။ ရေး



www.burmeseclassic.com

www.burmeseclassic.com



က ကိုကို့ဘဝမှာ လိုမှမလိုအပ်တော့တာ။ ဒီတော့. . . ရေးလည်း ရေး ဘဝကို ရေးဆက်လျှောက်ဖို့ အကောင်အထည်ဖော်ပြီ။ ရေး မမြင်ချင်တဲ့၊ မတွေ့ချင်တဲ့၊ မပတ်သက်ချင်တဲ့သူစိမ်းတစ်ယောက် နဲ့ တစ်မိုးတည်းအောက်မှာအတူမနေနိုင်ဘူး။ ရေးဖာသာရေး ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ဆုံးဖြတ်ပြီးပြီ။ ကိုကိုမတားပါနဲ့။ မလိုအပ်တော့ဘူးလို့ သတ်မှတ်လိုက်ပြီဖြစ်တဲ့ သွေးသားအရင်း အချာတစ်ယောက်ကို ကိုကိုသံယောဇဉ်ဖြတ်နိုင်ပြီပဲ. . . ဖယ်"

"ရေး. . . မသွားရဘူး။ ကိုကိုပြောမယ်. . . ရေးကိုချစ်တဲ့ အချစ်၊ ရေးအပေါ်ထားတဲ့မေတ္တာနဲ့ ချယ်ရီပေါ်ထားတဲ့မေတ္တာရဲ့ အတိမ်အနက်ကို ရေးနားမလည်သေးလို့ပါကွယ်။ အချိန်တန်တော့ ဒီမေတ္တာမျိုးကို ရေးနားလည်လာမှာပါ။ လိမ္မာပါတယ်. . . ရေး ရယ်။ ကိုကို့စကားကိုနားထောင်နော်။ ရေး အရမ်းငယ်သေးတယ်။ တစ်ယောက်တည်းလျှောက်သွားနေရင် အန္တရာယ်တွေ အများကြီး နဲ့တွေ့မှာ. . . ရေးရဲ့. . . နော်. . . မသွားပါနဲ့ညီမလေးရယ်"

"မတားနဲ့. . . ခုမှလာတားမနေနဲ့။ ကိုကိုမှ ရေးကိုမချစ် တော့တာ။ ခုချိန်မှာ ဘာမှပြောမနေနဲ့တော့။ ကိုကို့ကို ရေး မချစ် တော့ဘူး။ ပြီးတော့. . . ပြီးတော့. . . စိတ်နာတယ်။ ဒီဘဝမှာ





ကိုကိုနဲ့ဘယ်တော့မှပြန်မဆုံချင်တော့ဘူး။ ကိုကို့ကိုမုန်းတယ်၊ သိပ် မုန်းတယ်။ ခါးခါးသီးသီးကိုမုန်းတယ်"

"ရေး. . . မသွားနဲ့. . . ရေး"

သူမမျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလျက် ခြံပြင်သို့ပြေး ထွက်လာခဲ့၏။ အနောက်မှတဖုတ်ဖုတ်ပြေးလိုက်လာသည့် ခြေသံ ကိုကြားသော်လည်း လုံးဝလှည့်မကြည့်တော့ပေ။ လမ်းမပေါ်မှာ လာနေသည့် Taxi တစ်စီးကိုလှမ်းတား၍တက်ကာ အဝေးပြေးသို့ မောင်းခိုင်းလိုက်စဉ် မတ်တတ်ရပ်ကျန်ခဲ့သည့်ကိုကိုပုံစံကို တွေ့ရ လေ၏။ ကောင်းတယ်. . . ခုမှလာတားမနေပါနဲ့။ ကိုကိုတောင်မှ ရေးကိုမချစ်တော့တာ။ ရေးလည်း ကိုကို့ကိုမချစ်တော့ဘူး။ ဘယ် တော့မှမချစ်တော့ဘူး။

မျက်ရည်တို့ကသာ အစဉ်တစိုက်စီးကျနေလေ၏။ လမ်းတစ် ဝက် ကားဂိတ်မှာ ကားရပ်စောင့်နေသည့်နေခြည်ကို ရုတ်တရက် မြင်လိုက်ရလေ၏။

"ဦးလေး ခဏရပ်ပါဦး"

"အေးအေး"

ဂိတ်ကျော်ကျော်မှာ ထိုးရပ်သွားသည့် ကားပြတင်းမှနေ၍က်



www.burmeseclassic.com

www.burmeseclassic.com



ကိုလှည့်၍အော်လိုက်၏။

"နေခြည်. . . ဟေ့. . . နေခြည်"

"ဟယ်! ရွှက်ဝါ"

"ဘယ်သွားမလို့လဲ"

"ငါ့ကို အိမ်က အဝေးပြေးမှာ လက်မှတ်ဝယ်ခိုင်းလိုက်တာ။ အဲဒါသွားမလို့"

"ဟုတ်လား. . . ဒါဆို ရေးနဲ့လမ်းကြုံတယ်။ လိုက်ခဲ့လေ. . . လာ"

"အေး"

နေခြည်က သူမနှင့်အတူ နောက်ခန်းမှာပင် ဝင်ထိုင်လိုက်လေ၏။ ကားပေါ်ရောက်သည်နှင့် သူမက အိမ်ပေါ်မှဆင်းလာသည့်အကြောင်းကို ဖောက်သည်ချလေတော့သည်။

"ဟယ်. . . နင်ကလည်း အဲဒီလိုစိတ်လိုက်မာန်ပါမလုပ်ရဘူးလေ။ အန္တရာယ်ရှိကရှိနဲ့. . . နင်တစ်ယောက်တည်း ရန်ကုန်သွားလို့မဖြစ်ဘူးဟဲ့"

"မဖြစ်,ဖြစ်ဖြစ်ဟာ. . . ငါက ဘူးဆို ဖရုံမသီးတတ်တာ နင်တို့အသိဆုံးပဲ။ နောက်ကို ဘယ်တော့မှပြန်လှည့်မကြည့်တတ်ဘူး"





"နင်ကလည်းဟယ်. . . ဒီလိုလုပ်ပါလား။ စစ်ကိုင်းဘက်က ငါ့အစ်မအိမ်မှာ ခဏသွားနေလိုက်ပါလားဟာ။ နောက်နှစ်ရက်နေရင် ရန်ကုန်ကို ငါတို့သွားမှာဟဲ့။ အဲဒီတော့ နင်တစ်ခါတည်းလိုက်ခဲ့ပေါ့။ ငါ့အိမ်မှာ နင်လာနေရင် နင့်အစ်ကိုပြန်မိမှာ သေချာတယ်"

"အင်း. . . မဆိုးပါဘူး။ နင့်အစ်မဆိုတာ မပြုံးကိုပြောတာလား"

"အေး. . . ဟုတ်တယ်။ နင် သိပ်ချစ်တယ်လို့ပြောတဲ့ပါးချိုင့်လေးနဲ့အစ်မလေဟယ်"

"အင်း. . . သွားမယ်။ ဦးလေး. . . စစ်ကိုင်းဘက်ကို တစ်ခါတည်းသွားလို့ရမလား"

"ရတော့ရမယ်သမီးရဲ့။ ဒါပေမဲ့ ဆီတော့ထပ်ထည့်ဖို့လိုမယ်"

"လမ်းမှာပဲဝယ်ထည့်လို့ရရင်ထည့်လေ။ ကျွန်မ ဓာတ်ဆီဖိုးပေးမှာပါ"

"ရပါတယ်သမီးရဲ့"

"နင်. . . မှောင်မလား"

"ဟိုရောက်မှ မေမေ့ကိုဖုန်းပြန်ဆက်လိုက်မယ်ဟာ။ လက်မှတ်က အရင်မှမလိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ပြီးရော”

ဦးလေးကြီးက ဆီဆိုင်မှာ ဆီဝယ်ဖြည့်ပြီး ခရီးကိုဆက်ထွက်ခဲ့၏။ ချောက်ကမ်းပါးတွေ၊ သစ်ပင်ကြီးတွေ များလာသဖြင့် ခပ်ဖြည်းဖြည်းနှင့်မှန်မှန်သာ မောင်းခဲ့သည်။

“ဟဲ့. . . ငါမေ့နေလိုက်တာ။ ငါတို့အသည်းဓာတ်ပုံ ငါရထားတယ်ဟဲ့”

“ဟင်. . . ဘယ်ကရတာလဲ။ နင်စာရေးတောင်းလိုက်တာလား”

“အဲဒီလိုတော့ ဘယ်ရမလဲဟဲ့။ ဒီလိုပဲ အဆက်အစပ်နဲ့ရှာရတာပေါ့။ မျက်နှာအနီးကပ်ပုံ. . . သိလား။ အရမ်းချောတာပဲ။ နေဦး. . . ငါ့အိတ်ထဲပါသလားမသိဘူး”

သူမနှုတ်ခမ်းစူလျက် အူတွေတိုလာတော့၏။ လူချင်းတွေ့ဖို့ အကောင်အထည်မပေါ်သေးခင် နေခြည်က ဓာတ်ပုံတောင်ရသွားပါရောလား. . . မနာလိုလိုက်တာနော်။

“ပါတယ်ဟဲ့. . . ဒီစာအုပ်ထဲညှပ်ထားတာ”

“ပြစမ်း”

“နင်ကြည့်ရုံပဲကြည့်နော်. . . ရွှက်ဝါ။ အပိုင်တော့မပေးနိုင်





ဘူး။ နင်လိုချင်ရင် ဓာတ်ပုံဆိုင်မှာသွားကူး”

“အေးပါ”

သူမ, နေခြည့်လက်ထဲမှဓာတ်ပုံကို ဆတ်ခနဲလှမ်းယူလိုက်၏။ ကြည့်စမ်း. . . မျက်ခုံးတွေက စိမ်းဖန့်ဖန့် နက်မှောင်နေတာ ရှင်းသန့်ချောမောနေလိုက်တာများ. . .

မေးရိုးကျတာကအစ သိပ်ယောကျ်ားပီသတာပဲ။

“ရွှတ်”

“ဟယ်. . . မိန်းမ. . . လုပ်လာပြီ။ ငါ Plastic မလောင်းရသေးဘူးနော်။ ကွက်ကုန်တော့မှာပဲ. . . ပြန်ပေး”

“ဟင့်အင်း. . . ငါယူလိုက်ပြီ”

“မလုပ်နဲ့. . . ရွှက်ဝါရယ်”

“တကယ်ယူမှာ. . . ငါ, သူ့ကိုသိပ်ချစ်တာဟ”

“နင်ကလည်း ပြန်ပေးဟယ်”

နေခြည်က ပြန်လုသဖြင့် သူမ ဓာတ်ပုံကိုမြှောက်ရှောင်စဉ် ဖွင့်ထားသည့်ပြတင်းပေါက်မှ တိုးလာသည့်လေနှင့်အတူ ဓာတ်ပုံက လွင့်ပါသွားလေ၏။

“ဟယ်. . . လွင့်သွားပြီ။ ဒုက္ခပဲ”



www.burmeseclassic.com

www.burmeseclassic.com



“sorry နေခြည်။ ငါပြန်ကောက်ပေးပါ့မယ်။ ဦးလေးရေ. . . ကားခဏလောက် ရပ်ပေးပါဦး”

ကျွီခနဲရပ်သွားသည့်ကားပေါ်မှ သူမ ဆင်းလိုက်ပြီး ခပ်လှမ်းလှမ်းမှာကျနေသည့်ဓာတ်ပုံရှိရာဆီ ပြေးလာခဲ့၏။ တောင်ကွေ့မို့ လေက ဟူးခနဲတိုက်သဖြင့် ဓာတ်ပုံလေးက တော်တော်ဝေးဝေးကို ထပ်လွင့်သွားပြန်သည်။

ဒုက္ခပါပဲ. . . ချောက်ထဲကျသွားမှအခက်။

သူမ ဓာတ်ပုံလေးကိုကောက်လိုက်စဉ် သူမနံဘေးမှာ ကုန်ကားတစ်စီးဖြတ်မောင်းသွားပြီး တောင်ကွေ့နားကွေ့စဉ် ဒုန်းခနဲအသံကို ကြားလိုက်ရလေ၏။

“ဘုရား! ”

သူမ အလန့်တကြားဖြင့်ကြည့်လိုက်စဉ် နေခြည်တို့ရှိနေသည့်ကားလေးကိုမတွေ့ရတော့။ ဘုရားရေ. . . ဘယ်ရောက်သွားတာလဲ။ သူမအပြေးလာခဲ့စဉ် ချောက်ထဲမှ ဝုန်းခနဲမြည်သံကြီးနှင့်အတူ မီးတောက်တွေရော၊ မီးခိုးလုံးကြီးပါ လိမ့်တက်လာလေတော့သည်။ ဘုရား. . . ဘုရား. . . ကားက ချောက်ထဲကျသွားပြီ။ နေခြည်. . . နေခြည် ပါသွားပါရောလား။





“နေခြည်ရေ. . . အား”

သူမ လမ်းနံဘေးမှာ ပုံခနဲလဲကျသွားစဉ် ရန်ကုန်သို့ဦးတည်ထားသည့်မှန်လုံတစ်စီးက သူမဘေးမှာ ရပ်သွားလေ၏။ ကားပေါ်မှ လူနှစ်ဦးဆင်းလာပြီး သူမကိုကားပေါ်ပွေ့ချီတင်လိုက်လေသည်။

သတိရအောင်ပြုစုပေးကြစဉ် သူမနှုတ်မှ အသံတီးတိုးထွက်လာ၏။

“ကိုကို. . . ကိုကို”

“ဘယ်က ကိုကိုလဲ”

“ကိုကိုပြည့်စုံ”

“ဘယ်မှာနေသလဲ ကလေးမ”

“ရန်ကုန်. . . ရန်ကုန်”

“အေးအေး. . . ဘဘတို့ကားက ရန်ကုန်ကိုသွားနေတာပဲ။ ရေသောက်လိုက်ဦး။ ဘာကိုမြင်ပြီး လန့်သွားတာလဲမသိပါဘူး”

ဘကြီးတစ်ယောက်နှင့် ဒေါ်ကြီးတစ်ယောက်က သူမကို ရေဘူးဖွင့်တိုက်၍ ချော့မော့ပြောလေ၏။

ရင်တုန်တုန်ဖြင့် မေ့ခနဲပြန်အိပ်ပျော်သွားပြီး၊ သတိရတော့သူမ ဆေးရုံပေါ်မှာရောက်နေလေသည်။ ကတ္တရာလမ်းနှင့်ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



မိသွားသည့်နောက်စေ့က နာကျင်လျက် ခေါင်းတွေက မူးနောက်နေတော့၏။

❁

"အား. . ."

"ရေး. . . ရေး. . . သတိထားလေ"

မျက်စိကို ဖျတ်ခနဲဖွင့်လိုက်စဉ် ဘွားခနဲမြင်လိုက်ရသည်က ကိုကို့မျက်နှာ. . .

"ကိုကို. . . ကိုကို"

"ရေး. . . သတိရပြီလား။ ဝမ်းသာလိုက်တာညီမလေးရယ်"

"နေခြည်. . . နေခြည်. . . ကားထဲပါသွားပြီ။ ကားကြီးချောက်ထဲကျပြီး မီးလောင်သွားပြီကိုကိုရဲ့။ အား. . . ကြောက်စရာကြီး"

သူမအားကိုးတကြီးဖြင့် ကိုကို့ကိုလှမ်းဆွဲတော့ ကိုကို့က သူမကို ရင်ခွင်ထဲမှာ အလိုက်သင့်ထွေးပွေ့ထားလေသည်။ တော်ပါသေးရဲ့။ အတိတ်ကိုပြန်သတိရသွားပါရောလား။ ကိုကို့ကိုပြန်မှတ်မိတဲ့





အတွက် ဝမ်းသာလိုက်တာရေးရယ်။

မိုးဒေဝါ, ညီမဖြစ်သူ၏ပတ်တီးစည်းထားသည့်နဖူးလေးကို ငုံ့မွှေးလိုက်လေသည်။

"ကိုမိုးဒေဝါ"

"ဟော. . . ကိုချမ်းသာတို့ပါလား။ ကိုပြည့်စုံရော"

"ရှိတယ်"

"သူဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး။ အိပ်ရေးတွေပျက် အားနည်းနေတဲ့အချိန် shock ဖြစ်သွားတာပါ။ ရေးကိုလာကြည့်ချင်လို့တဲ့"

"လာပါစေလေဗျာ၊ ရေးသတိရနေပါပြီ။ ခေါ်လာခဲ့လေ"

"ဟုတ်ကဲ့"

သူ, သုခတို့နှစ်ယောက်နှင့်အတူ သူမရှိရာအဆောင်သို့လာခဲ့၏။ အခန်းဝမှလှမ်းကြည့်လိုက်စဉ် ခေါင်းမှာရောလက်မှာပါ ပတ်တီးအဖွေးသားနှင့် သူ၏ချာတိတ်မလေးကို မြင်လိုက်ရလေသည်။

"ရေး"

"ဟင်! "

သူမကိုခေါ်လိုက်သဖြင့် ခုတင်ပေါ်လှဲနေရာမှ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



စဉ် လူရည်သန့်တစ်ဦးက သူမအနီးသို့ရောက်လာပြီး သူမ၏လက်ချောင်းသွယ်သွယ်လေးကို ဆုပ်ကိုင်လိုက်လေသည်။

"အို. . . ဘာလုပ်တာလဲ"

"ရေး. . . ကိုယ်လေ. . . ပြည့်စုံလေ, ရေးရဲ့. . . ရေးရဲ့"

"ဟင့်အင်း. . . မသိဘူး. . . မသိဘူး။ ရှင့်ကို ရေးမသိဘူး။ ဖယ်ဖယ်. . , ကိုကိုပြောပါဦး။ ရေးမသိဘဲ ရေးနားကိုရောက်နေပြီ"

"ဟင်"

သူအပါအဝင် သုခရော၊ ချမ်းသာပါ ကွက်ခနဲမျက်နှာပျက်သွားကြလေ၏။ ဗုဒ္ဓေါ! ဘုရားကယ်ပါ။ ရေးတော့. . . ရေးတော့ အတိတ်ကိုပြန်သတိရပြီး သူတို့ကိုမေ့သွားလေပြီကော။

"သေချာကြည့်ပါဦး. . . ရေးရဲ့။ သူ့ကို ရေး, ရင်းရင်းနှီးနှီးသိနေပါတယ်။ မျက်နှာကိုသေချာကြည့်ဦးလေ"

"ဟင့်အင်း, မသိပါဘူးဆို. . . ကိုကိုကလည်း"

မိုးဒေဝါ အားနာစွာဖြင့် သူ့ကိုကြည့်လာလေ၏။ သူ ထိတ်လန့်စွာဖြင့် ခုတင်နောက်သို့ဆုတ်လျက် နံရံကိုမှီထားလိုက်မိသည်။

တကယ်ပါပဲ။ တကယ့်ကို ရေး, သူ့ကိုမမှတ်မိတော့တာပါ





လား။ စိမ်းသက်သည့်မျက်ဝန်းတို့ဖြင့် သူမ၏အကြည့်တို့က သူ့ထံရောက်လာလေသည်။ ထိုအကြည့်တွေထဲမှာ ယခင်က အရည်လဲ့နေသည့်သံယောဇဉ်ရိပ်တစ်စွန်းတစ်စလေးမှ မပါရှိလေခဲ့။

ဖြစ်ရလေ ရေးရယ်. . .

ကိုယ်နဲ့ပတ်သက်ပြီး ကိုယ့်ကိုရော၊ ကိုယ့်ပတ်ဝန်းကျင်ကိုပါ ရေးရောက်လာခဲ့တဲ့ ဒီသုံးလတာကာလလေးကို အပြီးတိုင်မေ့သွားပါရောလား။

ရင်ထဲမှာ စူးအောင့်လာမှုနှင့်အတူ သူ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့အိုင်ထွန်းလျက် အမြင်တွေ ဝေဝါးသွားရတော့သည်။

ရက်စက်လိုက်တာ ကံကြမ္မာရယ်. . .

တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင် သံယောဇဉ်နှောင်တွယ်ခဲ့တဲ့လူသားနှစ်ဦးကို အဝေးဆုံးရောက်အောင် ဆွဲခွာတွန်းပို့ရက်ခဲ့ပြီလား။

"ကိုပြည့်စုံ. . . ကျွန်တော်တောင်းပန်ပါတယ်ဗျာ။ ရေးဟာ အတိတ်ကိုပြန်သတိရပြီး ဖြစ်ပျက်ခဲ့တဲ့ကာလအပိုင်းအခြားလေးကို. . ."

"ပြည့်စုံ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးဒေဝါ စကားမဆုံးခင် အခန်းထဲမှ သူပြေးထွက်လာခဲ့၏။

လောကကြီးရယ်. . . ဒီကမ္ဘာမှာ ကိုယ်ချစ်မြတ်နိုးနေမိတဲ့ မိန်းကလေးတစ်ယောက်က ဥပေက္ခာပြုသွားပြီးတဲ့နောက် ဟောဒီလောကကြီးမှာ အသက်ရှင်ရပ်တည်နေလို့လည်း. . . အပိုပါပဲ။

❁ ❁ ❁



## အခန်း ( ၁၈ )

အခန်းတံခါးကို ဂလန့်ပိတ်၍နေဖြစ်၏။ ပေါက်ကွဲထွက်တော့မည့်သကဲ့သို့ဖြစ်နေသည့် ရင်တွင်းမှခံစားချက်တို့က ပူလောင်လွန်းလှသည်။ မငိုဘူးဟုအားတင်းနေလျက်မှ မျက်ရည်တို့က တသွင်သွင်စီးကျနေသဖြင့် မျက်လုံးတွေကျိန်းစပ်၍ မျက်ခွံတို့က ဖောင်းမို့နေ၏။

ဘာကိုမှမလုပ်ချင်မကိုင်ချင်။ လူက ခုတင်ပေါ်မှာ ငုတ်တုပ်ထိုင်လျက် အိပ်မပျော်စားမဝင်ခဲ့တာ ဘယ်နှနေ့ ဘယ်နှည ရှိနေခဲ့ပြီလဲ။ သူ့ကို ဘယ်သူမှမကယ်နိုင်တော့ဘူးလား။ ဘယ်သူမှလည်း



www.burmeseclassic.com

www.burmeseclassic.com



ကူညီလို့မရနိုင်တော့ဘူးပေါ့။ ကိုယ့်ကိုယ်ကိုထိန်းချုပ်နိုင်ခဲ့တဲ့စိတ် အစဉ်ကတော့ဖြင့် ယခုတော့ လွင့်ချင်ရာလွင့်၊ သွားချင်ရာသွား နေလေပြီ။

ဒါဟာ ပြည့်စုံတဲ့လား။ လူငယ်ပရိသတ်ရဲ့အသည်းစွဲစာရေး ဆရာငြိမ်းချမ်းပြည့်စုံတဲ့လား။ စွန့်စားခန်းတွေရေး၊ စုံထောက်ဇာတ် လမ်းတွေဖွဲ့၊ ဇာတ်ကောင်စရိုက်တွေက Hero ပုံစံတွေသာ ဖန်တီး ခဲ့တာ။ ဒီကလောင်နဲ့ ပရိသတ်ရဲ့ရင်ကိုမွှေနှောက်ခဲ့တာ။ ပရိသတ် အသည်းစွဲကလောင်တစ်ခုကိုပိုင်ဆိုင်ခဲ့တာ။ ခုတော့. . . ခုတော့ အဲဒါတွေကို ဘာတစ်ခုမှအလိုမရှိတော့ပြီ။

စီးကျလာသည့်မျက်ရည်တွေက မေးစေ့မှတစ်ဆင့် ရင်ဘတ် ပေါ် ပေါက်ခနဲကျသွားလေသည်။ ဖျတ်ခနဲ မျက်နှာကိုပင့်လိုက်စဉ် မှန်ထဲမှာ အရိပ်တစ်ခုပေါ်လာလေ၏။ နှုတ်ခမ်းမွှေးတွေ၊ မုတ် ဆိတ်မွှေးတွေ၊ ပါးမြိုင်းမွှေးတွေ၊ ခပ်ရေးရေးပေါက်နေပါသည့် မျက်နှာတစ်ခု။ ရင့်ကျက်တည်ငြိမ်ခြင်းတွေ အလျဉ်းမရှိတော့သည့် ညည်းသိုးသိုးပုံစံကို ပြန်ကြည့်နေမိသည်။

ရေးရယ်. . . ရေးချန်ထားရစ်ခဲ့တဲ့နေရာမှာ ကိုယ်ကျန်နေ ခဲ့တာကြာပြီ။ ရေး, ဥပေက္ခာပြုထားခဲ့တဲ့အရပ်မှာ ယခုတိုင်အသက်





ရှင်နေပါလျက် ဒါဟာ သူမဟုတ်တဲ့ လူတစ်ယောက်ပါလေ။ ခပ် တင်းတင်းဆုပ်ကိုင်ဖက်တွယ်ခဲ့တဲ့ ရေးရဲ့လက်လေးတွေကိုသတိရ တယ်။ ဖျတ်ခနဲ ကိုယ့်မေးဖျားကို နမ်းရှိုက်ခဲ့ဖူးတဲ့အနမ်းလေးတွေ ကိုလွမ်းတယ်။ ကိုကိုဟု တဖွဖွရေရွတ်ခဲ့ဖူးတဲ့ ရေးရဲ့ခေါ်သံလေး တွေကို တမ်းတနေတာတွေကို ရေးသိနိုင်မလား။

ဩော်. . . ရေး ရယ်။ ကိုကို, ရေးကိုလွမ်းလွန်းလို့ မကြာခင် သေတော့မယ်ဆိုတာကို ရေးသိအောင်ပြောခွင့်မရှိတော့ဘူးထင် ပါရဲ့။

"ဒေါက်!. . . ဒေါက်! "

"သား. . . ရေမိုးချိုးတော့လေ။ ပြီးရင်သွားကြစို့။ ကားက (၉)နာရီစထွက်မှာ၊ အခုပဲ (၈)နာရီထိုးတော့မယ်. . . မြန်မြန်လုပ်"

ဖေဖေ့အသံက အခန်းပြင်မှပေါ်လာသဖြင့် သူတွန့်ခနဲဖြစ် သွားရပြီး သတိဝင်သွားလေ၏။

"လိုက်ခဲ့ဖို့ မငြင်းပါနဲ့သားရယ်. . .။ ဒီမှာနေနေရင် သားက ကလေးမကို ပိုပြီးသတိရနေမှာ။ မေမေတို့နဲ့ ရွာကို စိတ်ပြေလက် ပျောက်လိုက်ခဲ့ချည်။ ရွာမှာ စုပေါင်းရှင်ပြုပွဲရှိလို့ မောင်သုခတို့ပါ လိုက်ဖို့ပြင်နေပြီ. . . ထထ"



www.burmeseclassic.com

www.burmeseclassic.com



"သားရေ. . . နဖူးစာမှန်ရင် တစ်နေ့ပြန်ဆုံရမှာပဲ။ စိတ်တွေ ဒီလောက်ထိခိုက်ခံစားမနေနဲ့။ ယောကျ်ားပဲ. . . အားတင်းမှပေါ့ ကွ။ ငါ့သားကလည်းကွာ. . . စာထဲရေးတော့ဖြင့် သူ့ဇာတ်လိုက်တွေ က တကယ့်ကျားကိုးစီးစားမကုန်တဲ့ Hero တွေ။ တကယ်တမ်း အပြင်ကလူကဖြင့် စိတ်ပျော့လိုက်တာမှပြလို့။ အပြင်မှာဆူးရှိလို့ မာမယ်ထင်ပြီး. . . ခွဲကြည့်မှ ပျော့နေတဲ့ပိန္နဲသီးပုံပေါက်နေပြီ တ ကတည်း. . ."

ဖေဖေ့စကားကြောင့် တီးတိုးရယ်လိုက်ကြသည့် သုခတို့အသံ ကိုကြားနေရသည်။

အခန်းတံခါးကို သူဆွဲဖွင့်လိုက်တော့. . . ဖေဖေက သူ့ကိုရပ် စောင့်နေလေ၏။

"ကိုယ့်ကိုယ်ကို မှန်ထဲရော. . . သေချာကြည့်ရဲ့လားပြည့်စုံ။ ဖေဖေ့သားဟာ ဒီလိုပစ်စလက်ခတ်နေတတ်တဲ့ယောကျ်ားမျိုးမှ မဟုတ်ဘဲ။ ဆံပင်တောင် နည်းနည်းရှည်လာတာနဲ့ အပြေးသွားညှပ် တတ်တဲ့လူတစ်ယောက်ပါ။ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုပစ်ထားရတာ တဲ့လဲ။ ရွာကိုပြန်ရောက်ရင် ဦးငြိမ်းအောင်၊ ဒေါ်မြကျေးရုံတို့ရဲ့သား စာရေးဆရာငြိမ်းချမ်းပြည့်စုံဆိုတာ ဒီလူလားလို့ အများမေးငေါ့ရ





အောင် သားမလုပ်ချင်ပါနဲ့။ ရေစက်ပါလို့ သားနဲ့ ဒီကလေးမလေး ဆုံခဲ့ရတာ။ အခြေအနေအရ ဝေးသွားပေမယ့် ရေစက်မကုန်ရင် တစ်နေ့ပြန်ဆုံရမယ်ဆိုတဲ့မျှော်လင့်ချက်လေးနဲ့ အသက်ရှင်စမ်းပါ သားရယ်။ ဘဝကို လက်တွေ့ခန်းလို့ သားပဲစာထဲထည့်ရေးခဲ့ဖူးတာ ပဲ။ လက်တွေ့ရင်ဆိုင်နေရတဲ့ဘဝကို ရဲရဲကြီးရင်ဆိုင်ရဲရမှာပေါ့။ ဒါမှ လောကသားပီသမှာပေါ့သားရာ"

"ကျွန်တော်. . . ကျွန်တော်. . . နောက်ကို ဒီလိုမနေတော့ပါ ဘူးဖေဖေ"

"ကတိပေးတာလား"

"ဟုတ်ကဲ့"

"ကဲ. . . သွားသွား။ ရေမိုးချိုးပြီး မျက်နှာကိုသန့်ရှင်းအောင် လုပ်။ သားမေမေ. . . သားရဲ့လိုအပ်တာတွေ သိမ်းပေးလိမ့်မယ်"

Taxi ဖြင့် အဝေးပြေးဂိတ်ကိုရောက်ခဲ့ပြီး မှန်လုံစီးကာ ရွာ ကိုပြန်ခဲ့၏။ လမ်းခရီးတစ်လျှောက်မြင်ကွင်းတို့ကို ပြတင်းပေါက်မှ ငေးမောလျက် လိုက်ပါလာရသည်။

ရေးရယ်. . . ဒီလိုမှန်းသာသိရင် ဒီရန်ကုန်ကို ကိုယ်မလာ ခဲ့ပါဘူး။ မိရိုးဖလာကိုင်းလုပ်ငန်းတွေကိုပဲ ဦးစီးပြီးလုပ်ဖြစ်ခဲ့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့. . . ရေးနဲ့ဆုံရဖို့ ဒီရန်ကုန်မှာ သူလာနေဖြစ်ခဲ့ရတာလေ။ ဩော်. . . ကိုယ့်ဘဝရဲ့ကြင်နာဖော်လေး. . . ရေးရယ်။

❁

ဝရန်တာမှာရပ်၍ ခြံရှုခင်းတို့ကိုငေးမောနေမိ၏။ ကျောက်ပတ်တီးစီးထားရသည့်ဘယ်လက်ကိုတော့ ယခုထိသိုင်းထားရဆဲ။ ခေါင်းမှချုပ်ထားသည့်ခွဲစိတ်ဒဏ်ရာကတော့ သက်သာနေလေပြီ။ လေညင်းနွဲ့နွဲ့က သူမထံသို့ပြေးဝင်တိုက်ခတ်လာ၏။ သက်ပြင်းငွေ့ငွေ့ကိုချလိုက်သည့်တိုင် ရင်ထဲမှာ ရှုပ်ထွေးနေသည့်ကိစ္စက မရှင်းလင်းသေး။

ညာလက်ဝါးလေးကို ဆုပ်ချည်ဖြန့်ချည်လုပ်လိုက်မိ၏။ ဒီလက်ကလေးကို ဟိုလူက ပိုင်ပိုင်ကြီးလာဆုပ်ကိုင်လိုက်တာ။ ရှိန်းခနဲထူပူလျက် သူမ ရုန်းဖယ်ငြင်းဆန်လိုက်တော့ ပျက်ယွင်းသွားပါသည့်သူ့မျက်နှာ၊ စိမ်းဖန့်ဖန့်မျက်ခုံး၊ ပေါ်လွင်သည့်နှာတံ၊ ပိရိသေသပ်သည့် အထက်အောက်ညီညာသောနှုတ်ခမ်း၊ မေးရိုးကျလှပသည့်မေးစေ့၊ နဖူးပေါ် ကပိုကရိုလေး ဝဲကျနေသည့်ဖြောင့်စင်း





သော ခပ်တိုတိုဆံပင်နက်များ. . .

ဘယ်သူလဲ. . . ရင်းရင်းနှီးနှီးကြီးကို သိနေမြင်ဖူးနေသလိုပဲ။ ဒါပေမဲ့. . . မည်သို့မျှစဉ်းစား၍မရ။ စဉ်းစားလိုက်တိုင်း ခေါင်းထဲက တစစ်စစ်နှင့်ကိုက်ခဲသည့်ဝေဒနာကို ခံစားရလွန်းသဖြင့် ဘာကိုမှမစဉ်းစားရဲ။ ဩော်. . . ကိုကို့ကိုပြန်ခံပြောမိတဲ့ ဝဋ်ဒုက္ခတွေကို ခံစားနေရတာလေ။

အတွေးဖြင့် မျက်ရည်တစ်ပေါက်စီးကျသွားစဉ် နန်းချယ်ရီက သူမနောက်ရှိစားပွဲပေါ်မှာ နွားနို့ပူပူနှင့်ပူတင်းပန်းကန်ကို လာတင်ပေးလေ၏။

"ညီမလေး ဘာဟင်းနဲ့ထမင်းစားချင်လဲဟင်. . . ဘာကြိုက်တတ်မှန်းမသိလို့ ဈေးထဲမှာတွေ့ရာ အကုန်ဝယ်လာခဲ့တာပဲ။ ဘာစားချင်လဲပြောပါ"

"အဆင်ပြေတာချက်ပါ မနန်း။ ရေးက အစားမရွေးပါဘူး"

"ဟိုလေ. . . ငါးသေတ္တာပေါင်းစားမယ်ဆိုပြီး တော်တော်များများဝယ်ခဲ့တယ်။ ညီမလေးက ငါးမကြိုက်ဘူးဆိုလို့"

"ရပါတယ်. . . ကျွန်မစားပါတယ် မနန်း။ တကူးတကကြီးသီးသန့်ချက်မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းအင်း. . . ဒါဖြင့် မနန်းသွားစီစဉ်တော့မယ်နော်"

"ကိုကို ဘယ်အချိန်ပြန်လာမှာလဲ"

"နေ့လယ်ထမင်းချိန် ပြန်လာမှာလေ။ ဘာမှာချင်လို့လဲ၊ ဖုန်းနဲ့ဆက်မှာလေ"

"ရပါတယ်. . . ကိစ္စမရှိပါဘူး"

နန်းချယ်ရီက အပေါ်ထပ်မှဆင်းသွားလေသည်။ ကိုကိုတို့လက်ထပ်တာ သုံးလရှိသွားပြီတဲ့။ ဒီသုံးလတာကာလမှာ သူမဘယ်နေရာမှာရှိနေသလဲ။ ဘယ်ကိုရောက်နေတာလဲမသိ ဘာဆိုဘာမှ မသိပါလား။

လူက အချိန်အတော်ကြာသည်အထိ မတ်တတ်ရပ်လျက် အငိုပွားယ်မှဲ့ငေးမောနေမိသည်။ ခြေထောက်တွေညောင်းလာတော့မှ အိမ်ထဲသို့ပြန်ဝင်လာခဲ့၏။ အခန်းဘက်လျှောက်လာစဉ် ဘုရားခန်းရှေ့မှအဖြတ် ဘုရားဖူးချင်စိတ်ကြောင့် ဘုရားခန်းတွင်းဝင်လာခဲ့မိသည်။

မနန်း, တင်ပေးထားသဖြင့် ဘုရားစင်မှာ ဘုရားပန်းတွေဝေဆာနေလေသည်။ မီးပူဖော်ထားသည့်လျှပ်စစ်မီးမှ ရောင်စုံအလင်းတန်းလေးတွေဖြာထွက်နေသည်က ဗုဒ္ဓမြတ်စွာထံမှ ရောင်





ခြည်တော်တွေ ကွန့်မြူးနေသလိုပင်. . .

ဘုရားစင်ရှေ့မှာ ဒူးထောက်၍ထိုင်ချလိုက်၏။ လက်အုပ်မချီနိုင်သဖြင့် မျက်စိမှိတ်ကာပင် ဘုရားကိုအာရုံပြုလိုက်ရသည်။ နာရီဝက်ကျော်သွားမှာ အာရုံပြုတာကိုရပ်လိုက်၏။ ဒူးပြန်ထောက်လျက် မတ်တတ်ရပ်လိုက်စဉ် ဘုရားစင်အောက်ရှိ မှန်ဗီရိုတွင်းမှ Plastic ယပ်တောင်လေးတွေက အထပ်လိုက်ရှိမနေဘဲ လေးငါးခုက စောင်းကျနေသဖြင့် အမြင်ကောင်းစေရန် ပြန်ထပ်လျှင်ကောင်းမှာမို့ ဗီရိုကိုဖွင့်လိုက်သည်။ ရွှေရောင်စာလုံးလေးတွေဖြင့်ရေးထားသည့် စာတန်းလေးကို အမှတ်တမဲ့ဖတ်လိုက်မိ၏။

'ရွက်ဝါဝါ

အသက် (၁၈)နှစ်

(၂၀-၁၂-၂၀၀၃)ရက်နေ့တွင် ကွယ်လွန်သည်'

ဘုရားရေ. . . ရွက်ဝါဝါဆိုပါလား။ ရွက်ဝါဝါဆိုတာ သူမပေါ့။ ရေးပေါ့. . . ရေး. . . ရေးက သေသွားပြီတဲ့၊ ဟုတ်ရဲ့လား။ ရေးက သေပြီးသားလူတဲ့လား။ ဒါဖြင့် ဒီဒဏ်ရာဒဏ်ချက်တွေနဲ့ကိုယ်ခန္ဓာဟာ ရေးမဟုတ်ဘူးလား။

ဘုရား. . . ဘုရား. . . ဘာတွေဖြစ်ကုန်ပြီလဲ။ လူက ဒိုဘ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲဖြစ်သွားပြီး ဗီရိုကိုလှမ်းဆွဲလိုက်စဉ် ဗီရိုပေါ်တင်ထားသည့် ဖန်ပန်းအိုးလေးကို တိုက်မိသွားလေ၏။

"ခွမ်း! "

"ရေး"

နောက်ပါးဆီမှ အပြေးဝင်လာသည့်ကိုကိုက သူမကိုနောက်ကျောမှ သိုင်းဖက်လိုက်လေ၏။

"ရေး. . . ရေး. . . သတိထားလေ"

"ကိုကို, ရေးက. . . ရေးက. . . သေပြီးသားလူလားဟင်"

"မဟုတ်ရပါဘူး ရေးရယ်။ ဒီအကြောင်းတွေ ကိုကို, ရေးနားလည်အောင် ပြောပြပါ့မယ်။ လာ. . . အပေါ်ထပ်ဧည့်ခန်းမှာပဲ ထိုင်ကြရအောင်"

ကိုကိုက သူမ၏မျက်ရည်တွေကို တယုတယဖြင့်သုတ်ပေးလိုက်ပြီး ဧည့်ခန်းရှိရာဆီ ခေါ်လာခဲ့လေသည်။ ဆိုဖာပေါ်မှာ နှစ်ယောက်အတူ ထိုင်ချလိုက်ကာ သူမ၏ပျောက်ဆုံးနေသည့် သုံးလတာအတိတ်ကာလကို ဖြည်းဖြည်းချင်းပြောပြလေသည်။

"အဲဒီနေ့က ရေးထွက်သွားပြီး တော်တော်လေးကြာမှ အိမ်ကကားနဲ့ ကိုကိုလိုက်ခဲ့တာ။ လမ်းစပြတ်သွားလို့ လမ်းမှာတွေ့သမျှ





လူတွေကို Taxi နံပါတ်မေးတော့ ဓာတ်ဆီဆိုင်က စစ်ကိုင်းဘက်ကို ညွှန်လိုက်တယ်။ ဒါနဲ့ဆက်လိုက်ခဲ့တော့ လမ်းကွေ့က ချောက်ထဲမှာ ကားလေးကကျပြီး မီးလောင်နေပြီ။ အလောင်းတွေဆွဲထုတ်ကြတော့ နောက်ခန်းက မီးကျွမ်းနေတဲ့မိန်းကလေးအလောင်းနဲ့ ရှေ့ခန်းက ကားဒရိုင်ဘာအလောင်းကိုရတယ်။ မိန်းကလေးအလောင်းက ကျောပိုးအိတ်လေးက မီးလောင်ပေမယ့် တစ်ပိုင်းတစ်စလေးကျန်တာကိုကြည့်တော့ ရေးလွယ်နေကျ သျှားညိုရောင်အိတ်လေးပဲ။ ဒီတော့. . . ရေးရဲ့အလောင်းပဲဆိုပြီး ကိုကိုသင်္ဂြိုဟ်လိုက်တာပါ"

"ဒါဆို. . . ဒါဆို. . . အဲဒါနေခြည့်အလောင်းပေါ့"

"အင်း. . . တိုက်ဆိုင်သွားတာက နေခြည်က သူ့ကောင်လေးနဲ့ အိမ်ကသဘောမတူလို့ လစ်ဖို့ကြံစည်နေတာတဲ့။ နေခြည်ပျောက်သွားတော့ သူ့မိဘတွေက စိတ်ဆိုးပြီး အမွေဖြတ်လိုက်ကြလေရဲ့။ အဲဒီအချိန်ကစပြီး နေခြည့်ရဲ့သတင်းလည်း စုပ်စမြုပ်စပျောက်သွားခဲ့တာကိုး"

"ဒါဆို ကိုကိုတို့ ဒီကြားထဲမှာလက်ထပ်ဖြစ်ခဲ့တာပေါ့"

"ဟုတ်တယ်. . . ချယ်ရီက သူ့ကြောင့် ရေးဒီလိုဖြစ်ရတာဆိုပြီး အတန်တန်ငြင်းပါသေးတယ်။ နောက်မှ အသိမိတ်ဆွေတွေရော



www.burmeseclassic.com

www.burmeseclassic.com



ရပ်တွေရပ်မျိုးတွေကပါ အတင်းတိုက်တွန်းလို့ လက်ထပ်ဖြစ်ခဲ့တာ။ ညီမသေတဲ့တစ်နှစ်တည်းမှာ ဘာမှမကြာသေးခင် ယူခဲ့ရလို့ မင်္ဂလာတောင်မဆောင်တော့ဘဲ ဘုန်းကြီးတွေပင့်ပြီး မင်္ဂလာဆွမ်းပဲ ကျွေးဖြစ်ခဲ့တာပါ"

"ဒါဖြင့် အဲဒီသုံးလတာကာလမှာ ရေးဘယ်ရောက်နေတာလဲ။ ဘယ်မှာရှိနေတာလဲဟင်. . . ကိုကိုသိလား"

"သိတယ်. . . ကိုကိုသိတာ သိပ်မကြာသေးဘူး။ အဲဒီကာလတွေမှာ ရေးဟာ သူတော်ကောင်းတွေလက်ထဲမှာ ကောင်းမွန်စွာရောက်နေတာပါ"

"ဘယ်နေရာလဲဟင်"

"ရန်ကုန်"

"ရန်ကုန်မှာ! ဒီလောက်အဝေးကြီးကို ရေးဘယ်လိုရောက်သွားရတာလဲ"

"စွဲလမ်းစိတ်တစ်ခုရဲ့ဆွဲအားနဲ့ ရေး့ရောက်သွားရတာပေါ့"

သူမ တအံ့တသြမျက်နှာဖြင့် ကိုကို့ကိုမော့ကြည့်လိုက်မိ၏။ ကိုကိုက သူမခေါင်းလေးကိုအသာပုတ်လိုက်ပြီး ပြုံးကြည့်နေလေသည်။

ရွှေပဒေသာစာပေ



"အဲဒီ. . . အဲဒီလိပ်စာကို ကိုကိုသိတယ်ပေါ့"

"သိတာပေါ့. . . ရေးအလွတ်ရနေတဲ့လိပ်စာလေးပဲဟာ"

"ရေးအလွတ်ရနေတဲ့လိပ်စာ။ ဟုတ်လားကိုကို"

"ဟုတ်တယ်. . . ရေးဘဝမှာ စွဲစွဲလမ်းလမ်းရှိနေခဲ့တဲ့လူတစ်ယောက်ရှိနေခဲ့တယ်။ အဲဒီလူအပေါ်မှာ ရေးတွယ်တာခဲ့တယ်။ သံယောဇဉ်ရှိခဲ့တယ်။ အဲဒီလူကလည်း ရေးအပေါ်မှာ တကယ့်ကိုမေတ္တာစစ်နဲ့ချစ်ခဲ့ရှာတာပါ။ ဒါပေမဲ့. . . အခုလို ရေးအတိတ်ကိုပြန်သတိရသွားတော့ သူ့ကိုမေ့သွားတယ်လေ။ ဒီတော့. . . အဲဒီရန်ကုန်မှာ သူ ရင်ကွဲပက်လက်နဲ့ အသည်းကွဲပြီး ကျန်ရစ်ခဲ့ရတာပါ"

"ဘယ်သူလဲဟင်"

"ကိုကိုမပြောချင်ဘူး။ ရေးဟာရေး စဉ်းစားကြည့်လိုက်ပါ။ ရေးရဲ့အာရုံမှန်သမျှဟာ သူ့အပေါ်မှာပဲ တစိုက်မတ်မတ်ရှိနေတာအမှန်ပဲ"

"ရှင်! "

ကိုကိုက သူမဆံပင်လေးတွေကိုထိုးဖွ၍ ဆော့ကစားလိုက်ပြီး ပြုံးစိစိမျက်နှာဖြင့် သူမအနီးမှထထွက်သွားလေ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . . ဘုရား. . . ဒီသုံးလတာအတွင်းမှာ သူမမှာ ချစ်သူတစ်ယောက်ရှိခဲ့တာ တကယ့်အမှန်ပေါ့။ ထူးဆန်းလိုက်တာ၊ ဒီလိုအတိတ်မေ့နေတဲ့ဝေဒနာတွေနဲ့ ဘယ်လိုဦးနှောက်တွေ နှလုံးသားတွေနဲ့များ၊ သူစိမ်းယောကျ်ားတစ်ယောက်ကို ချစ်ခဲ့ရတာတဲ့လဲ။

အာရုံမှာ ဖျတ်ခနဲပေါ်လာသည့် လူတစ်ယောက်၏ပုံရိပ်ကြောင့် သူမမျက်နှာလေး ရဲခနဲဖြစ်သွားရ၏။ ပြီးနောက်. . . ညာလက်လေးကို အသာထောင်ကြည့်လိုက်မိသည်။ တရင်းတနှီးသိနေသည့်အသိ၊ အမြတ်တနိုးကြည့်လာသည့်မျက်ဝန်းတို့ကို ပြန်မြင်ယောင်မိစဉ် သူမနှလုံးခုန်သံတို့ တဒိတ်ဒိတ်မြန်လာလေတော့၏။

သူ. . .။ ဟုတ်တယ်. . . သူပဲဖြစ်နိုင်ပါတယ်လေ။

❁ ❁ ❁



တစ်လခန့်ကြာပြီးသည့်နောက်...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၉ )

'ငြိမ်းချမ်းပြည့်စုံ' ဟု ဆိုင်းဘုတ်တပ်ထားသည့်ခြံဝင်းလေးရှေ့မှာ Taxi တစ်စီး ထိုးဆိုက်လာလေ၏။ Taxi ပေါ်မှ အင်မတန်ခေတ်မီလှပလွန်းပါသည့်မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။ ငါးပေခန့်သာရှိသည့် တံခါးမှသံချိတ်ကွင်းလေးကို ခြေဖျားထောက်ဖွင့်လိုက်ပြီး ခြံထဲသို့ဝင်လာခဲ့၏။ တစ်ထပ်သစ်သား အိမ်မည်းမည်းလေးရှေ့မှာ အသာရပ်လိုက်လေသည်။

ဒါ. . . သူ့အိမ်ပေါ့. . .။ ဒီအိမ်လေးထဲမှာ သူနဲ့အတူ သူ့သူငယ်ချင်းနှစ်ယောက်ပါ ရှိနေတယ်တဲ့။ သူမကို ရုတ်တရက်မြင်



www.burmeseclassic.com

www.burmeseclassic.com



သွားလျှင် သူ့အံ့ဩသွားလေမလား။ ဝမ်းသာအားရဖြစ်သွားလေမလား။ ဒါမှမဟုတ် . . . ဝမ်းနည်းကြေကွဲသည့်အကြည့်တို့ဖြင့် သူမကို စိုက်ကြည့်လေမလား။ တစ်ခုမှ မရေရာမသေချာပါချေ။

လှေကားသုံးထစ်ကိုအသာတက်ခဲ့ပြီး ဖိနပ်ချွတ်မှာရပ်လျက် သစ်သားတံခါးလေးကို အသာခေါက်လိုက်ပါ၏။

"ဒေါက်! . . . ဒေါက်! "

"ဒေါက်! . . . ဒေါက်! "

"လာပြီဟေ့ . . . စောစောစီးစီး ဘယ်သူလာပြန်လဲမသိပါဘူး။ အဲဒီပြည့်စုံဟာ စာမူတွေမြန်မြန်သွားပို့ပါပြောလည်းမရ . . . ဘာမရ . . . အတော်လက်ပေါက်ကပ်တဲ့ကောင်။ မင်းထုတ်ဝေသူလိုက်လာတာပဲနေမှာပေါ့။ စာအုပ်က အဆက်ပြတ်နေတာ ဘယ်လောက်ကြာနေပြီလဲ"

"ဒေါက်! . . . ဒေါက်! "

"ဩော် . . . လာပါပြီဆိုနေမှ . . . ကျွတ်"

တံခါးဂလန့်ဖြုတ်သံ ဂလောက်ခနဲကျသွားပြီး သစ်သားတံခါးပွင့်သွားစဉ် နှုတ်ခမ်းမွေးကားကားနှင့်လူတစ်ယောက် ရပ်နေလေ၏။





"ကိုကိုရော"

"ဟင်! "

"ဟာ . . . ကိုကိုရောလို့မေးနေတယ်လေ။ ဒါလေးတောင်မှ မကြားဘူးလား။ ဒီလောက်အနီးကပ်ပြောနေတာတောင် နားလေးနေလား"

ကောင်မလေးက ခြေတစ်ချက်ဆောင့်၍အော်လိုက်သဖြင့် ခြေကျင်းဝတ်မှတပ်ထားသည့် Foot - Chain လေးတွေထံမှ ခြူသံလေးတွေမြည်သွားလေ၏။

"ဟာ . . . မေးနေတယ်လေ။ ကိုကိုရောလို့"

"ရှိ . . . ရှိတယ် . . . ပြည့် . . . ပြည့်စုံရေ . . . ဒီမှာ"

"အေး . . . လာပြီဟေ့"

မျက်နှာသုတ်ပဝါသုတ်ရင်း လိုက်ကာကိုဖယ်လျက် လူတစ်ယောက်ထွက်လာလေ၏။ တအံ့တဩမျက်နှာဖြင့် သူမကိုငေးခနဲကြည့်နေသည့်မျက်ဝန်းတို့ကြောင့် သူမပြုံးလိုက်မိသည်။ သေချာပါတယ်။ ဒါဟာ . . . သူမရဲ့နှလုံးသား . . . သူမရဲ့ကိုကိုပါပဲ။

"မင်း . . . မင်း"

သူ့စကားမဆုံးခင် သူမက အိမ်ထဲအပြေးဝင်သွားရင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



လည်ကုပ်ကိုဆွဲခိုလျက် မေးဖျားလေးကို နမ်းရှိုက်လိုက်လေ၏။

"ရေး"

"ဟုတ်တယ်. . . ရေးပါပဲ။ ကိုကို့ရဲ့ရေးလေ. . . ကိုကိုနဲ့အတူ နေတော့မယ်လို့ဆုံးဖြတ်ပြီး ရောက်လာတာပါ"

"တကယ်. . . တကယ်နော်, ရေး။ ကိုယ် အိပ်မက်,မက်နေ တာတော့ မဟုတ်လောက်ပါဘူးနော်"

"တကယ်ပါကိုကိုရဲ့။ ရေးဟာ ကိုကို့ရဲ့ရေးအစစ်အမှန်ပါပဲ ကွယ်"

"ဝမ်းသာလိုက်တာ. . . ရေးရယ်"

ယတ်ခနဲသိမ်းကျုံးဖက်လိုက်သည့် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ သူမကိုယ်လုံးလေး နစ်မြုပ်သွားလေတော့သည်။ ဒီလိုဆုံစည်းမှုတွေဟာ အိပ်မက်တစ်ခုပဲဖြစ်နေပါစေဦးတော့. . . အဲဒီအိပ်မက်ကို တစ်သက်တာအတွက် စွဲစွဲမြဲမြဲမက်သွားချင်တာအမှန်ပါပဲရေးရယ်။

ပြီးပါပြီ။


လေးစားလျက်။။

မမသဒ္ဒါမောင်
23rd May 2008
pm 9:10

[‘ရေထဲမှာ’ ကဗျာကို ဖန်တီးပေးသည့် ‘ဇီအုံကုန်း’ ဘုရားကျောင်းမှ CE လူငယ်အဖွဲ့အား ကျေးဇူးအထူးတင်ရှိပါသည်]

www.burmeseclassic.com

www.burmeseclassic.com



# မမသဒ္ဒါမောင်

## ကိုကို့နဲ့ပဲ နေမယ်စိတ်ကူးတယ်

GRAPHIC DESIGNED BY YuWa

ရွှေပဒေသာစာပေ

www.burmeseclassic.com